ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

၁၃၈၄ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်၊ စနေနေ့။ Saturday, 11 June 2022 ၁၀၇၆၃

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

# စစ်သည်တစ်ဦးချင်းမှသည် တပ်တစ်တပ်ချင်းအလိုက် ယင်းမှတစ်ဆင့် စည်းကမ်းစနစ်တကျရှိသည့် တပ်မတော်ကို တည်ဆောက်ရမည် ဦးစီးခေါင်းဆောင်များအနေဖြင့် ဘက်ပေါင်းစုံမှ စဉ်းစားတွေးခေါ်ဆောင်ရွက်၍ ကွပ်ကဲအုပ်ချုပ်ကြရန်လိုအပ်

နေပြည်တော် ဇွန် ၁၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် သန်လျင်တပ်နယ်နှင့် ဒလတပ်နယ်တို့ရှိ နယ်မြေခံရေတပ်စခန်းဌာနချုပ်များမှ ဌာနချုပ်မှူးများနှင့် အရာရှိကြီးများအား ဗိုလ်တထောင်မြို့နယ်ရှိ ရေဝတီရေတပ်စခန်းဌာနချုပ်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✰


**ယနေ့ ဖတ်စရာ**

**ရန်ကုန်မြို့ရှိ အမေရိကန်သံအမတ်ကြီးထံသို့ မြန်မာပြည်သူတစ်ဦး၏ အိတ်ဖွင့်ပေးစာ**

ဆောင်းပါး စာမျက်နှာ » ၆

**ငြိမ်းချမ်းစွာအဖြေရှာခြင်းနောက်ကွယ်က စေ့စပ်ညှိနှိုင်းခြင်းစွမ်းရည်နှင့် ပင်ကိုအရည်အသွေး**

ဆောင်းပါး စာမျက်နှာ » ၁၀



**ရသစုံလင် ရုပ်စုံသဘင်**

ဆောင်းပါး စာမျက်နှာ » ၁၇




ကြေးမုံ

# စီးပွားရေးမောင်းနှင်အား ထုတ်လုပ်မှုစွမ်းအားမြှင့်တင်

နိုင်ငံတစ်နိုင်ငံတွင် စီးပွားရေးကောင်းမွန်ရေးသည် အဓိကကျသည့် အချက်ဖြစ်သည်။ တိုင်းပြည်တွင် မည်သည့်အခြေအနေရှိနေသည်ဖြစ်စေ စီးပွားရေးလည်ပတ်ကောင်းမွန်မှသာ ပြည်သူများဘဝရပ်တည်ရှင်သန်နိုင်မည်ဖြစ်သည်။ သမိုင်းတွင် အစိုးရနှင့် ပြည်သူ ပြည်သားများသည် စစ်အတွင်းကာလ၌ပင် စီးပွားရေးအတွက် မဖြစ်မနေ လုပ်ကိုင်ဆောင်ရွက်ကြရသည်။ စီးပွားရေးသည် အရာရာကိုဖန်တီးဖြေရှင်းနိုင်သဖြင့် စီးပွားရေးကို ကြိုးပမ်းလုပ်ကိုင်ကြရမည် ဖြစ်သည်။

“နိုင်ငံတစ်နိုင်ငံကို တည်ဆောက်မောင်းနှင်ကြရာတွင် နိုင်ငံရေးမောင်းနှင်အား၊ စီးပွားရေးမောင်းနှင်အားနှင့် ကာကွယ်ရေးမောင်းနှင်အားဟူ၍ မောင်းနှင်အားသုံးမျိုးရှိကြောင်း၊ နိုင်ငံရေးတည်ငြိမ်မှု၊ စည်းလုံးမှုရှိပါက နိုင်ငံရေးအား ကောင်းမွန်ပြီး စစ်ရေးအင်အား၊ လုံခြုံရေးအင်အားကောင်းမွန်ပါက ကာကွယ်ရေးအင်အား ကောင်းမွန်မည်ဖြစ်ကြောင်း၊ ယင်းအင်အားနှစ်ခု ကောင်းမွန်ရန်အတွက် အခြေခံမှာ စီးပွားရေးအင်အားဖြစ်၍ စီးပွားရေးမောင်းနှင်အားသည် တိုင်းပြည်အတွက် အဓိကကျကြောင်း” နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဇွန်လ ၉ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ပြောကြားခဲ့သည်။

မျက်မှောက်ကာလတွင် ကမ္ဘာပေါ်ရှိနိုင်ငံများကို လေ့လာကြည့်လျှင် ကိုဗစ်-၁၉ ရောဂါကို ကြာရှည်ရင်ဆိုင်ကြုံတွေ့နေကြပြီး အချို့နိုင်ငံများတွင် နိုင်ငံရေးမတည်ငြိမ်မှု၊ ပဋိပက္ခများနှင့် စစ်ပွဲများကြုံတွေ့နေသည်ကို တွေ့ရမည်ဖြစ်သည်။ နိုင်ငံများသည် ပဋိပက္ခအမျိုးမျိုး၊ ရောဂါဘေးအန္တရာယ်အသွယ်သွယ် ကြုံတွေ့နေကြရသော်လည်း မိမိနိုင်ငံ၏ စီးပွားရေးကို တိုးတက်လာအောင် ကြိုးပမ်းလုပ်ကိုင်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံရေးပြဿနာ၊ ရောဂါဘေးအန္တရာယ် အခက်အခဲမျိုးစုံကြုံတွေ့နေသော်လည်း နိုင်ငံသူနိုင်ငံသားများ ဘဝရှင်သန်ရပ်တည်နေထိုင်ရေးအတွက် စီးပွားရေးကို ရုန်းကန်လှုပ်ရှားလုပ်ကိုင်နေသည်ကို တွေ့ရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ကို တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးဟူသည့် အချက်နှစ်ချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်နှစ်ရပ် အောင်မြင်စေရန်အတွက် စီးပွားရေးတိုးတက်ကောင်းမွန်လာရေးသည် အဓိကကျသည့်အချက်ဖြစ်၍ နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်လာစေရန် ကုန်ထုတ်စွမ်းအားမြှင့်မားတိုးတက်ရေးကို တွန်းအားပေးဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် သဘာဝအခြေခံကောင်းများရှိသည့် ရေခံ၊ မြေခံကောင်းမွန်သောနိုင်ငံဖြစ်သည်။ တိုင်းပြည်တွင် ရေးအစဉ်အဆက် စားနပ်ရိက္ခာပေါများကြွယ်ဝခဲ့ပြီး စီးပွားရေးနှင့် လူနေမှုဘဝ သင့်တင့်မျှတကောင်းမွန်သောနိုင်ငံဖြစ်သည်။ သို့သော် တိုင်းပြည်တွင် အခက်အခဲပြဿနာ၊ စိန်ခေါ်မှုအမျိုးမျိုးတို့ကြောင့် တိုင်းပြည်စီးပွားရေးမှာ တိုးတက်သင့်သလောက် မတိုးတက်ဘဲရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။ အမှန်တကယ်တွင် ရေခံ၊ မြေခံကောင်းများရှိသော မြန်မာနိုင်ငံတွင် ညီညီညွတ်ညွတ် တက်ညီလက်ညီ အလုပ်လုပ်ကြပါက နိုင်ငံ့စီးပွားရေးသည် သိသာစွာတိုးတက်လာမည်မှာသေချာသည်။

ထို့ကြောင့် တိုင်းပြည်စီးပွားရေးဦးမော့လာရေးအတွက် မြို့နယ်အဆင့်မှ ခရိုင်အဆင့်၊ ခရိုင်အဆင့်မှ တိုင်း၊ ပြည်နယ်အဆင့်၊ တိုင်း၊ ပြည်နယ်အဆင့်မှ နိုင်ငံတော်အဆင့်အထိ တိုးတက်လာအောင် စီမံကိန်းအမျိုးမျိုးဖြင့် အဆင့်ဆင့်ကြိုးပမ်းဆောင်ရွက်ကြမည်ဆိုလျှင် တဖြည်းဖြည်းဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသောနိုင်ငံဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အခြေခံကောင်းများရှိသော်လည်း ကုန်ထုတ်လုပ်မှုစွမ်းအားအားနည်းနေသည်။ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များကို အလေးထားဆောင်ရွက်ပြီး သက်ဆိုင်ရာကဏ္ဍများအလိုက် စိုက်ပျိုးစွမ်းအားမြှင့်မားတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

စိုက်ကေများတွင် အထွက်နှုန်းတိုးရေး၊ မျိုးကောင်းမျိုးသန့်ရရှိရေး၊ ခေတ်မီနည်းစနစ်များဖြင့် ထွန်ယက်စိုက်ပျိုးထုတ်လုပ်ရေး၊ တစ်သီးစိုက်ကေများတွင် သီးထပ်၊ သီးညှပ်၊ နှစ်သီး၊ သုံးသီး စိုက်ပျိုးထုတ်လုပ်ရေး၊ စပါးပြီးလျှင် ဆီထွက်သီးနှံအမျိုးမျိုး၊ ပဲမျိုးစုံသီးနှံအမျိုးမျိုးတို့ကို တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်အောင်၊ ပံ့ပိုးဖြည့်ဆည်းပေးနိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ကုန်ထုတ်လုပ်မှုမြှင့်မားတိုးတက်ရေးတွင် လျှပ်စစ်စွမ်းအားအပြည့်အဝရရှိရေးသည်လည်း အရေးကြီးသဖြင့် နိုင်ငံတော်အစိုးရက လျှပ်စစ်ဓာတ်အား တိုးတက်ထုတ်လုပ်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့ ဒေသအလိုက် လျှပ်စစ်စွမ်းအားထုတ်လုပ်နိုင်ရေးကိုလည်း ကြိုးပမ်းကြံစည်ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတစ်နိုင်ငံတွင် စီးပွားရေးကောင်းမွန်ရေးသည် အဓိကကျသော အချက်ဖြစ်၍ အနှောင့်အယှက် အဟန့်အတား အခက်အခဲများရှိသည့်ကြားမှ နိုင်ငံ့စီးပွားတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်နေကြပြီဖြစ်ရာ ပြည်ပသွင်းကုန်လျှော့ချရေး၊ ပြည်ပသွင်းကုန်အစားထိုးထုတ်လုပ်ရေးကို ကြိုးပမ်းဆောင်ရွက်ကြပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ဝိုင်းဝန်းမြှင့်တင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

# ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဖျာပုံအကျဉ်းထောင်အား ကြည့်ရှုစစ်ဆေး

ဖျာပုံ ဇွန် ၁၀

ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဒေါ်ယဉ်ယဉ်ဟန်သည် ရုံးအဖွဲ့မှူး ဦးကျော်စိုးညွှန့်၊ ဖျာပုံခရိုင်တရားသူကြီး ဒေါ်သူဇာအေး တို့နှင့်အတူ ယနေ့နံနက်ပိုင်းက ဖျာပုံအကျဉ်းထောင်အား ကြည့်ရှုစစ်ဆေးရာ ဖျာပုံမြို့အကျဉ်းထောင်တာဝန်ခံအရာရှိက အကျဉ်းထောင်အတွင်း အခြေအနေများကို ရှင်းလင်းတင်ပြသည်။



ထို့နောက် ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးနှင့် တာဝန်ရှိသူများသည်အကျဉ်းထောင်အတွင်း အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများ နေထိုင်သည့် အဆောင်များနှင့် စားဖိုဆောင်၊ ဆေးပေးခန်းနှင့် စာကြည့်တိုက်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ၎င်းတို့၏ ဥပဒေပါအခွင့်အရေးများရရှိခြင်း ရှိ၊ မရှိ၊ နေရာထိုင်ခင်း သက်သာချောင်ချိမှု ရှိ၊ မရှိ၊ အစာအာဟာရ သင့်တင့်မျှတမှု ရှိ၊ မရှိ၊ ကျန်းမာရေး စောင့်ရှောက်မှုအခြေအနေနှင့် အသက်မွေးဝမ်းကျောင်းအတတ်ပညာသင်ကြားမှု အခြေအနေကို ကြည့်ရှုစစ်ဆေးမေးမြန်းခဲ့ပြီး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန် အကျဉ်းထောင်မှ တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# သနပ်ပင်မြို့နယ်၌ လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများအကြောင်း ဟောပြော

သနပ်ပင် ဇွန် ၁၀

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၁-၂၀၂၂ ခြောက်လဘဏ္ဍာနှစ်မှစတင်၍ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် သနပ်ပင်မြို့နယ် ဖရဲကျေးရွာ၌ ပဲခူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လူမှုကာကွယ်ရေးအစီအစဉ်အရ ပဲခူးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနနှင့်ပူးပေါင်း၍ အသိပညာပေး ဟောပြောဆွေးနွေးခြင်းကို ဇွန် ၉ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။



အဆိုပါ အသိပညာပေး ဟောပြောဆွေးနွေးပွဲတွင် ပဲခူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါက အဖွင့်အမှာစကားပြောကြားခဲ့ပြီး သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာဦးရွှေက ဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ယဉ်ယဉ်ပြုံးက လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများအကြောင်း ဟောပြောဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသော ကျေးရွာလူထုက သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့မှုအပေါ် ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။ ၂၂၂

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၀ - ၆ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၆၀၀ | ၇,၆၀၀ | ၄၉ | ၃၇၂,၄၀၀ |
| MTSH | ၂,၇၀၀ | ၂,၇၀၀ | ၅၉၈ | ၁,၆၁၄,၆၀၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၄ | ၃၂,၀၀၀ |
| FPB | ၁၈,၀၀၀ | ၁၈,၀၀၀ | ၁၀ | ၁၈၀,၀၀၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၇၁ | ၁၈၄,၆၀၀ |
| EFR | ၂,၆၅၀ | ၂,၅၅၀ | ၇၁ | ၁၈၃,၀၅၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၁၀ | ၅၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇွန် ၁၀

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၈၅၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၁၉၆၀.၅ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၂၇၆.၄၂ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၃.၂၁၄ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၂၀.၂၆ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၇၇၀ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၁၇.၃ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၃၉.၃ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၃၈၂.၃ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၅.၇၁ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သန်လျင်တပ်နယ်နှင့် ဒလတပ်နယ်တို့ရှိ နယ်မြေခံရေတပ်စခန်းဌာနချုပ်များမှ ဌာနချုပ်မှူးများနှင့် အရာရှိကြီးများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**☆ ထူးချွန်ခြင်း၊ ကျွမ်းကျင်ခြင်းသည် တာဝန်တစ်ခု၊ နယ်ပယ်တစ်ခုအတွက်သာဖြစ်ပြီး ဘက်ပေါင်းစုံမှ တွေးခေါ်မြော်မြင်မှုကောင်းစွာဖြင့် ဆောင်ရွက်တတ်ခြင်းသည် ခေါင်းဆောင်မှုကောင်းခြင်းဖြစ်**

**☆ ယင်းသို့ဖြစ်ရန် မိမိကိုယ်တိုင်လေ့လာအားထုတ်မှုပြုရမည်**

**☆ ရှေ့ဖုံးမှ**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ သန်လျင်တပ်နယ်နှင့် ဒလတပ်နယ်တို့ရှိ နယ်မြေခံရေတပ်စခန်းဌာနချုပ်များမှ ဌာနချုပ်မှူးများနှင့် အရာရှိကြီးများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူတစ်ဦးက တပ်ဌာနချုပ်သမိုင်းအကျဉ်း၊ တပ်တည်ဆောက်ရေးလုပ်ငန်းကြီး(၄)ရပ် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ဒေသခံပြည်သူများအား ကျန်းမာရေးအပါအဝင် အခြားလိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မှု၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ရေကြောင်းလုံခြုံရေးဆိုင်ရာ ဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များ ပြန်လည်မှာကြားသည်။

**ရေကြောင်းသွားလာမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို လိုက်နာမှုရှိစေရေး စနစ်တကျဖြင့် ကွပ်ကဲကြပ်မတ်ရမည်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်က ချမှတ်ထားသည့် ရေကြောင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို လိုက်နာမှုရှိစေရေး စနစ်တကျဖြင့် ကွပ်ကဲကြပ်မတ်ရမည်ဖြစ်သကဲ့သို့ စည်းကမ်းချိုးဖောက်သည့် ရေယာဉ်များ၊ သင်္ဘောများမရှိစေရေး ဆောင်ရွက်ရန်နှင့် တရားမဝင် ကုန်ပစ္စည်းများ ရောင်းဝယ်ဖောက်ကား သယ်ဆောင်နေမှုများ မရှိစေရေး တားဆီးဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**ခေါင်းဆောင်မှုအခန်းကဏ္ဍ**

တပ်ဌာနချုပ်တစ်ခု၏ ကောင်းခြင်း၊ မကောင်းခြင်းသည် ယင်းတပ်ကို ဦးဆောင်ရသည့် ဦးစီးခေါင်းဆောင်များနှင့် တိုက်ရိုက်သက်ဆိုင်မှုရှိပြီး ခေါင်းဆောင်မှုကောင်းစွာဖြင့် ကွပ်ကဲအုပ်ချုပ်နိုင်မှသာလျှင် တပ်ကောင်းတစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း၊ မိမိ၏ခေါင်းဆောင်မှုကို မြှင့်တင်နိုင်ရေးအတွက် ထိုးထွင်းတီထွင်ကြံဆ လုပ်ဆောင်နိုင်မှုနှင့် ခေါင်းဆောင်ကောင်း တစ်ယောက်နှင့်လျော်ညီစွာ နေထိုင်ပြောဆို လုပ်ကိုင်ဆောင်ရွက်မှုတို့သည်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ အကျင့်စာရိတ္တကောင်းမွန်မှသာလျှင် လုပ်ဆောင်ပြုမူပြောဆိုချက်များသည်လည်း ကောင်းမွန်မည်ဖြစ်ကြောင်းနှင့် မိမိကွပ်ကဲအုပ်ချုပ်ရသူများ၏ စိတ်နေသဘောထားနှင့် လုပ်ဆောင်နိုင်စွမ်းများ၊ အားသာချက်၊ အားနည်းချက်များကိုလည်း သိရှိအောင်ဆောင်ရွက်ရန်လိုပြီး ထိုသို့သိရှိနေမှသာလျှင် လူမှန်နေရာမှန်နေရာချထား၍ ကွပ်ကဲအုပ်ချုပ်နိုင်မည်ဖြစ်ကြောင်း၊ ခေါင်းဆောင်များအနေဖြင့် မိမိကိုယ်တိုင် စနစ်တကျ နေထိုင်သွားလာတတ်မှုနှင့် မိမိတာဝန်ယူရသည့် တပ်ဌာနချုပ်ကို ကောင်းမွန်အောင် ကွပ်ကဲအုပ်ချုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပြီး နေ့စဉ်လုပ်ဆောင်ရမည့်တာဝန်များကို မှန်မှန်ကန်ကန်ဖြင့် လုပ်ဆောင်နေရမည်ဖြစ်ကြောင်း။

မိမိကွပ်ကဲအုပ်ချုပ်ရသည့် အရာရှိ၊ စစ်သည်များကို စည်းကမ်းတကျ နေထိုင်ပြောဆိုတတ်စေရန် ကြပ်မတ်ဆောင်ရွက်စေခြင်းသည် လေ့ကျင့်ပေးနေခြင်းပင်ဖြစ်ကြောင်း၊ ထိုသို့လုပ်ဆောင်စေခြင်းဖြင့် စစ်သည်တစ်ဦးချင်းမှသည် တပ်တစ်တပ်ချင်းအလိုက် ယင်းမှတစ်ဆင့် စည်းကမ်းစနစ်တကျရှိသည့် တပ်မတော်ကို တည်ဆောက်ရမည်ဖြစ်ကြောင်း၊ ဦးစီးခေါင်းဆောင်များအနေဖြင့် ဘက်ပေါင်းစုံမှ စဉ်းစားတွေးခေါ်ဆောင်ရွက်၍ ကွပ်ကဲအုပ်ချုပ်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ အဆင့်ဆင့်သော ကွပ်ကဲအုပ်ချုပ်မှုများဖြင့် စည်းကမ်းစနစ်တကျရှိနေရမည်ဖြစ်ပြီး လုပ်ငန်းစဉ်များအားလုံးကို အဆင့်အလိုက် မှန်မှန်ကန်ကန်ဖြစ်နေရမည်ဖြစ်ကြောင်း၊ **ထူးချွန်ခြင်း၊ ကျွမ်းကျင်ခြင်းသည် တာဝန်တစ်ခု၊ နယ်ပယ်တစ်ခုအတွက်သာဖြစ်ပြီး ဘက်ပေါင်းစုံမှ တွေးခေါ်မြော်မြင်မှုကောင်းစွာဖြင့် ဆောင်ရွက်တတ်ခြင်းသည် ခေါင်းဆောင်မှုကောင်းခြင်းဖြစ်ကြောင်း၊ ယင်းသို့ဖြစ်ရန် မိမိကိုယ်တိုင်လေ့လာအားထုတ်မှုပြုရမည်ဖြစ်**ကြောင်း၊ မိမိတို့ တာဝန်ယူဆောင်ရွက်နေရသည့် တပ်များကို စနစ်တကျဖြင့် ကွပ်ကဲအုပ်ချုပ်နိုင်ရန်နှင့် တပ်တစ်တပ်ချင်းမှအစပြု၍ စည်းကမ်းစနစ်တကျရှိပြီး အမိန့်နာခံမှုအားကောင်းသည့် တပ်မတော်ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံစာရေးဆရာအသင်းက ကြီးမှူးဆောင်ရွက်သည့် ပခုက္ကူစာပေဆုရန်ပုံငွေကြီးကြပ်ရေးကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇွန် ၁၀**

မြန်မာနိုင်ငံ စာရေးဆရာအသင်းက ကြီးမှူးဆောင်ရွက်သည့်ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီ အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံ စာရေးဆရာအသင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌနှင့် ပခုက္ကူစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)၊ ပခုက္ကူစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးသိန်းခိုင်ဦး (ပခုက္ကူမြို့ကိုယ်စားလှယ်)နှင့် ဦးမျိုးထွန်း (မောင်စိမ်းနောင် - လယ်ဝေး)၊ အတွင်းရေးမှူး ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်)နှင့် အဖွဲ့ဝင်များ၊ စာပေဗိမာန် စာတည်းမှူးချုပ် ဦးတိုးကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပခုက္ကူဦးအုံးဖေစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ အတွင်းရေးမှူး ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်)က ရန်ပုံငွေအခြေအနေနှင့် ၂၀၂၀ ပြည့်နှစ်အတွက် ပခုက္ကူစာပေဆုချီးမြှင့်ပွဲ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ရှင်းလင်းတင်ပြကာ တက်ရောက်လာကြသူများက ဆွေးနွေးညှိနှိုင်းကြပြီး ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ပြည်နယ်နှင့်တိုင်းဒေသကြီး ရိုးရာခြင်းလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနား တက်ရောက်ကြည့်ရှုအားပေး

**နေပြည်တော် ဇွန် ၁၀**

မြန်မာ့ရိုးရာခြင်းလုံးအားကစား ဖွံ့ဖြိုးတိုးတက် လာစေရန်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်ရွက်ပုန်းသီး အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်ကျင်းပသည့် ၂၀၂၂ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ရိုးရာခြင်းလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပသည်။





**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် မန်းငြိမ်းမောင်၊ ဦးခင်မောင်ဆွေ၊ Jeng Phang နော်တောင်၊ စောဒန်နီယယ်၊ ဒေါက်တာ ဗညားအောင်မိုးနှင့် ဦးရွှေကြိမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင်ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက မြန်မာ့ရိုးရာ ခြင်းလုံးခတ်ကစားခြင်းကို ပြည်သူလူထုအတွင်း တစ်နှစ်ထက်တစ်နှစ် စိမ့်ဝင်တိုးတက်လာစေပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ် တစ်ရပ်အဖြစ် ထိန်းသိမ်းမြှင့်တင်ရန်နှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်လာစေရေးအတွက် ယခုကဲ့သို့ ပြိုင်ပွဲများကို ကျင်းပပေးခြင်းဖြစ်ကြောင်း၊ ခြင်းလုံးခတ်ကစားခြင်းသည် မြန်မာ့ယဉ်ကျေးမှုကို အခြေခံသည့် ရိုးရာအားကစားနည်းဖြစ်ကြောင်း၊ ပြည်သူများ လက်လှမ်းမီပြီး လွယ်ကူစွာကစားနိုင်သော အားကစားနည်း ဖြစ်သည့်အပြင် ကျန်းမာရေးအတွက် များစွာ အထောက်အကူ ပြုကြောင်း၊ **“အပေးအယူ ချစ်ကြည်ဖြူ ခြင်းမူ စာဂမျှစိတ္တ”**ဆိုသည့် ခြင်းလုံးအားကစား ဆောင်ပုဒ်အတိုင်း ခြင်းလုံး အားကစားနည်းသည် ခြင်းဝိုင်းအတွင်း ကစားသူအချင်းချင်း အပေးအယူမျှတသည့်စိတ်၊ တစ်ဦးနှင့်တစ်ဦး ချစ်ခင်ကြည်ဖြူသည့်စိတ်၊ တရားမျှတသည့်စိတ်များ မွေးမြူဖော်ဆောင်ပြီး ကစားရသည့် အားကစားနည်းတစ်ခုလည်းဖြစ်ကြောင်း၊ နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် မြန်မာ့ရိုးရာခြင်းလုံး အားကစားနည်း အောင်မြင်မှု ရရှိစေရန်အတွက် အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အားကစားသမားများ အနေဖြင့် ဆတက်ထမ်းပိုး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန်လို ကြောင်း၊ ယခုပြိုင်ပွဲမှတစ်ဆင့် ချစ်ကြည်ပူးပေါင်းမှု ရရှိပြီး ပြည်ထောင်စုစိတ်ဓာတ် တိုးတက်မြင့်မားရေး၊ အမျိုးသားရေး စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ ခြင်းလုံးအားကစား ပိုမိုရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ထူးချွန်သော ရိုးရာခြင်းလုံး အားကစားသမားများ ပေါ်ပေါက်လာစေရေးတို့အတွက် အစွမ်းကုန်ကြိုးပမ်း ယှဉ်ပြိုင်သွားကြရန် လိုကြောင်း ပြောကြားသည်။

**ကြည့်ရှုအားပေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး ဝိုင်းဖွဲ့ခြင်းလုံးခတ် (အမျိုးသမီး) ပွဲစဉ်များအဖြစ် မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအသင်း ယှဉ်ပြိုင်ကစားနေမှုကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအသင်း ယှဉ်ပြိုင်ကစားနေမှုကိုလည်းကောင်း၊ မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်မှ သရုပ်ပြခြင်းလုံးခတ်ကစားနေမှုကိုလည်းကောင်း ကြည့်ရှုအားပေးကြသည်။

၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ရိုးရာခြင်းလုံးပြိုင်ပွဲကို ဇွန် ၁၀ ရက်မှ ၁၃ ရက်အထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပသွားမည်ဖြစ်ပြီး ရိုးရာခြင်းလုံးအားကစားနည်းကို စိတ်ပါဝင်စားသည့်မည်သူမဆိုအခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရုပ်ရှင်၊ ဂီတ၊ သဘင် ပဒေသာကပွဲကျင်းပရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇွန် ၁၀**

ရုပ်ရှင်၊ ဂီတ၊ သဘင် ပဒေသာကပွဲကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။



**တက်ရောက်**

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဒါရိုက်တာ စင်ရော်မောင်မောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယက ဦးအောင်လွင်၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးလွင်မြင့်၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံး အတွင်းရေးမှူး ဦးနေဝင်းနှင့် ရုပ်ရှင်၊ ဂီတ၊ သဘင်တို့မှ အနုပညာရှင်များက အွန်လိုင်းမှ ပါဝင်တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက “ရုပ်ရှင်၊ ဂီတ၊ သဘင်အနုပညာ နယ်ပယ်သုံးခုမှ အနုပညာရှင်၊ အတတ်ပညာရှင်များ ပူးပေါင်းပြီး ပဒေသာကပွဲကြီးတစ်ခု ကျင်းပရန်အတွက် ယခုလို လုပ်ငန်းကြိုတင်ညှိနှိုင်းအစည်းအဝေး ပြုလုပ်ရခြင်းဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါဆိုင်ရာကန့်သတ်ချက်များနှင့် အခြားသော အကြောင်းအရာများကြောင့် ခေတ္တရပ်နားထားခဲ့ရသည့် ဖျော်ဖြေတင်ဆက်ရေးလုပ်ငန်းများကို ပြန်လည်စတင်ဆောင်ရွက်နိုင်ရန်နှင့် အနုပညာနယ်ပယ်အသီးသီးမှ အနုပညာရှင်များအားလုံး မိမိတို့၏ အနုပညာလုပ်ငန်းများ ပြန်လည်စတင် လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် ရည်ရွယ်ပြီး အနုပညာမောင်နှမများ၏ စွမ်းအားနှင့် စုပေါင်းပါဝင်သည့် ပဒေသာကပွဲကြီး ကျင်းပပြုလုပ်ရန် ရည်မှန်းထားကြောင်း။

စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်စသည့် အနုပညာအဖွဲ့အစည်းများသည် ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက် ပြောင်းလဲခဲ့ချိန်များတွင်လည်း အစိုးရ၏ မူဝါဒအပေါ် မူတည်ပြီး နိုင်ငံတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရှိရကြောင်း၊ အနုပညာရှင်ဆိုသည်မှာ ပြည်သူများအားလုံး၏ စိတ်ခံစားမှုများကို ပြောင်းလဲစေနိုင်ပြီး ပြည်သူလူထုကို အသိပညာပေးခြင်း၊ ဖျော်ဖြေမှုရသပေးခြင်းများနှင့်အတူ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် အမျိုးသားရေး စရိုက်လက္ခဏာများကို ထိန်းသိမ်းပြီး နိုင်ငံ၏ ရေစီးကြောင်းပေါ်တွင် ပါလာအောင် စည်းရုံးလှုံ့ဆော်နိုင်ခဲ့ကြသူများဖြစ်ကြောင်း။

**အကြံပြုဆွေးနွေးပေးစေလို**

နိုင်ငံတော်အနေဖြင့်လည်း မိမိတို့၏ ပြည်တွင်းအင်အားစုများဖြစ်သော စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင် စသည်တို့မှ အနုပညာရှင်များကို အမြဲမပြတ် ကူညီပံ့ပိုးပေးလျက်ရှိသလို အနုပညာရှင်များကလည်း မိမိတို့တတ်ကျွမ်းသည့် အနုပညာရပ်နှင့် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို ခေတ်အဆက်ဆက် သယ်ပိုးပေးခဲ့ကြသည်ကို သမိုင်းမှတ်တမ်းတွင် တင်ထားနိုင်ခဲ့ကြောင်း၊ ယခုလည်း ရုပ်ရှင်၊ ဂီတ၊ သဘင် ပဒေသာကပွဲ ကျင်းပနိုင်ရေးအတွက် ယခင်ကလို အနုပညာရှင်များ၏ စုပေါင်းစွမ်းအားနှင့် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ပေးမည်ဟု ယုံကြည်ကြောင်း၊ ယခုလို ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ နယ်ပယ်အလိုက် ပါဝင်ဆောင်ရွက်နိုင်မည့် ဆောင်ရွက်သင့်သည့် အစီအစဉ်များ၊ လိုအပ်ချက်များကို အကြံပြုဆွေးနွေးပေးစေလိုကြောင်း။

ကိုဗစ်-၁၉ ကာလတွင် ပြည်သူများ၏ ညှိုးနွမ်းနေသည့် စိတ်နှလုံးများ၊ ရပ်တန့်ခဲ့ရသည့် ယန္တရားများ၊ ပြန်လည်ပတ်စပြုနေသည့် လုပ်ငန်းများကို မိမိတို့ အနုပညာရှင်များက ယနေ့အချိန်အခါတွင် ခေတ်အဆက်ဆက် အမျိုးသားရေးတာဝန်ကျေမှု၊ တီထွင်ကြိုးပမ်းအားထုတ်မှု၊ ညီညီညွတ်ညွတ်ပူးပေါင်းဆောင်ရွက်မှုဆိုသည့် ရုပ်ရှင်၊ ဂီတ၊ သဘင် အဖွဲ့အစည်းများ၏ အစဉ်အလာကောင်းများနှင့်အညီ တိုင်းရင်းသားပြည်သူအားလုံး၏ စိတ်နှလုံးကို ထာဝရချမ်းမြေ့ပျော်ရွှင်နေအောင် အနုပညာစွမ်းပကားနှင့် သယ်ပိုးထမ်းဆောင်ရင်း အနုပညာလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြုပေးကြပါ”ဟု ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ရုပ်ရှင်၊ ဂီတ၊ သဘင် ပဒေသာကပွဲ ကျင်းပပြုလုပ်မည့်အစီအစဉ် အကြမ်းဖျင်းကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနာယက ဦးအောင်လွင်၊ မြန်မာနိုင်ငံဂီတ အစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးလွင်မြင့်နှင့် မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံး အတွင်းရေးမှူး ဦးနေဝင်းတို့က ရုပ်ရှင်၊ ဂီတ၊ သဘင် ပဒေသာကပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာကြသည့် ရုပ်ရှင်၊ ဂီတ၊ သဘင်မှ အနုပညာရှင်၊ အတတ်ပညာရှင်များက ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များနှင့် ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး အမေရိကန်ပြည်ထောင်စု ဂျွန်ဟော့ကင်းစ်တက္ကသိုလ် အရှေ့တောင်အာရှလေ့လာရေးဌာန ဂုဏ်ထူးဆောင်ပါမောက္ခ ကာဒီဂျက်ဆန်ကို လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၁၀**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးသည် အမေရိကန် ပြည်ထောင်စု ဂျွန်ဟော့ကင်းစ် တက္ကသိုလ် အရှေ့တောင်အာရှ လေ့လာရေးဌာန ဂုဏ်ထူးဆောင်ပါမောက္ခ ကာဒီဂျက်ဆန်ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။



**မေးမြန်း**

တွေ့ဆုံစဉ် ဂုဏ်ထူးဆောင်ပါမောက္ခ ကာဒီဂျက်ဆန်က ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့်အညီ ဆောင်ရွက်နေမှု အခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် အခြေအနေ၊ ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် ဆောင်ရွက်နေမှု အခြေအနေများနှင့် သိရှိလိုသည်များကို မေးမြန်းသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် လက်ရှိဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံနှင့်သင့်လျော်သည့် အချိုးကျကိုယ်စားပြုစနစ် ပြောင်းလဲကျင့်သုံးနိုင်ရေး သဘောတူညီခဲ့ပြီးဖြစ်ကြောင်း၊ သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများကိုလည်း ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် အလေးထားပြီး မြေပြင်လူဦးရေစာရင်းများ တိုက်ဆိုင်စစ်ဆေးခြင်း၊ စိစစ်ခြင်းနှင့် ပြုစုခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း ၊ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲများကျင်းပပေးနိုင်ရေး ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်ရှိ ဝန်ထမ်းများကို လေ့ကျင့်သင်တန်းပေးခြင်း၊ ပြုစုပျိုးထောင်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း။

ရွေးကောက်ပွဲများ ကျင်းပရာတွင်လည်း ပြည်တွင်း၊ ပြည်ပမှလေ့လာသူများကို ဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့် မိမိတို့နိုင်ငံအတွင်းရှိ နိုင်ငံရေးပါတီများ၊ ဝင်ရောက်ယှဉ်ပြိုင်ကြသူများ၊ မဲဆန္ဒရှင်ပြည်သူများက လက်ခံသည့် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ ဖြစ်အောင်ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် အခြေအနေအရ နိုင်ငံတော်အာဏာကို ထိန်းသိမ်းခဲ့ရသော်လည်း ရှေ့လုပ်ငန်းစဉ် (၅) ရပ် နှင့်အညီ ဆောင်ရွက်နိုင်ရန် နိုင်ငံရေးပါတီဝင်မဟုတ်သူများ၊ အတွေ့အကြုံရှိသူများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ဖွဲ့စည်းပေးခဲ့ကြောင်း၊ ရွေးကောက်ပွဲ ပြန်လည် ကျင်းပပေးနိုင်ရေး ဦးတည်ဆောင်ရွက်ခဲ့ပြီး မိမိတို့ကော်မရှင်၏ အဓိကတာဝန်မှာ ရွေးကောက်ပွဲ ကျင်းပပေးရန်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ ကျင်းပပေးနိုင်ရေးအတွက် နိုင်ငံတော် တည်ငြိမ်အေးချမ်းရန် လိုအပ်ကြောင်း၊ မိမိတို့ကော်မရှင်အနေဖြင့် ဥပဒေနှင့်အညီ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဖြစ်ရန် မှန်မှန်ကန်ကန် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဂုဏ်ထူးဆောင်ပါမောက္ခ ကာဒီဂျက်ဆန်က ကော်မရှင်၏ ပြင်ဆင်ဆောင်ရွက်နေမှု၊ လုပ်ဆောင်နေမှုများကိုသိရှိရသည့်အတွက် အထင်ကြီးလေးစားမိကြောင်း၊ မိမိအနေဖြင့် နိုင်ငံတကာက သိရှိအောင် ပြန်လည် သတင်းစကားပါးပေးမည်ဖြစ်ကြောင်း၊ လိုအပ်သောအကူအညီများရှိပါက ကူညီဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး အခြေခံလေ့ကျင့်ရေးသင်တန်းအမှတ်စဉ် (၁/၂၀၂၂) ဆင်းပွဲကျင်းပ

**နေပြည်တော် ဇွန် ၁၀**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး အခြေခံလေ့ကျင့်ရေး သင်တန်းအမှတ်စဉ် (၁/၂၀၂၂) ဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး စုပေါင်းခန်းမ၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ထုတ်ပြန်ထားသော စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ကျင်းပသည်။

အခမ်းအနားသို့ ကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် သင်တန်းသားသင်တန်းသူ ၅၁ ဦး တက်ရောက်ခဲ့ကြသည်။






သင်တန်းဆင်းပွဲအခမ်းအနားတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးတင်ဦးက သင်တန်းတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၊ နည်းဥပဒေ၊ ကော်မရှင်ကျင့်ဝတ်၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ ရုံးလုပ်ငန်းလက်စွဲ၊ ဘဏ္ဍာရေးစည်းမျဉ်း၊ စတိုပစ္စည်းစာရင်းထားနည်း၊ အမှုတွဲထိန်းသိမ်းနည်း၊ လုပ်ငန်းကော်မတီ၊ ဌာနများ၏ဆောင်ရွက်ချက်များ၊ စုံစမ်းစစ်ဆေးခြင်းလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ပို့ချသင်ကြားပေးခဲ့သည့်အတွက် ဝန်ထမ်းသစ်များအနေဖြင့် လုပ်ငန်းသဘောတရားများကို အတိုင်းအတာတစ်ခုအထိ သဘောပေါက်နားလည်မည်ဟု ယုံကြည်ကြောင်း၊ ဝန်ထမ်းသစ်များအနေဖြင့် ယနေ့မှစ၍ လုပ်ငန်းခွင်သို့ ဝင်ရောက်ရတော့မည်ဖြစ်ရာ သက်ဆိုင်ရာဌာနခွဲအသီးသီးတွင် တာဝန်ထမ်းဆောင်ရာ၌ သင်တန်းမှပို့ချပေးလိုက်သည့် သင်ခန်းစာများကို အခြေခံ၍ လုပ်ငန်းခွင်တွင် ထပ်မံလေ့လာသင်ယူပြီး စနစ်တကျ လုပ်ကိုင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ကော်မရှင်ရုံးဝန်ထမ်းများအနေဖြင့် ဖြောင့်မတ်တည်ကြည်မှု၊ လွတ်လပ်စွာရပ်တည်နိုင်မှု၊ တာဝန်ယူမှု၊ ပွင့်လင်းမြင်သာမှု၊ မျှတမှု၊ အားလုံးပါဝင်နိုင်မှု အစရှိသည့် အခြေခံမှုများကို လိုက်နာကျင့်သုံးရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများ၏ လုပ်ကိုင်ဆောင်ရွက်ချက်၊ နေထိုင်ပြောဆိုမှုများသည် ကော်မရှင်ရုံး၏ဂုဏ်သိက္ခာနှင့် တိုက်ရိုက်သက်ဆိုင်နေသည်ကို သိရှိရန်လိုကြောင်း။

ဝန်ထမ်းသစ်များအနေဖြင့် ကော်မရှင်၏ရည်မှန်းချက်၊ ဦးတည်ချက်များကို အောင်မြင်ရန် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်သည်ကို အမြဲနှလုံးသွင်းထားရန်လိုကြောင်း၊ ဝန်ထမ်းများသည် အနာဂတ်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အတွက် အားကိုးအားထားပြုရသည့်၊ ယုံကြည်စိတ်ချရသည့် ဝန်ထမ်းများ၊ နိုင်ငံတော်အတွက် အကျိုးကျေးဇူးများစွာကို ဖန်တီးပေးနိုင်သည့် ဝန်ထမ်းကောင်းများအဖြစ် ရပ်တည်နိုင်ကြစေရန် ဆန္ဒပြုကြောင်း ပြောကြားသည်။

ယင်းနောက် ကော်မရှင်ဥက္ကဋ္ဌက သင်တန်းတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိခဲ့ကြသည့် သင်တန်းသားသုံးဦးအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့်ဆုများ ချီးမြှင့်ပေးအပ်ပြီး သင်တန်းတက်ရောက်ခဲ့ကြသည့် သင်တန်းသား ၅၁ ဦးကိုယ်စား သင်တန်းသားတစ်ဦးအား သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၁၂ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်ထုတ်ပေး

**ရန်ကုန် ဇွန် ၁၀**

၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ မကျန်းမာမှုနှင့်ဆိုင်သည့် ငွေကြေးအကျိုးခံစားခွင့်၊ မီးဖွားမှုနှင့်ဆိုင်သည့် ငွေကြေးအကျိုးခံစားခွင့်နှင့် လူမှုဖူလုံရေးထောက်ပံ့ငွေ ၄၀ ရာခိုင်နှုန်း ထုတ်ပေးသည့် အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ City Mart Holding Co.,Ltd. သင်တန်းခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးအဖွဲ့ တိုင်းတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးရဲဇော်ဝင်းက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေအကြောင်း ရှင်းလင်းပြောကြားပြီး မြို့နယ်လူမှုဖူလုံရေးရုံးခွဲ(၈)တွင် အကျိုးဝင်မှတ်ပုံတင်ထားသည့် City Mart Holding Co.,Ltd. ရှိ အလုပ်ဌာနများမှ အာမခံအလုပ်သမားများ၏ မကျန်းမာမှုနှင့်ဆိုင်သည့် ငွေကြေးအကျိုးခံစားခွင့်၊ မီးဖွားမှုနှင့်ဆိုင်သည့် ငွေကြေးအကျိုးခံစားခွင့်နှင့် လူမှုဖူလုံရေးထောက်ပံ့ငွေ ၄၀ ရာခိုင်နှုန်းအတွက် ခွင့်ပြုငွေ စုစုပေါင်းငွေကျပ် ၁၅၁၆၉၃၂၈၁ ကျပ်ကို အလုပ်သမားများကိုယ်စား အလုပ်ဌာနတာဝန်ရှိသူထံသို့ အလုပ်သမားအဖွဲ့အစည်းမှ ကိုယ်စားလှယ်များ၊ City Mart Holding Co., Ltd.က တာဝန်ရှိသူများရှေ့တွင် ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရန်ကုန်မြို့ရှိ အမေရိကန်သံအမတ်ကြီးထံသို့ မြန်မာပြည်သူတစ်ဦး၏အိတ်ဖွင့်ပေးစာ

## မြန်မာနိုင်ငံသားတစ်ဦး

ကျွန်တော်ကတော့ မြန်မာပြည်သူ တစ်ဦးပါ။ US-ASEAN ၏ ပြောရေးဆိုခွင့်ရှိသူ Mr. Jason Seymour နှင့် သံအမတ်ကြီးတို့ရဲ့ ပြောကြားချက် ဗီဒီယိုဖိုင်ကို မြင်တွေ့ခဲ့ရပြီး မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအရေးကိစ္စမှာ အမေရိကန်နိုင်ငံရဲ့ ရပ်တည်ဆောင်ရွက်ချက်တွေက လမ်းကြောင်းလွဲနေပြီး မြန်မာနိုင်ငံမှာ အကြမ်းဖက်မှုတွေ ပိုမိုဖြစ်ပွားအောင် လုပ်နေတယ်လို့ ခံစားရတဲ့ ပြည်သူတစ်ယောက်အနေနဲ့ စာရေးသားပေးပို့ရခြင်း ဖြစ်ပါတယ်။ ယခုစာဟာ မိမိရဲ့ပုဂ္ဂိုလ်ရေးအမြင်သာ ဖြစ်ပါတယ်။

**လက်ရှိ နိုင်ငံတွင်းမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဆန့်ကျင်နေတာ NUG၊ PDF နဲ့ အကြမ်းဖက်အုပ်စုတွေသာဖြစ်ပြီး မြန်မာပြည်သူအားလုံး မဟုတ်ပါဘူး။ ပြည်သူအများစု လိုလားတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက မယိမ်းယိုင်အောင် ထိန်းကျောင်းပေးနေတာ မိမိတို့ပြည်သူအများစုက နားလည်ကြသလို လက်ရှိအချိန်မှာ ပြည်သူအများစုဟာ တည်ငြိမ်အေးချမ်း ပြီး ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတစ်ခုကိုသာ လိုလားနေတယ်ဆိုတာကိုလည်း သိစေလိုပါတယ်။**

"ဘုံသဘောတူညီချက် ငါးရပ်ကို သိသာထင်ရှားတဲ့ တိုးတက်ပြောင်းလဲမှုတွေ လုပ်ဆောင်ဖို့ ပျက်ကွက်ခဲ့လို့" ဆိုပြီးအကြောင်းရှာပြီး အာဆီယံထိပ်သီးအစည်းအဝေးတွေမှာ နိုင်ငံရေးနဲ့ဆိုင်တဲ့ ပုဂ္ဂိုလ်မတက်ရဘူးဆိုပြီး ကန့်သတ်နေတာထက် လက်ရှိဖြစ်ပေါ်နေတဲ့ အကြမ်းဖက်မှုတွေ ရပ်တန့်ဖို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ အကြမ်းဖက်မှု တန်ပြန်တိုက်ဖျက်ရေး၊ စစ်ဆင်ရေးတွေနဲ့ တည်ငြိမ်အေးချမ်းအောင် အတတ်နိုင်ဆုံး ကြိုးစားနေတာကို အသိအမှတ်ပြုသင့်ပါတယ်။ ဒါဆို ဘာလို့ အကြမ်းဖက်မှုတွေ ဆက်ဖြစ်နေတာလဲဆိုရင်တော့ ယခုလို အကြမ်းဖက်မှုတွေကို ထောက်ပံ့အားပေးနေတဲ့သူတွေ ရှိနေလို့ပဲဖြစ်ပါတယ်။ NUG၊ PDF အဖွဲ့တွေရဲ့ လုပ်ရပ်တွေက ဘယ်နိုင်ငံမှာမှ လက်မခံနိုင်တဲ့ အကြမ်းဖက်လုပ်ရပ်တွေဆိုတာ ဘယ်လိုမှ ငြင်းလို့မရနိုင်ပါဘူး။ အဲဒီလို အကြမ်းဖက်လုပ်တဲ့အဖွဲ့တွေနဲ့ ထိတွေ့ဆက်ဆံနေတာဟာ အကြမ်းဖက်ဝါဒကို အားပေးနေတာလို့ပဲ မြင်ပါတယ်။

| NUG,PDF တို့၏ တိုက်ခိုက်မှုခံခဲ့ရသည့် ကျန်းမာရေးဝန်ထမ်းများစာရင်း (၁ ဖေ ၂၀၂၁ – ၁၅ မေ ၂၀၂၂) | | | |
|---|---|---|---|
| တိုင်းနှင့်ပြည်နယ် | ဒဏ်ရာရ | သေဆုံး | ပေါင်း |
| ကချင် | - | - | - |
| ကယား | - | - | - |
| ချင်း | - | - | - |
| စစ်ကိုင်း | ၉ | ၂ | ၁၁ |
| တနင်္သာရီ | - | - | - |
| ပဲခူး | ၁ | - | ၁ |
| မကွေး | ၂ | ၃ | ၅ |
| မန္တလေး | ၁ | ၂ | ၃ |
| မွန် | ၁ | - | ၁ |
| ရန်ကုန် | ၂ | - | ၂ |
| ရှမ်း | - | ၁ | ၁ |
| ဧရာဝတီ | - | - | - |
| Total | ၁၆ | ၈ | ၂၄ |

| NUG, PDF တို့၏ ကိုဗစ်စင်တာများအား အကြမ်းဖက်တိုက်ခိုက်မှု (၁ ဖေ ၂၀၂၁ – ၂၃ မေ ၂၀၂၂) | | | |
|---|---|---|---|
| တိုင်း/ပြည်နယ် | တိုက်ခိုက်မှု | ဒဏ်ရာရ | သေဆုံး |
| ကချင် | ၄ ကြိမ် | - | - |
| ကရင် | ၁ ကြိမ် | ၁ | - |
| ချင်း | ၁ ကြိမ် | - | - |
| စစ်ကိုင်း | ၈ ကြိမ် | ၁၃ | ၃ |
| တနင်္သာရီ | ၁ ကြိမ် | ၁ | ၁ |
| ပဲခူး | ၂ ကြိမ် | ၁ | - |
| မကွေး | ၂ ကြိမ် | ၁ | ၁ |
| မန္တလေး | ၆ ကြိမ် | ၃ | ၆ |
| မွန် | ၁ ကြိမ် | - | - |
| ရန်ကုန် | ၄ ကြိမ် | ၅ | ၁ |
| ရှမ်း | ၃ ကြိမ် | ၃ | ၃ |
| ဧရာဝတီ | ၄ ကြိမ် | ၅ | ၁ |
| စုစုပေါင်း | ၃၇ ကြိမ် | ၃၃ | ၁၆ |

| NUG, PDF တို့၏ အပြစ်မဲ့ပြည်သူများအပေါ် ဒလန်ဟုစွပ်စွဲသတ်ဖြတ်မှုများ (၁ ဖေ ၂၀၂၁ – ၁၅ မေ ၂၀၂၂) | | |
|---|---|---|
| တိုင်း/ပြည်နယ် | အပြစ်မဲ့ပြည်သူ(ဒဏ်ရာရ) | အပြစ်မဲ့ပြည်သူ(သေဆုံး) |
| နေပြည်တော် | ၁၆ | ၁၂ |
| ကချင် | ၆၅ | ၇၄ |
| ကယား | ၂ | ၁၂ |
| ကရင် | ၄၁ | ၃၆ |
| ချင်း | ၁၆ | ၂၀ |
| မွန် | ၁၁၂ | ၈၆ |
| ရခိုင် | ၁ | ၂ |
| ရှမ်း | ၁၄၁ | ၈၅ |
| ပဲခူး | ၁၂၉ | ၁၄၂ |
| စစ်ကိုင်း | ၅၂၁ | ၁၀၁၉ |
| မကွေး | ၁၅၀ | ၃၄၄ |
| မန္တလေး | ၃၉၅ | ၃၈၀ |
| တနင်္သာရီ | ၈၃ | ၁၂၅ |
| ရန်ကုန် | ၃၈၉ | ၄၁၁ |
| ဧရာဝတီ | ၆၃ | ၄၈ |
| စုစုပေါင်း | ၂၁၂၄ ဦး | ၂၇၉၆ ဦး |

နောက်တစ်ချက်က ဘုံသဘောတူညီချက် ငါးရပ်ကို အကောင်အထည်ဖော်တဲ့နေရာမှာလည်း လက်ရှိအစိုးရအနေနဲ့ အကြမ်းဖက်မှုတွေရပ်တန့်ပြီး တည်ငြိမ်အေးချမ်းအောင် လုပ်ဆောင်နေတာ၊ အကြမ်းဖက်မှုကျူးလွန်သူ၊ လှုံ့ဆော်သူတွေကလွဲလို့ အခြားပြစ်မှုကျူးလွန်ထားသူတွေကို ပြစ်ဒဏ်မှ လျှော့ချပေးတာ၊ လွတ်ငြိမ်းချမ်းသာခွင့်ပေးတာ၊ အာဆီယံ လူသားချင်း စာနာထောက်ထားမှု အကူအညီတွေ ရယူရေးတို့မှာ ပူးပေါင်းဆောင်ရွက်နေတာတွေ ရှိပါတယ်။ ဒါတွေကို မျက်ကွယ်ပြုပြီး သံအမတ်ကြီးတို့ တွေ့စေချင်တဲ့သူကို မတွေ့ရတာနဲ့ ဘာမှဖြစ်ပေါ်တိုးတက်မှု မရှိဘူးဆိုပြီး ပြောဆိုတာတွေကလည်း ကိုယ်လိုရာဆွဲပြောပြီး အနိုင်ကျင့်ဖိအားပေးသလို ဖြစ်နေပါတယ်။

ဒါ့အပြင် ဘက်လိုက်ရေးတတ်တဲ့ မီဒီယာတွေရဲ့ ရေးသားဖော်ပြချက်တွေကို ကြည့်ပြီး NUG၊ PDF တို့ကို ပြည်သူတစ်ရပ်လုံးက ထောက်ခံနေတဲ့ပုံစံနဲ့ ပုံဖော်ပြီး ထိတွေ့ဆက်ဆံပြတာ၊ နိုင်ငံတကာမှာ သူတို့ရဲ့ပုံရိပ်ကို မြှင့်တင်ပေးဖို့ ကြိုးစားနေတာတွေကလည်း အကြမ်းဖက်မှုလုပ်ဆောင်နေသူတွေကို ကာကွယ်ပေးသလိုဖြစ်ပြီး မြန်မာနိုင်ငံတွင်းမှာ အကြမ်းဖက်မှုတွေ ပိုမိုဖြစ်ပေါ်လာဖို့ မီးစာထိုးပေးသလို ဖြစ်နေတယ်ဆိုတာ ပြောချင်ပါတယ်။ နိုင်ငံတစ်ဝန်းလုံးမှာ NUG၊ PDF နဲ့ NLD အစွန်းရောက်တွေဟာ သူတို့ကိုမထောက်ခံလို့၊ သူတို့နဲ့ မပူးပေါင်းလို့ဆိုပြီး သာမန်အပြစ်မဲ့ပြည်သူတွေကို ရက်ရက်စက်စက်သတ်ဖြတ်တာ၊ ဖုံးခွဲတာ၊ မီးရှို့တာတွေကဲ့သို့ အကြမ်းဖက်တိုက်ခိုက်မှုပေါင်း ၇၀၀၀ ကျော်ကျူးလွန်ခဲ့ပြီး လူပေါင်း ၃၀၀၀ နီးပါး သေဆုံးခဲ့ရပါတယ်။ အဲဒီအရေးအတွက်ဟာ သာမန်အရပ်သားပြည်သူတွေ သက်သက်သာ ဖြစ်ပါတယ်။ **စာမျက်နှာ ၇ သို့** ○

> **မြန်မာနိုင်ငံမှာလည်း ခေတ်အဆက်ဆက် ပိတ်ဆို့မှုတွေလုပ်ခဲ့လို့ အစိုးရပြုတ်ကျသွားတယ်ဆိုတာ ဘယ်တုန်းကမှ မရှိခဲ့ပါဘူး။ အခုလည်း စစ်တပ်နဲ့ သူတို့ကိုပံ့ပိုးကူညီနေသူတွေကို ပစ်မှတ်ထားပိတ်ဆို့တယ်လို့ ပြောနေပေမဲ့ အမှန်တကယ်မှာတော့ ပိတ်ဆို့အရေးယူမှုတွေကြောင့် စီးပွားရေးကျပ်တည်းမှုကို အမှန်တကယ်ခံစားရတာ ငါတို့လို သာမန်ပြည်သူလူထုကိုယ်တိုင်ပဲဖြစ်**

| NUG, PDF တို့၏ တိုက်ခိုက်မှုကြောင့် ရဟန်းသံဃာများနှင့် သီလရှင်များ ဒဏ်ရာရ/သေဆုံးစာရင်း (၁ ဖေ ၂၀၂၁ – ၁၅ မေ ၂၀၂၂) | | | | | | |
|---|---|---|---|---|---|---|
| တိုင်း/ပြည်နယ် | ဒဏ်ရာရသံဃာ | ဒဏ်ရာရသီလရှင် | စုစုပေါင်း | သေဆုံးသံဃာ | သေဆုံးသီလရှင် | စုစုပေါင်း |
| ကချင် | ၁ | - | ၁ | ၂ | - | ၂ |
| ကရင် | ၁ | - | ၁ | - | - | - |
| ချင်း | - | - | - | ၁ | - | ၁ |
| စစ်ကိုင်း | ၈ | ၁ | ၉ | ၂၆ | - | ၂၆ |
| မကွေး | ၂ | - | ၂ | ၇ | ၁ | ၈ |
| မန္တလေး | ၂ | - | ၂ | ၈ | - | ၈ |
| ရှမ်း | ၁ | - | ၁ | - | - | - |
| ရန်ကုန် | - | - | - | ၁ | - | ၁ |
| ဧရာဝတီ | ၁ | - | ၁ | - | - | - |
| ပဲခူး | ၂ | - | ၂ | ၁ | - | ၁ |
| မွန် | ၂ | - | ၂ | ၂ | - | ၂ |
| စုစုပေါင်း | ၂၀ | ၁ | ၂၁ | ၄၈ | ၁ | ၄၉ |

# ပိဋကသုံးပုံပါဠိတော်ကို ပါဠိ - ရိုမန် စိစစ်တည်းဖြတ်မှု အောင်မြင်ပြီးဆုံးခြင်းအထိမ်းအမှတ်နှင့် တက္ကသိုလ် လေးခုရှိ ဆရာတော်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ဆက်ကပ်လှူဒါန်းခြင်းအခမ်းအနား ကျင်းပ



နေပြည်တော် ဇွန် ၁၀

ပိဋကသုံးပုံပါဠိတော်ကို ပါဠိ - ရိုမန် စိစစ်တည်းဖြတ်မှု အောင်မြင်ပြီးဆုံးခြင်း အထိမ်းအမှတ်နှင့် တက္ကသိုလ် လေးခုရှိ ဆရာတော်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် သီတဂူအပြည်ပြည်ဆိုင်ရာ ဝိပဿနာတက္ကသိုလ် (စစ်ကိုင်း) သီတဂူသံဝေဇနီယဓမ္မဗိမာန်တော်၌ ကျင်းပသည်။

အခမ်းအနားသို့ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ၊ သောဠသမဏ္ဍွေကျောင်း သာသနာပိုင်၊ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရ အမှူးပြုသော ဆရာတော်ကြီး ၁၈ ပါး ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်သည်။

ဦးစွာ သီတဂူဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် သီတဂူဆရာတော်ကြီးက ဂုဏ်ပြုဩဝါဒကထာ ချီးမြှင့်ရာတွင် မြန်မာနိုင်ငံ၌ ထေရဝါဒ ဗုဒ္ဓဘာသာ ငါးနိုင်ငံမှ သံဃာတော်များဖြင့် စုပေါင်းကျင်းပခဲ့သော ဆဋ္ဌသင်္ဂါယနာတင် ပါဠိတော်များကို ပြည်ပနိုင်ငံများမှ ပုဂ္ဂိုလ်များဖတ်ရှုနိုင်ရေး ရိုမန်အက္ခရာဖြင့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် ကျောက်စာချပ်များအဖြစ်ရေးထိုးနိုင်ရန် သာသနာ့တက္ကသိုလ်ကြီး လေးခုမှ သံဃာတော်များက စိစစ်တည်းဖြတ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း၊ မိမိတို့ သီတဂူအပြည်ပြည်ဆိုင်ရာဝိပဿနာတက္ကသိုလ်များမှ သံဃာတော်များသည် တာဝန်ကျသော ကျမ်းစာများကို ခုနစ်ကြိမ်တိုင်တိုင် စိစစ်တည်းဖြတ်ခဲ့ကြကြောင်း၊ ထေရဝါဒ ဗုဒ္ဓသာသနာတော်ကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် တာဝန်ကြီး လေးရပ်ဖြစ်သော Preservation of Buddha’s Teaching, Promotion of Buddha’s Teaching, Propagation of Buddha’s Teaching နှင့် Protection of Buddha’s Teaching ဟူ၍ လုပ်ငန်းရပ်ကြီး လေးခုဖြင့် အားသွန်ကြိုးပမ်း ဆောင်ရွက်သွားကြစေလိုကြောင်း၊ဆက်လက်၍သာသနာတော်အရှည်တည်တံ့ထွန်းကားပြန့်ပွားရန်နှင့် ကာကွယ်နိုင်ရန်အတွက် အာသောကမင်းကြီး၏ သာသနာပြုစိတ်ဓာတ်ကို ကိုယ်စားပြုသောအားဖြင့် အာသောက ကျောက်တိုင်ကြီးတွင် ထည့်သွင်းထွင်းထုထားသည့် ဆင်ရုပ်ကဲ့သို့ အများအကျိုးဆောင်ရွက်ရာတွင် အင်အားဖြင့် ဆောင်ရွက်ရန်၊ မြင်းရုပ်ကဲ့သို့လျင်မြန်ဖျတ်လတ်စွာ ဆောင်ရွက်ရန်၊ နွားရုပ်ကဲ့သို့ သည်းခံ၍အလုပ်လုပ်ရန်နှင့် ခြင်္သေ့ရုပ်ကဲ့သို့ သတ္တိရှိစွာဖြင့် ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း မိန့်ကြားသည်။

ထို့နောက် ပိဋကသုံးပုံပါဠိတော်ကို ပါဠိ-ရိုမန် နှစ်ဘာသာဖြင့် ကျောက်စာရေးထိုးရာတွင် ဆဋ္ဌသင်္ဂါယနာမူနှင့် ကိုက်ညီစေရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ဝမ်းမြောက်စကား ပြောကြားရာတွင် ပိဋကသုံးပုံ ပါဠိတော်ကို ပါဠိ - ရိုမန် နှစ်ဘာသာဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် တည်ထားကိုးကွယ်မည့် မာရဝိဇယရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်အတွင်း ကျောက်ထက်အက္ခရာတင်နိုင်ရေးအတွက် ဝန်ကြီးဌာနအနေဖြင့် စိစစ်တည်းဖြတ်နိုင်ရေး သီတဂူဆရာတော်ကြီးထံ ဩဝါဒခံယူ၍ သီတဂူအပြည်ပြည်ဆိုင်ရာ ဝိပဿနာတက္ကသိုလ်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)နှင့်(မန္တလေး)တို့မှ ဆရာတော်များပါဝင်သည့် အဖွဲ့ လေးဖွဲ့ကိုဖွဲ့စည်းပြီး စိစစ်တည်းဖြတ်ခြင်းလုပ်ငန်းများကို ဇန်နဝါရီ ၈ ရက်မှ စတင်ကာ မေ ၁၆ ရက်တွင် မျှော်မှန်းသည်ထက်စော၍ ပြီးစီးခဲ့ကြောင်း၊ ပိဋကသုံးပုံပါဠိတော်ကို ပါဠိ-ရိုမန် စိစစ်တည်းဖြတ်မှုလုပ်ငန်းများကို မူလတာဝန်များအပြင် စိတ်အားထက်သန်စွာဖြင့် ဆောင်ရွက်တော်မူကြသော သီတဂူဆရာတော်ကြီးအမှူးပြုသည့် နာယကဆရာတော်ကြီးများ၊ တက္ကသိုလ်လေးခုရှိပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ မော်ကွန်းထိန်း၊ ဌာနမှူး၊ ကထိက၊ လက်ထောက်ကထိက ဆရာတော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ကိုယ်စား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက အထူးပင်ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် အခမ်းအနားသို့ ကြွရောက်တော်မူလာသော ဆရာတော်ကြီးများနှင့် စိစစ်တည်းဖြတ်ရေးအဖွဲ့ လေးဖွဲ့မှဆရာတော်ကြီးများထံ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သီတဂူဆရာတော်ကြီးထံမှ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဝါးခယ်မမြို့နယ်၌ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား လူမှုရေးပင်စင်ထောက်ပံ့ငွေများ ပေးအပ်

ဝါးခယ်မ ဇွန် ၁၀

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်တွင် လူမှုဝန်ထမ်းဦးစီးဌာနမှ ကြီးမှူးကျင်းပသော ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပထမသုံးလပတ်အတွက် အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား လူမှုရေးပင်စင်ထောက်ပံ့ငွေများပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၁ နာရီခွဲတွင် ရွှေခယ်သီရိအားကစားခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ထောက်ပံ့ပေးအပ်ရာတွင် ဝါးခယ်မမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၄၅ အုပ်စုမှ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် သက်ကြီးဘိုးဘွား ၉၂၁ ဦးအတွက် စုစုပေါင်းငွေကျပ် ၂၇၆၃၀၀၀၀ ကို တာဝန်ရှိသူများက အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများကိုယ်စား သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများထံ ပေးအပ်ခဲ့ကြောင်းနှင့် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် ဘိုးဘွားများ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝါးခယ်မ(ပြန်/ဆက်)**

○ စာမျက်နှာ ၆ မှ

**NUG နဲ့ PDF တွေကို ပြည်သူတစ်ရပ်လုံးက အမှန်တကယ် ထောက်ခံပါတယ်ဆိုရင် ဒီလိုအကြမ်းဖက်မှုတွေ၊ သေဆုံးမှုတွေ ရှိလာစရာအကြောင်းမရှိဘူးဆိုတာ အင်မတန်သိသာထင်ရှားပါတယ်။** သူတို့ကို မထောက်ခံတဲ့သူ၊ သူတို့နဲ့ အမြင်မတူတဲ့သူတွေ ရှိနေလို့သာ ငါနဲ့မတူ ငါ့ရန်သူဆိုတဲ့စိတ်နဲ့ ကိုယ့်ကို မထောက်ခံတဲ့သူတွေရဲ့ အသံမထွက်ရဲအောင် ဥပဒေမဲ့အကြမ်းဖက်တိုက်ခိုက်၊ သတ်ဖြတ်ပြီး တစ်နိုင်ငံလုံးကို ဖျက်ဆီးဖို့ လုပ်နေကြတာဖြစ်ပါတယ်။

သံအမတ်ကြီးပြောခဲ့တဲ့ **“မြန်မာနိုင်ငံအပေါ် ဒဏ်ခတ်အရေးယူပိတ်ဆို့မှုတွေဟာ ပစ်မှတ်ထားသူတွေကိုသာ သက်ရောက်စေတာဖြစ်ပြီး မြန်မာပြည်သူတွေအပေါ် မလိုလားအပ်တဲ့ သက်ရောက်မှုတွေမဖြစ်စေဖို့ အလေးထား ဆောင်ရွက်နေတယ်”**ဆိုတာ တကယ်ကော မှန်ကန်မှုရှိပါရဲ့လား။ မြန်မာနိုင်ငံမှာလည်း ခေတ်အဆက်ဆက် ပိတ်ဆို့မှုတွေလုပ်ခဲ့လို့ အစိုးရပြုတ်ကျသွားတယ်ဆိုတာ ဘယ်တုန်းကမှ မရှိခဲ့ပါဘူး။ အခုလည်း စစ်တပ်နဲ့ သူတို့ကို ပံ့ပိုးကူညီနေသူတွေကို ပစ်မှတ်ထားပိတ်ဆို့တယ်လို့ ပြောနေပေမယ့် အမှန်တကယ်မှာတော့ ပိတ်ဆို့အရေးယူမှုတွေကြောင့် စီးပွားရေးကျပ်တည်းမှုကို အမှန်တကယ်ခံစားရတာ ငါတို့လို သာမန်ပြည်သူလူထုကိုယ်တိုင်ပဲ ဖြစ်ပါတယ်။

သံအမတ်ကြီးက **“မြန်မာနိုင်ငံထဲမှာ ဒီမိုကရေစီလှုပ်ရှားမှုတွေကို ဦးဆောင်နေတာ Gen-Z လို့ခေါ်တဲ့ လူငယ်မျိုးဆက်တွေ”**လို့ ပြောသွားသေးတယ်။ ဒီလိုသာဆို သံအမတ်ကြီးတို့နဲ့ ဆက်သွယ်ဆောင်ရွက်နေတဲ့ NUG အပါအဝင် နိုင်ငံရေးလှုပ်ရှားမှုတွေကို အဓိက ကြိုးကိုင်နေတဲ့အထဲမှာ Gen-Z ဆိုတာ ဘယ်နှယောက်များရှိလို့လဲ။ လက်ရှိဖြစ်နေတဲ့ နိုင်ငံရေးဖြစ်စဉ်တွေကို အဓိက ကြိုးကိုင်ခြယ်လှယ်နေတဲ့သူတွေက ပြည်တွင်းမှာရှိတဲ့ Gen-Z လူငယ်တွေထက် နိုင်ငံခြားမှာရောက်နေတဲ့ နိုင်ငံရေးသမား လူလည်တွေနဲ့ နယ်စပ်ဒေသမှာရှိတဲ့ တိုင်းရင်းသားလက်နက်ကိုင်တွေပါ။ **Gen-Z လူငယ်တွေဆိုတာ အသုံးချခံသက်သက်ပါ။** တိုင်းပြည်ရဲ့ အနာဂတ်ဖြစ်တဲ့ လူငယ်တွေကို တောထဲတောင်ထဲသွားပြီး အသက်တွေ၊ ဘဝတွေ ဆုံးရှုံးရအောင် ဝိုင်းဝန်းမြှောက်ပင့်အသုံးချနေတာတွေဟာ မြန်မာနိုင်ငံရဲ့ အနာဂတ်ကို ဝိုင်းဖျက်ဆီးနေကြတာနဲ့ အတူတူပဲလို့ ပြောချင်ပါတယ်။

အချုပ်ပြောရရင်တော့ **မြန်မာနိုင်ငံမှာ အမှန်တကယ်ဒီမိုကရေစီရရှိစေချင်တယ်၊ မြန်မာပြည်သူလူထုတွေကို တည်ငြိမ်အေးချမ်းပြီး ဘေးကင်းလုံခြုံတဲ့ဘဝတွေရရှိစေချင်တယ်ဆိုရင်တော့ လက်ရှိဖြစ်ပေါ်နေတဲ့ အရှိတရားတွေကို ဘက်လိုက်မှုကင်းစွာနဲ့ မြင်အောင်ကြည့်ပြီး အကြမ်းဖက်မှုတွေကို ဆက်လက်မဖြစ်ပေါ်အောင် စစ်မှန်တဲ့ စေတနာနဲ့သာ ရပ်တည်ပေးပါလို့ တည်ငြိမ်အေးချမ်းမှုကို လိုလားတဲ့ ပြည်သူတစ်ယောက်အနေနဲ့ တောင်းဆိုလိုက်ပါတယ်။** ။

**NUG,PDF တို့၏ တိုက်ခိုက်မှုခံခဲ့ရသည့် စာသင်ကျောင်းနှင့် ဆရာ/ဆရာမများစာရင်း (၁ ဖေ ၂၀၂၁ - ၁၅ မေ ၂၀၂၂)**

| | |
|---|---|
| စာသင်ကျောင်းအားမီးရှို့ဖျက်ဆီးမှု | ၁၂၇ ကြိမ် |
| စာသင်ကျောင်းအားဗုံးထောင်ဖောက်ခွဲမှု | ၃၇၄ ကြိမ် |
| စာသင်ကျောင်းအား သေနတ်ဖြင့်ပစ်မှု | ၁၄ ကြိမ် |
| ခြိမ်းခြောက်မှု | ၄၄ ကြိမ် |
| သတ်ဖြတ်ခံရမှုကြောင့် ဆရာ/ဆရာမသေဆုံးမှု | ၂၉ ဦး |
| ဆရာ/ဆရာမ ဒဏ်ရာရရှိမှု | ၂၇ ဦး |

ရန်ကုန်မြို့ အမေရိကန်သံရုံး၏ လူမှုကွန်ရက်တွင် ဖော်ပြထားသည့် အမေရိကန် သံအမတ်ကြီး Mr. Thomas L.Vajda နှင့် US. ASEAN Spokes-person တို့၏ ပြောကြားချက်များအပေါ် မြန်မာပြည်သူတစ်ဦးက အမေရိကန်သံအမတ်ကြီးထံသို့ ပြန်လည်ရေးသားထားသည့် အိတ်ဖွင့်ပေးစာအား ဘာသာပြန်ဆိုဖော်ပြထားခြင်းဖြစ်ပြီး စာပါအကြောင်းအရာများသည် စာရေးသားသူ၏ အာဘော်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

# တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများအား သတ်မှတ်ရက်ထပ်မံတိုးမြှင့် ဖိတ်ခေါ်ခြင်း

ခြိမ်းခြောက်အကျပ်ကိုင်ခံရမှုကြောင့်လည်းကောင်း၊ ငြိမ်းချမ်းစွာဆန္ဒပြမှုများတွင် ပါဝင်ခဲ့မိသောကြောင့်လည်းကောင်း၊ သွားလာမှုခက်ခဲခြင်းကြောင့်လည်းကောင်း စိုးရိမ်ကြောင့်ကြမှုများကြောင့် တာဝန်မှကင်းကွာခဲ့သော ပညာရေးဝန်ထမ်း ဆရာ ဆရာမများ၊ ဝန်ထမ်းစည်းကမ်းဖြင့် အရေးယူခံထားရသည့် ဆရာ ဆရာမများအနေဖြင့် နိုင်ငံသားမျိုးဆက်သစ်လူငယ်များအတွက် စေတနာ၊ ဝါသနာ၊ အနစ်နာဟူသော နာသုံးနာကို ရှေးရှု၍ သင်ကြားရေးတာဝန်ကို ပြန်လည်ထမ်းဆောင်နိုင်ရန်အတွက် မိမိတို့၏သဘောဆန္ဒအလျောက် မိမိတို့နောက်ဆုံးတာဝန်ထမ်းဆောင်ခဲ့ရာ ကျောင်းတည်ရှိသည့် မြို့နယ်ပညာရေးမှူးရုံးသို့ဖြစ်စေ၊ မိမိတို့လက်ရှိနေထိုင်ရာဒေသရှိ နီးစပ်ရာမြို့နယ် ပညာရေးမှူးရုံးသို့ဖြစ်စေ ၇-၆-၂၀၂၂ ရက်နေ့မတိုင်မီ သတင်းပို့ကြရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့က သတင်းထုတ်ပြန်ဖိတ်ခေါ်ခဲ့ရာ ယနေ့အထိ ဆရာ ဆရာမ ၂၉၆၀ ဆက်သွယ်သတင်းပို့ခဲ့ပါသည်။

ဆက်သွယ်သတင်းပို့ရန် ဆန္ဒရှိပါသော်လည်း လမ်းပန်းဆက်သွယ်ရေးနှင့် အခြားသောအခက်အခဲများကြောင့် သတ်မှတ်ရက်အတွင်း သတင်းပို့နိုင်ခြင်းမရှိသော ဆရာ ဆရာမများအတွက် သတင်းပို့ဆက်သွယ်ရမည့်ရက်ကို (၁၄-၆-၂၀၂၂)ရက်နေ့အထိ ထပ်မံ၍ တိုးမြှင့်သတ်မှတ်ပေးလိုက်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

# တက္ကသိုလ်၊ ကောလိပ်ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၅) သင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန်  ဇွန်  ၁၀**

တက္ကသိုလ်၊ ကောလိပ်ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၅)သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ရှိ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ရတနာသိင်္ဃခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဆွေ၊ အဖွဲ့ဝင် ဦးစစ်အေး၊ တာဝန်ခံအဖွဲ့ဝင် ဦးစိုးတင့်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)ပါမောက္ခချုပ် ဦးဇော်ဇော်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ တက္ကသိုလ်သင်ကြားရေး/စီမံဌာနများမှ ပါမောက္ခ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌက တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်မှာ ဆရာ ဆရာမများ၏ စိတ်ဓာတ်ပိုင်းဆိုင်ရာ ခံယူချက်များ မှန်ကန်မြင့်မားလာစေရန်၊ အဆင့်မြင့်ပညာရေးနှင့် စပ်လျဉ်းသည့် ဗဟုသုတများ၊ နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို သိရှိပြီး စည်းကမ်းလိုက်နာမှု အားကောင်းလာစေရန်၊ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးအတွက် အခြေခံစစ်ပညာကို တတ်ကျွမ်းနားလည် သဘောပေါက်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း။



နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍတိုးတက်ရေးကို ဦးစားပေးပြီး အထူးအလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံဖွံ့ဖြိုးရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနေသော တက္ကသိုလ်၊ ကောလိပ်များတွင် သင်ကြားရေးတာဝန် ထမ်းဆောင်နေသည့် ဆရာ ဆရာမများသည် ကျောင်းသားလူငယ်များနှင့် မိမိတို့တိုင်းပြည်၏ အနာဂတ်ကောင်းမွန်စေအောင် ထုဆစ်ပုံဖော်ပေးနေကြသူများဖြစ်ကြောင်း၊ ထို့ပြင် မျိုးဆက်သစ်ကျောင်းသား လူငယ်များ၏ ဉာဏ်ရည်ဉာဏ်သွေးဖွံ့ဖြိုးမှု၊ ကျွမ်းကျင်ပိုင်နိုင်မှုများနှင့်အတူ ၎င်းတို့၏ အနာဂတ်ရည်မှန်းချက်များ၊ အရည်အသွေးများ၊ တောက်ပပြည့်မီလာအောင် အဓိကအခန်းကဏ္ဍက တာဝန်ယူနေကြသူများဖြစ်ကြောင်း။

လူငယ်များ၏ ပညာရည်မြင့်မားရေးသာမက ကိုယ်ကျင့်တရားကောင်းမွန်ရေးကိုလည်း အလေးပေးပြီး သင်ကြားသွားရန်လိုအပ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့်လည်း မိမိတို့တာဝန်ထမ်းဆောင်ရာတွင် ကိုယ်ကျင့်တရားမှအစ တပည့်လူငယ်များ၏ စံပြဖြစ်အောင် ကျင့်ကြံနေထိုင်သွားရန် လိုအပ်ကြောင်း၊ ထို့ပြင် နိုင်ငံ့ဝန်ထမ်းများအတွက် ချမှတ်ထားသော စည်းကမ်း၊ ကျင့်ဝတ်များကိုလည်း စောင့်ထိန်းလိုက်နာသွားရန် လိုအပ်ကြောင်း၊ မိမိတို့တာဝန်ထမ်းဆောင်သော တက္ကသိုလ်၊ ကောလိပ်ကျောင်းများ၏ ဂုဏ်သတင်းထင်ပေါ် ကျော်ကြားရေးနှင့် ပညာရည်အဆင့်အတန်းမြင့်မားရေးတို့အတွက် အချင်းချင်းပူးပေါင်းဆောင်ရွက်မှုဖြင့် ကြိုးပမ်းသွားရန်လိုကြောင်း၊ နိုင်ငံသူ၊ နိုင်ငံသားများအားလုံး ပညာရည်မြင့်မားရေး၊ ရင်သွေးငယ်များအားလုံး ပညာသင်ခွင့် အခွင့်အလမ်းများ ရရှိရေး၊ ပညာကိုတန်ဖိုးထားတတ်စေရေး စုပေါင်းကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် သင်တန်းထူးချွန်ဆု ရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ခဲ့ပြီး သင်တန်းဆင်း ဂုဏ်ပြုလက်မှတ်များ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌသည် အရာထမ်းလောင်း အခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်း အမှတ်စဉ်(၈) စစ်ရေးပြသင်ခန်းစာသင်ကြား လေ့ကျင့်မှုကို လည်းကောင်း၊ စာရေးဝန်ထမ်းအခြေခံသင်တန်း အမှတ်စဉ်(၂၀၀) ဘာသာရပ်ဆန်းစစ်ချက် ဖြေဆိုနေမှုကို လည်းကောင်း၊ စိုက်ပျိုးရေးဌာနစုရှိ ရာသီသီးနှံများ စိုက်ပျိုးထားရှိမှုကို လည်းကောင်း၊ ဝန်ထမ်းအဖွဲ့အစည်း ဒုတိယအကြီးအမှူး စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၄)နှင့် အဆင့်မြင့်အရာထမ်း စီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ်(၁၇) သင်ကြားနေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ရတနာသိင်္ဃခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လေ့ကျင့်သင်ကြားရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံ သင်တန်းအမှတ်စဉ်(၂၅)သို့ သင်တန်းသားစုစုပေါင်း(၂၅၃)ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ငါးပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ငါးဖမ်းစက်လှေများတွင် VMS နှင့် TED ကိရိယာ တပ်ဆင်ထားမှု ရှိ၊ မရှိ စိစစ်ကြပ်မတ်လျက်ရှိ

**ရန်ကုန်  ဇွန်  ၁၀**

ဇွန်လပထမပတ်မှစတင်၍ ပင်လယ်ပြင်သို့ ငါးဖမ်းစက်လှေများ ထွက်ခွာလျက်ရှိရာ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ရေသယံဇာတထိန်းသိမ်းခြင်းနှင့် ရှားပါးရေသတ္တဝါများ မျိုးတုန်းမှုမှကာကွယ်နိုင်ရန် ငါးဖမ်းစက်လှေများတွင် ရေယာဉ်စောင့်ကြည့်ရေးစက် VMS နှင့် ငါး/ပုစွန်ဖမ်းပိုက်တို့တွင် ပင်လယ်လိပ်လွတ်မြောက်ရေးကိရိယာ Turtle Excluder Device (TED) တပ်ဆင်ထားမှု ရှိ၊ မရှိကို စိစစ်ကြပ်မတ်လျက်ရှိကြောင်း သိရသည်။

## အလုပ်အကိုင် အဆင်ပြေလျက်ရှိ

နိုင်ငံ၏ နိုင်ငံခြားဝင်ငွေကို မွေးမြူရေးနှင့် ရေထွက်ကုန်ကဏ္ဍမှ အများဆုံးရရှိလျက်ရှိရာ ရေချိုထွက်ကုန်နှင့် ရေငန်ထွက်ကုန်တို့တွင် ပင်လယ်ပြင်ရေထွက်ကုန်မှ နိုင်ငံခြားဝင်ငွေပိုမိုရရှိလျက်ရှိပြီး ရေလုပ်ငန်းဖြင့်အသက်မွေးသူများ အလုပ်အကိုင်အဆင်ပြေလျက်ရှိသည်။ ပင်လယ်ပြင်ငါးဖမ်းရာသီကို တစ်လဖြေလျှော့ပြီး ငါးဖမ်းရေယာဉ် ၃၀ ရာခိုင်နှုန်းဖမ်းဆီးခွင့်ပြုခဲ့သဖြင့် ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးမှ ငါးဖမ်းစက်လှေများ ဇွန် တစ်ရက်မှစ၍ ပင်လယ်ပြင်တွင် ငါး/ပုစွန် ဖမ်းဆီးလျက်ရှိကြောင်း သိရသည်။

“ပင်လယ်ပြင်ကိုထွက်တဲ့ငါးဖမ်းစက်လှေတွေကို ရေယာဉ်စောင့်ကြည့်ရေးစက်ဖြစ်တဲ့ VMS နဲ့ငါး/ပုစွန်ဖမ်းတဲ့ ပိုက်မှာပင်လယ်လိပ်တွေပြန်ထွက်နိုင်တဲ့ လိပ်လွတ်မြောက်ရေးကိရိယာTEDတပ်ဆင်ထားမှု ရှိ/မရှိ ကြပ်မတ်စစ်ဆေးပါတယ်။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလက TED ကိရိယာတပ်ဆင်မထားတဲ့ ငါးဖမ်းစက်လှေ ကိုးစင်းကို ဖမ်းဆီးအရေးယူခဲ့တာရှိတယ်။ ပိုက်မှာ လိပ်တွေပါလာရင်သံကွင်းနဲ့ ပြုလုပ်ထားတဲ့ကိရိယာ အပေါက်ကနေလိပ်တွေ ပြန်ထွက်နိုင်အောင် တပ်ဆင်စေတာပါ။ VMS တပ်ဆင်ထားတဲ့ ငါးဖမ်းစက်လှေတွေ ပင်လယ်ပြင်မှာ ဘာလုပ်နေတယ်ဆိုတာ စောင့်ကြည့် ပြီးတားမြစ်ထားတဲ့ နေရာကိုသွားလာမှုမရှိအောင်၊ အချက်ပြမှုမရှိဘဲ သတိပေးမှုကို မလိုက်နာရင်လှေကိုရပ်ခိုင်းတာ၊ ဒဏ်ရိုက်တာတွေလုပ်ဆောင်ပါတယ်”ဟု ရခိုင်ပြည်နယ်ငါးလုပ်ငန်းဦးစီးမှူး ညွှန်ကြားရေးမှူး ဦးသက်ဦးက ပြောသည်။

## ငါးဖမ်းဆီးလျက်ရှိ



ပင်လယ်ပြင်သို့ထွက်ခွာမည့် ငါးဖမ်းစက်လှေများတွင် VMS စက်နှင့် TED ကိရိယာတပ်ဆင်ထားမှု ရှိ၊ မရှိကို စစ်ဆေးနေစဉ်။

ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးမှ ငါးဖမ်းစက်လှေ ၂၃၀ ကျော်၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်၊ မြိတ်၊ ကော့သောင်းတွင်ရှိသော အစင်း ၁၄၀၀ ခန့်မှ ၃၀ ရာခိုင်နှုန်းနှင့် ဧရာဝတီတိုင်းဒေသကြီးနှင့် မော်လမြိုင်မှ ငါးဖမ်းစက်လှေများ ခွင့်ပြုထားသော အစင်းရေနှင့်အညီ ပင်လယ်ပြင်တွင် ငါးဖမ်းဆီးလျက်ရှိပြီး အချို့မှာ ထွက်ခွာရန်ပြင်ဆင်လျက်ရှိ ကြောင်းသိရသည်။

“ပင်လယ်ပြင်ထွက်တဲ့ ငါးဖမ်းရေယာဉ်တွေဟာ သတ်မှတ်ထားတဲ့ စစ်ဆေးမှုကို ခံပြီးမှ ထွက်ခွာရပါတယ်။ လူ၊ လှေ၊ စက်ပစ္စည်းနဲ့ ကိရိယာများတပ်ဆင်ထားမှု ရှိ/မရှိကို အဖွဲ့စုံနဲ့စစ်ဆေးပြီး ပြည့်စုံမှ ထွက်ခွင့်ပြုပါတယ်။ အထူးသဖြင့် ငါး/ပုစွန်ဖမ်းတဲ့ ပိုက်မှာ TED ကိရိယာတပ်ဆင်မှုရှိ /မရှိနဲ့ VMS စက်ကို စစ်ဆေးပါတယ်။ ယခုကမ်းနီးကရတဲ့ ရေထွက်ကုန်တွေကို ထိုင်းနိုင်ငံရနောင်းကို ပို့ဆောင်နေပြီးတော့ ကမ်းဝေးဖမ်းဆီးမှုအစပဲရှိသေးတဲ့အတွက် လကုန်ပိုင်းဆိုရင် ပို့ဆောင်နိုင်ပါပြီ။ မနှစ်က မီနီဘတ်ဂျက်မှာ ရေထွက်ကုန် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာသန်း ၂၀၀ ကျော် ရခဲ့တဲ့အတွက်ဒီနှစ်မှာလည်း နိုင်ငံခြားဝင်ငွေတိုးတက်ရရှိဖို့ မျှော်လင့်ထားပါတယ်” ဟု တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မြင့်တိုးက ပြောသည်။

**သတင်း - ညိမ်းသူ(သတင်းစဉ်)**
**ဓာတ်ပုံ - ကနူး**

# အသိပေးကြေညာချက်

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဘဏ်များနှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ ပုဒ်မ ၄၀ နှင့် ၇၉ ၊ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ ပုဒ်မ ၅၊ ၁၂၉ နှင့် ၁၃၀၊ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုဆိုင်ရာစည်းမျဉ်း၊ မိုဘိုင်းဘဏ်လုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်၊ အီလက်ထရောနစ်ကတ်ဖြင့် ပေးချေမှုဆိုင်ရာညွှန်ကြားချက်တို့နှင့်အညီ လုံခြုံမှုနှင့်ထိရောက်သော ငွေပေးချေမှုများအားဆောင်ရွက်နိုင်ရန် မိုဘိုင်းဘဏ်လုပ်ငန်းဆောင်ရွက်ရန် ဘဏ် (၁၈) ဘဏ်၊ အင်တာနက်ဘဏ်လုပ်ငန်းဆောင်ရွက်ရန် ဘဏ်(၁၀)ဘဏ်၊ မိုဘိုင်းငွေပေးချေမှု (Mobile Pay) ဆောင်ရွက်ရန် ဘဏ်(၈)ဘဏ်၊ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ရန် အဖွဲ့အစည်း (၅) ခု၊ Transportation Card နှင့် Shopping Card စသည့် ကတ်ပေးချေမှုလုပ်ငန်းများဆောင်ရွက်ရန် အဖွဲ့အစည်း (၇) ခုနှင့် ရောင်းချသူကိုယ်စား ငွေကောက်ခံရှင်းလင်းသည့် ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ရန် ကုမ္ပဏီ (၄) ခုကို ခွင့်ပြုထားပြီးကြီးကြပ်ထိန်းကျောင်းပေးလျက်ရှိပါသည်။

၂။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တရားဝင်ခွင့်ပြုထားသောဘဏ်၊ ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ကုမ္ပဏီများ၏စာရင်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ တရားဝင် Website ဖြစ်သော www.cbm.gov.mm တွင် ဖော်ပြထားပါသည်။

၃။ ယခုအခါ တရားဝင်ခွင့်ပြုထားခြင်းမရှိသည့် Mobile Pay /Mobile Wallet နှင့် ငွေပေးချေမှုဝန်ဆောင်မှုပေးသည့် လုပ်ငန်းများမှတစ်ဆင့် သုံးစွဲသူများအချင်းချင်းငွေလွှဲပြောင်းခြင်း၊ ကုန်စည်ဝယ်ယူခြင်းများ ဆောင်ရွက်နိုင်ကြောင်း Social Media Platform များတွင် ကြော်ငြာနေသည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တရားဝင်ခွင့်ပြုထားခြင်းမရှိသည့် Mobile Pay /Mobile Wallet နှင့်ငွေပေးချေမှုဝန်ဆောင်မှုပေးသည့် လုပ်ငန်းများအသုံးပြုခြင်းသည် စနစ်တကျ ကြီးကြပ်ကွပ်ကဲမှုအောက်တွင် မရှိသဖြင့် ပြည်သူများအနေဖြင့် ဆုံးရှုံးမှုများစွာ ဖြစ်ပေါ်နိုင်ပါကြောင်းနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ခွင့်ပြုချက်မရရှိထားဘဲ ဆောင်ရွက်နေသည်ကို တွေ့ရှိရပါက ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေပုဒ်မ ၁၇၂ အရ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**
**(၁၀-၆-၂၀၂၂)**

## ကော့ကရိတ်မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုများ ကြည့်ရှုစစ်ဆေး

**ဘားအံ ဇွန် ၁၀**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် တာဝန်ရှိသူများနှင့်အတူ ဇွန် ၉ ရက်နံနက်ပိုင်းက ကော့ကရိတ်ခရိုင် ကော့ကရိတ်မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကော့ကရိတ်မြို့နယ် (တံတားကျိုး) စုပေါင်း စစ်ဆေးရေးစခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ စခန်းတာဝန်ခံ အကောက်ခွန်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဦးဝင်းဆွေက စုပေါင်းစစ်ဆေးရေးစခန်းရှိ ဝန်ထမ်းအင်အား၊ ကုန်သွယ်မှုလမ်းကြောင်းနှင့် ကုန်စည်စီးဆင်းမှုအနေအထား၊ အများဆုံးတင်သွင်းတင်ပို့သည့်ကုန်ပစ္စည်းများ၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအမျိုးသားအဆင့် မဟာဗျူဟာနှင့် နည်းဗျူဟာအပေါ် လိုက်နာဆောင်ရွက်ချက်များ၊ တရားမဝင် ကုန်ပစ္စည်းဖမ်းဆီးရမိမှု အခြေအနေများ၊ လုံခြုံရေးဆောင်ရွက်ထားမှု အခြေအနေနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာ တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်းအား လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကော့ကရိတ်မြို့နယ် ဘားအံ-ကော့ကရိတ်-မြဝတီလမ်းပေါ်ရှိ လှိုင်ဝတံတား အရှည်ပေ ၃၀၀ လေးလမ်းသွား သံကူကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်၌ ပြည်နယ်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးဦးအောင်ညိုက တံတားတည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က သတ်မှတ်စံချိန်စံနှုန်းများနှင့်အညီ အချိန်မီပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်မှာကြားသည်။



**ကြည့်ရှုစစ်ဆေး**

ကော့ကရိတ်(လှိုင်ဝတံတား)ကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၄)၊ တံတားအထူးအဖွဲ့(၁၄)မှ ပြည်ထောင်စုငွေလုံးငွေရင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၀၉ ဒသမ ၆၄ သန်းဖြင့် အရှည်ပေ ၃၀၀၊ အကျယ် ၆၁ ပေရှိ လေးလမ်းသွား သံကူကွန်ကရစ်တံတားအဖြစ် ၂၀၂၄ ခုနှစ်တွင် ပြီးစီးရန် လျာထားတည်ဆောက်လျက်ရှိပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လုပ်ငန်းခွင်အား ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**ပြည်နယ်(ပြန်/ဆက်)**

## သူနာပြုသားဖွားဒီပလိုမာ သုံးနှစ်သင်တန်းသား သင်တန်းသူများ ဂျူတီကုတ်နှင့်ဦးဆောင်းအပ်နှင်း

**တောင်ကြီး ဇွန် ၁၀**

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန သူနာပြုသင်တန်းကျောင်း တောင်ကြီးမြို့ အပတ်စဉ်(၄၆) သူနာပြုသားဖွား ဒီပလိုမာသုံးနှစ် သင်တန်းသား သင်တန်းသူများ၏ ဂျူတီကုတ်နှင့် ဦးဆောင်းအပ်နှင်းပွဲကို ယနေ့နံနက် ၉ နာရီက တောင်ကြီးမြို့ စဝ်စံထွန်းရပ်ကွက်ရှိ သူနာပြုသင်တန်းကျောင်း၌ ကျင်းပသည်။



ရှေးဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက အမှာစကားပြောကြားပြီး တောင်ကြီးမြို့ သူနာပြုသင်တန်းကျောင်း ကျောင်းအုပ်ကြီးက ဂျူတီကုတ်နှင့် ဦးဆောင်းပေးအပ်ခြင်းအကြောင်း ရှင်းလင်းတင်ပြသည်။ ထို့နောက် သူနာပြုသင်တန်းကျောင်းမှ ကျောင်းအုပ်နှင့် နည်းပြဆရာမများက သင်တန်းသား သင်တန်းသူများအား ဂျူတီကုတ်နှင့် ဦးဆောင်းများ ပေးအပ်ကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ပထမနှစ်၊ ဒုတိယနှစ်တွင် ပညာရည်ချွန်ဆုရရှိသူများကို ဆုများ ချီးမြှင့်ပေးပြီး ထူးချွန်ဆုရရှိသူများကို ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ရာ ပထမနှစ်သူနာပြုသင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။

အဆိုပါအပတ်စဉ် (၄၆) သူနာပြုသားဖွားဒီပလိုမာသုံးနှစ်သင်တန်းသား သင်တန်းသူ ဂျူတီကုတ်နှင့် ဦးဆောင်းအပ်နှင်းခြင်းတွင် ဂျူတီကုတ်ရရှိ သင်တန်းသားသုံးဦး၊ ဦးဆောင်းအပ်နှင်း သင်တန်းသူ ၅၁ ဦး စုစုပေါင်း ၅၄ ဦး ဖြစ်ကြောင်း သိရသည်။

**အားပေးစကားပြော**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့သည် တောင်ကြီးသူနာပြုသင်တန်းကျောင်းခန်းမရှိ လက်တွေ့ခန်းများအား လှည့်လည်ကြည့်ရှုကြသည်။ ဆက်လက်၍ တောင်ကြီးစဝ်စံထွန်းဆေးရုံ၌ ယခင်ရှိပြီးသား ဓာတ်ရောင်ခြည်စက် ပြန်လည်ဆောင်ရွက်နေမှုနှင့် ဓာတ်ရောင်ခြည်ခန်းမအား သွားရောက်ကြည့်ရှုကြပြီး ဓာတ်ရောင်ခြည် လာရောက်ကုသမှုခံယူနေသော လူနာများကို အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## အာဇာနည်ဗိမာန် ပြုပြင်မွမ်းမံမှုများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇွန် ၁၀**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်) ဦးညီညီ၊ အတွင်းရေးမှူး ဦးညွန့်ဖေနှင့် ကော်မတီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဗဟန်းမြို့နယ် ရေတာရှည်ရပ်ကွက် အာဇာနည်လမ်းရှိ အာဇာနည်ဗိမာန် ကွပ်ကဲရေးရုံးသို့ရောက်ရှိကာ ကွပ်ကဲရေးရုံး အတွင်း၊ အပြင် ပြုပြင်မွမ်းမံနေမှုများကို ကြည့်ရှုစစ်ဆေးပြီး သွေးဆေးကန်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာသပ်ရပ်ရေး ဆောင်ရွက်ရန်မှာကြားသည်။

ထို့နောက် မြို့တော်ဝန်သည် အာဇာနည်ဗိမာန်အဝင်လမ်းဘေးရှိ အာဇာနည်ပုဂ္ဂိုလ်ကြီးများ၏ အတ္ထုပ္ပတ္တိများနှင့်အဆိုအမိန့်များ ရေးသားပြသထားသော ဆိုင်းဘုတ်များ ဆေးသုတ်ပြုပြင်နေမှု၊ ဗိမာန်ဆေးသုတ်နေမှု၊ ဗိမာန်ရင်ပြင်ကြွေပြားများ ပြန်လည်ချေးချွတ်ဆေးကြောနေမှုနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်များ ပြန်လည်ပြုပြင်မွမ်းမံနေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

အဆိုပါ အာဇာနည်ဗိမာန်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလတွင် ယဉ်ကျေးမှုဝန်ကြီးဌာနမှ လွှဲပြောင်းလက်ခံရယူကာ စဉ်ဆက်မပြတ် ပြုပြင်မွမ်းမံထိန်းသိမ်းခဲ့သည့်အပြင် အများပြည်သူလေ့လာနိုင်ရန် အပတ်စဉ် တနင်္လာနေ့မှအပ နေ့စဉ်ဖွင့်လှစ်ထားရှိကြောင်း သိရသည်။



**သတင်းစဉ်**

# ငြိမ်းချမ်းစွာအဖြေရှာခြင်းနောက်ကွယ်က စေ့စပ်ညှိနှိုင်းခြင်းစွမ်းရည်နှင့် ပင်ကိုအရည်အသွေး

မိုးကေနိုင်

**တစ်ဦးနဲ့တစ်ဦး၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့အကြား ကွဲပြားခြားနားချက်တွေရှိနေလို့၊ မကျေလည်ကြလို့၊ သဘောထားတွေမတိုက်ဆိုင်ကြလို့ သဘောတူညီချက်တွေရအောင်ဆိုပြီး စေ့စပ်ညှိနှိုင်းခြင်းဆိုတာ ရှိလာရပါတယ်။ နှစ်ဦးနှစ်ဖက်အတွက် မှန်ကန်တဲ့ အဖြေတစ်ခုရဖို့ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ဖြေရှင်းမယ်ဆိုရင် ညှိနှိုင်းခြင်းနည်းလမ်းကလွဲပြီး အခြားမရှိပါဘူး။**

အကောင်းဆုံးရလဒ်ကို လိုချင်တယ်၊ လက်တွေ့ကျပြီး တရားမျှတတဲ့ ရလဒ်လည်း ဖြစ်ရမယ်၊ ဆက်ဆံရေးလည်းမပျက်ဘဲ အပြန်အလှန်အကျိုးရှိတဲ့ အခြေအနေမျိုး ရရှိဖို့ဆိုရင် နှစ်ဦးနှစ်ဖက် အကျေအလည် စေ့စပ်ညှိနှိုင်းခြင်းကိုပဲ ထိရောက်အောင်မြင်အောင် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

**အကြမ်းမဖက် အနုပညာဆန်တဲ့ ကျွမ်းကျင်မှုအရည်အသွေး**

တကယ်တော့ စေ့စပ်ညှိနှိုင်းခြင်းဆိုတာကို အကြမ်းမဖက်၊ အနုပညာဆန်တဲ့ ကျွမ်းကျင်မှုအရည်အသွေးတစ်ခုအဖြစ် တင်စားချင်ပါတယ်။ ဘာကြောင့်လဲဆိုရင် အဲဒီကျွမ်းကျင်မှုကသာ မတူကွဲပြားခြားနားသူတွေအကြား ပိုပြီးမကွဲပြားသွားအောင်၊ မခြားနားရအောင်၊ ဝေးနေတဲ့အရာတွေကို ပိုပြီးနီးကပ်သွားအောင် ဆောင်ကြဉ်းနိုင်စွမ်း ရှိလို့ဖြစ်ပါတယ်။

ရှုပ်ထွေးသိမ်မွေ့တဲ့ အခြေအနေတစ်ရပ်အောက်မှာ ညှိနှိုင်းမှုကောင်းသူတစ်ဦးရဲ့ အရည်အသွေးကြောင့်ပဲ တစ်ဦးတစ်ယောက်သောသူဆီမှာ အပြုသဘောခံစားချက်တွေ ရရှိသွားနိုင်သလို လူ့အဖွဲ့အစည်းတစ်ရပ်ရဲ့ ကောင်းကျိုး၊ ဆိုးကျိုးများအထိ သက်ရောက်မှုများရှိသွားနိုင်ပါတယ်။ ဥပမာ– ငြိမ်းချမ်းရေးအတွက် ညှိနှိုင်းဆွေးနွေးမှုတစ်ခုမှာ ပါဝင်နေတဲ့သူတိုင်းဟာ အချုပ်အခြာနဲ့ နိုင်ငံတော်အတွက် တာဝန်ရှိကြပြီး ငါ့ပြည်ထောင်စု၊ ငါ့နိုင်ငံသား၊ ငါ့တိုင်းရင်းသားတွေနဲ့ တစ်သားတည်း ရှိနေတယ်လို့ သဘောထားနိုင်မယ်ဆိုရင် ဒီဆွေးနွေးပွဲကနေ ငါ့အတွက်လည်း အကျိုးအမြတ်တစ်ခုရလိုက်ပါလား၊ ငါ့ရဲ့အမြင်တွေ၊ ရှုထောင့်တွေ၊ ငါ့ရဲ့အကျိုးစီးပွားတွေကို တစ်ဖက်သူကလည်း ထည့်သွင်းစဉ်းစားပေးနေပါလားလို့ ခံစားမိကြမှာပဲ ဖြစ်ပါတယ်။ ဒီအချက်ဟာ နှစ်ဦးနှစ်ဖက် အပြန်အလှန်အကျိုးရှိပြီး တကယ်ကို ကောင်းမွန်တဲ့ အပေါင်းလက္ခဏာဆောင်တဲ့ အလားအလာကောင်းတွေအဖြစ် မျှော်မှန်းလို့ရနိုင်ပါတယ်။

**အပေးအယူ အလျှော့အတင်းနဲ့**
**သူ့ဆီကရဖို့ထက် ကိုယ့်ဘက်က ပိုပေးသင့်**

အားလုံးဟာ နေ့စဉ်နေ့တိုင်း ရှောင်လွှဲလို့မရနိုင်တဲ့ ညှိနှိုင်းစေ့စပ်မှုတစ်ခုမဟုတ်တစ်ခု ကြုံကြရမှာပါ၊ သဘောထားချင်း မတူတာတွေ၊ ကွာဟချက်တွေ၊ ပဋိပက္ခတွေ၊ နားလည်မှုမရှိတာတွေ၊ တစ်ဦးနဲ့တစ်ဦး ယုံကြည်မှုပျောက်ဆုံးနေတာတွေ စသဖြင့်ပေါ့။ ကိုယ့်မိသားစု၊ ကိုယ့်အလုပ်ခွင်၊ ရုံးဌာနမှသည် ကြီးမားတဲ့အဖွဲ့အစည်းကြီးများအထိ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စအားလုံးမှာ ... ညှိနှိုင်းရမှာတွေ ရှိနိုင်ပါတယ်။ တစ်ဦးတစ်ယောက်ရဲ့ နေ့စဉ်ဘဝအစိတ်အပိုင်းမှသည် နိုင်ငံတစ်ခုရဲ့ ကြီးမားတဲ့အရေးအရာများ အထိပေါ့။ တစ်ယောက်တည်းနေရင်တောင် ညှိမရတာတွေရှိနေတာ၊ အများကြားမှာဆို ပိုလိုတာပေါ့၊ နှစ်ဦးနှစ်ဖက်ကြားရော၊ အားလုံးဆိုတဲ့ အတိုင်းအတာမှာပါ သဘောတူလက်ခံနိုင်ဖို့ လိုအပ်ချက်တွေ ရှိလာနိုင်တယ်။

အားလုံးသဘောတူမှ အောင်မြင်မယ်ဆိုရင် အပေးအယူတစ်ခုခု လုပ်ကိုလုပ်ရတော့မှာပါ။ တကယ်က စေ့စပ်ညှိနှိုင်းခြင်းဆိုတာ အပေးအယူလုပ်၊ အလျှော့အတင်းနဲ့ ဈေးဆစ်ရတဲ့သဘောပါပဲ။ ကိုယ့်ဘက်က ဘယ်လောက်ပေးမလဲ၊ သူ့ဆီက ဘယ်လောက်ရမှ အဆင်ပြေမလဲပေါ့၊ သူ့ဆီကရဖို့ထက် ကိုယ့်ဘက်က ပိုပေးနိုင်ရင်ရော ဆိုတဲ့ သတ္တိတစ်ခုဟာ ညှိနှိုင်းခြင်းစွမ်းရည်တစ်ခုဆိုရင် ငြင်းစရာ မရှိပါဘူး။ ဒီအချက်က အလွန်ကိုအရေးပါပါတယ်။ သဘောတူညီချက်မရဘူး၊ မအောင်မြင်ဘူး၊ ညှိလို့မရဘူးဆိုတဲ့ နောက်ကွယ်မှာ ကိုယ့်ဘက်ကပေးဖို့ထက် သူ့ဆီကတောင်းဖို့လောက်ပဲ အာသီသ ရှိနေကြခြင်းက ညှိနှိုင်းမှုမအောင်မြင်ရခြင်းရဲ့ အချက်တစ်ချက် ဖြစ်နေလို့ပါပဲ။ ဒီအချက်ကို မေ့မထားသင့်ပါဘူး။ အများအတွက် တကယ်ဆန္ဒရှိရင် ညှိနှိုင်းမှုအောင်မြင်ချင်ရင် ကိုယ့်ဘက်ကယူဖို့ထက် ပေးဖို့ဆိုတဲ့ စေတနာလေးထားရှိစေချင်ပါတယ်။

**ဦးတည်ချက်တူတဲ့ အကျိုးစီးပွားမျိုးထားကြည့်ပါ**

**စေ့စပ်ညှိနှိုင်းခြင်းဟာ နှစ်ယောက်နှစ်ဖွဲ့ချင်းလည်းဖြစ်နိုင်သလို နှစ်ယောက်မက နှစ်ဖွဲ့မကကြားမှာ စေ့စပ်ညှိနှိုင်းရတာမျိုးတွေလည်း ရှိနိုင်ပါတယ်။ ဦးတည်ချက်လည်း တူချင်မှတူမယ်၊ အကျိုးစီးပွားချင်းလည်း တူချင်မှတူမယ့် အနေအထားမျိုးတွေလည်း ရှိနိုင်တယ်။** ဒါကြောင့် ညှိနှိုင်းမှုမှာ တိကျတဲ့ဘုံရည်မှန်းချက်တစ်ခုထားဖို့ ခက်နေတတ်ပါတယ်။ ဒီအခါမှာ ဦးတည်ချက်တူညီတဲ့ အကျိုးစီးပွားမျိုး ဦးစားပေးထားကြမလား၊ စဉ်းစားရပါမယ်..၊ ဘာကြောင့် ယခုလို ညှိနှိုင်းစေ့စပ်ကြရပါသလဲ။ အမြင့်ဆုံးသဘောတူညီချက် ဘယ်အထိ ထားမလဲ။ အနိမ့်ဆုံးဘယ်အဆင့်လောက်အထိ ရည်မှန်းထားမလဲ။ ဖြစ်နိုင်ခြေကြည့်ပြီး ဘုံရည်မှန်းချက်တစ်ခု ထားရပါလိမ့်မယ်၊ ဖြစ်နိုင်ရင် အမြင့်ဆုံးအဆင့် ဒါမှမဟုတ် အနိမ့်ဆုံးအဆင့်နဲ့ အနီးစပ်ဆုံးရောက်အောင် ကြိုးစားကြည့်ကြရတာပေါ့၊ သဘောတူညီချက်တစ်ခုကို မဖြစ်မနေ မရရအောင် ရယူချင်တဲ့ စိတ်ဝင်စားမှုမျိုးရှိမယ်ဆိုရင် ဦးတည်ချက်မတူညီတဲ့ မိမိအကျိုးစီးပွားကို ဘေးဖယ်ထားကြည့်ပါလား.. အဆင်ပြေလာပါလိမ့်မယ်။ ဒီလိုထားနိုင်ဖို့ဆိုတာ တကယ်ကို ညှိနှိုင်းမှုကိုအောင်မြင်ချင်တဲ့ စိတ်ဆန္ဒအမှန်ရှိမှ၊ အောင်မြင်တဲ့ စေ့စပ်ညှိနှိုင်းရေးမှူးကောင်းတစ်ယောက်မှာ ရှိသင့်ရှိထိုက်တဲ့ ကိုယ်ရည်ကိုယ်သွေး အစွမ်းအစတွေ ကိုယ့်ထံမှာရှိနေမှသာ ဖြစ်နိုင်လိမ့်မယ်ဆိုတာ ယုံကြည်ထားစေချင်ပါတယ်။

ဒီလိုမျိုး မိမိအကျိုးစီးပွားလေး လျှော့နိုင်သမျှလျှော့ပြီး အများရောက်ချင်တဲ့ ဆုံမှတ်ပန်းတိုင်ရောက်ဖို့ တူညီတဲ့ စမှတ်ဦးတည်ချက်တွေကို ဦးစားပေးချနိုင်ဖို့ကတော့ တကယ့်သတ္တိလိုအပ်ပါတယ်၊ မှန်ကန်တဲ့ ကိုယ်ရည်ကိုယ်သွေးတွေ လိုအပ်ပါတယ်။ အဓိကအချက်နှစ်ခုပါ၊ စည်းရုံးဆွဲဆောင်နိုင်စွမ်းနဲ့ အပေးအယူလုပ်နိုင်စွမ်းလို့ပဲ ဆိုကြပါစို့..၊ တစ်ခုနဲ့တစ်ခုက အထောက်အကူပြုပါတယ်၊ စည်းရုံးဆွဲဆောင်နိုင်စွမ်းက အလျှော့အတင်းလုပ်ရာမှာ အရေးပါသလို ကိုယ့်ဘက်က လျှော့နိုင်တင်းနိုင်စွမ်းကလည်း တစ်ဖက်ကို စည်းရုံးဆွဲဆောင်နိုင်အား ကြီးပါတယ်။ ဒီအချက်နှစ်ခုအတွက် ဘယ်လို ကိုယ်ရည်ကိုယ်သွေးတွေလိုအပ်ပါသလဲ။

**ရိုးသားဖြောင့်မတ်တည်ကြည်မှုကို အခြေခံ၍သာ**

စာရေးသူအနေနဲ့တော့ ရိုးသားဖြောင့်မတ်တည်ကြည်မှုဆိုတဲ့ အရည်အသွေးတစ်ခုကို ရှေ့တန်းတင်ကြည့်ချင်ပါတယ်။ တစ်ဖက်နဲ့တစ်ဖက် ညှိနှိုင်းပြောဆိုဆက်ဆံကြရမှာ ကိုယ့်ရဲ့ကိုယ်နှုတ်အမူအရာက ကိုယ့်ရဲ့အတွင်းစိတ်သန္တာန်နဲ့ အပြင်နဲ့အတွင်း တစ်ထပ်တည်းကျတာကိုပဲ တစ်ဖက်ကလည်း လိုချင်မယ်ထင်ပါတယ်။ မလိမ်တတ်ဘူး၊ မညာတတ်ဘူး၊ အမှန်ပဲပြောတယ်၊ အမှားကိုဝန်ခံတတ်တယ်၊ ပွင့်ပွင့်လင်းလင်းရှိတယ်ပေါ့.. ဒီအရည်အချင်းတွေဟာ စေ့စပ်ညှိနှိုင်းမှုတစ်ခု အောင်မြင်ဖို့ အဓိကသော့ချက်တွေဖြစ်တဲ့ အပြန်အလှန်ယုံကြည်မှု၊ တစ်ဦးနဲ့တစ်ဦး နားလည်မှုတို့ကို ပေးစွမ်းပါတယ်။ လူတွေဟာ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ အတူယှဉ်တွဲနေထိုင်ဖို့အတွက်ရော၊ အကျိုးစီးပွားချင်း ထပ်တူလုပ်ဆောင်ကြဖို့အတွက်ပါ စဉ်းစားရင် ရိုးသားခြင်း အရင်းခံဂုဏ်ဒြပ်တွေကို ဦးစားပေးစဉ်းစားကြတယ်ဆိုတာ မမေ့ဖို့လိုပါတယ်။

နောက်တစ်ချက်က ဖြောင့်မတ်မှန်ကန်စွာနဲ့ ညီညီနှိုင်းနှိုင်း လုပ်တတ်သူ တစ်ဦးရဲ့ ဆုံးဖြတ်ချက်တွေဟာ မှန်ကန်ဖို့များတယ်ဆိုတဲ့အချက်ပါ။ ဖြောင့်မတ်မှုဟာ ကိုယ်ကျင့်တရား ကျင့်ဝတ်စည်းမျဉ်း စည်းကမ်းလိုက်နာခြင်း စတာတွေနဲ့တွဲနေတဲ့အတွက် သူ့မှာ အဂတိဖြစ်နိုင်ခြေနည်းသွားတဲ့အချက်ဟာ ဆန့်ကျင်ဘက် တစ်ဖက်နဲ့ တစ်ဖက်အကြား ယုံကြည်မှုတိုးစေတဲ့ အဓိပ္ပာယ်ကိုသက်ရောက်ပါတယ်။

**ရိုးသားဖြောင့်မတ်မှုမှ နားလည်မှု ယုံကြည်မှုဆီသို့**

လှည့်ဖြားတတ်ခြင်းမရှိတဲ့ ရိုးသားဖြောင့်မတ်တဲ့သူတွေဟာ ခင်မင်နှစ်လိုဖွယ်ကောင်းပြီး ဆက်ဆံရေးလည်း ကောင်းလှပါတယ်။ ဒီအချက်ဟာ ညှိနှိုင်းမှုမှာ အရေးကြီးတဲ့ ကိုယ်ရည်ကိုယ်သွေးတစ်ခုပါပဲ၊ ယုံကြည်မှုကို ရိုးသားဖြောင့်မတ်မှုကပဲ ရှာလို့ရပါမယ်၊ တာဝန်ယူ၊ တာဝန်ခံမှုအပြည့်ရှိလေတော့ ခေါင်းမရှောင်တတ်တဲ့အပြင် အလုပ်ကို တိတိကျကျလုပ်တတ်တဲ့အတွက် ယုံကြည်စိတ်ချလို့ရသွားပါတယ်။

> **ရိုးသားဖြောင့်မတ်တည်ကြည်မှုဆိုတဲ့ အရည်အသွေးတစ်ခုကို ရှေ့တန်းတင်ကြည့်ချင်ပါတယ်။ တစ်ဖက်နဲ့တစ်ဖက် ညှိနှိုင်းပြောဆိုဆက်ဆံကြရမှာ ကိုယ့်ရဲ့ကိုယ်နှုတ်အမူအရာက ကိုယ့်ရဲ့အတွင်းစိတ်သန္တာန်နဲ့ အပြင်နဲ့အတွင်း တစ်ထပ်တည်းကျတာကိုပဲ တစ်ဖက်ကလည်း လိုချင်မယ် ထင်ပါတယ်။ မလိမ်တတ်ဘူး၊ မညာတတ်ဘူး၊ အမှန်ပဲပြောတယ်၊ အမှားကို ဝန်ခံတတ်တယ်၊ ပွင့်ပွင့်လင်းလင်းရှိတယ်ပေါ့.. ဒီအရည်အချင်းတွေဟာ စေ့စပ်ညှိနှိုင်းမှုတစ်ခု အောင်မြင်ဖို့ အဓိကသော့ချက်တွေဖြစ်တဲ့ အပြန်အလှန်ယုံကြည်မှု၊ တစ်ဦးနဲ့တစ်ဦး နားလည်မှုတို့ကို ပေးစွမ်းပါတယ်။ လူတွေဟာ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ အတူယှဉ်တွဲနေထိုင်ဖို့အတွက်ရော၊ အကျိုးစီးပွားချင်း ထပ်တူလုပ်ဆောင်ကြဖို့အတွက်ပါစဉ်းစားရင် ရိုးသားခြင်းအရင်းခံ ဂုဏ်ဒြပ်တွေကို ဦးစားပေးစဉ်းစားကြတယ်ဆိုတာ မမေ့ဖို့လိုပါတယ်**

ညှိနှိုင်းရေးအဖွဲ့မှာ ဒီလိုလူမျိုးပါလာလို့ကတော့ မအောင်မြင်စရာ အကြောင်းမရှိဘူးလို့ မြင်ပါတယ်။ ဘာပဲဖြစ်ဖြစ် နှစ်ဦးနှစ်ဖက် နားလည်မှုအပေါ် အခြေခံပြီး သံသယတွေ ဖယ်ဖျောက်ထားနိုင်ရင် ယုံကြည်မှုတိုးလာပြီး ရှိနေတဲ့သံသယတွေတောင် ပပျောက်သွားနိုင်ပါတယ်။ အပြန်အလှန်အားဖြင့် ယုံကြည်မှုကြောင့်ပဲ နားလည်နိုင်စွမ်းအားတွေ ကြီးမားလာတယ်၊ ယုံကြည်မှုနဲ့ နားလည်ပေးနိုင်မှုက အပြန်အလှန်လေးစားမှုနဲ့ အသိအမှတ်ပြုမှုကိုတိုးစေပြီး ပူးပေါင်းဆောင်ရွက်မှုကိုလည်း အားကောင်းသွားစေတယ်ဆိုတာ အောင်မြင်စွာ ညှိနှိုင်းစေ့စပ်ဖူးသူတွေကသာ အသိဆုံးဖြစ်ပါလိမ့်မယ်။

ရိုးသားဖြောင့်မတ်မှုအပေါ်အခြေခံတဲ့ နားလည်မှုယုံကြည်မှုက စေ့စပ်ညှိနှိုင်းသူတွေကို လိုက်လျောညီထွေဖြစ်အောင်လည်း တွန်းအားပေးပါတယ်။ ထိုလက္ခဏာအားလုံးက အားလုံးအတူတကွပူးပေါင်းဆောင်ရွက်ကြမယ်ဆိုတဲ့ ခွန်အားတစ်ခုကိုလည်း ဖြစ်စေပါပြီ။

**စိတ်ရှည်သည်းခံထိန်းချုပ်နိုင်စွမ်းနဲ့**
**ခံစားမှုဦးစားမပေးတဲ့ အကျင့်ကောင်း**

အောင်မြင်သွားတဲ့ ညှိနှိုင်းမှုတိုင်းမှာ ပါဝင်ခဲ့ကြတဲ့သူတွေကို ပြန်ကြည့်ရင် ဒီလိုပုဂ္ဂိုလ်တွေမှာ သူများထက်ထူးခြားတဲ့ ကိုယ်ရည်ကိုယ်သွေးတချို့ရှိနေတယ်ဆိုတာ မြင်နိုင်ပါလိမ့်မယ်။ ကြံ့ခိုင်တဲ့စိတ်ဓာတ်နဲ့ စိတ်ရှည်သည်းခံမှု၊ တုံ့ပြန်မှုတွေအပေါ် စိတ်လှုပ်ရှားမှုမရှိဘဲ ထိန်းချုပ်နိုင်စွမ်း၊ ခံစားချက်ကို ဦးစားမပေးတဲ့အခါ ထားနိုင်လာတဲ့ အကောင်းမြင်စိတ် စတဲ့အရည်အသွေးတွေဟာ အောင်မြင်မှုတစ်ခုအတွက် ကောင်းမွန်တဲ့အကျင့်တွေပဲ ဖြစ်ပါတယ်။ ခံစားမှုများလွန်းရင် တည်ငြိမ်မှုကင်းတတ်ပြီး အဆိုးမြင်မှုများလာတဲ့သဘောဟာ တကယ့်လက်တွေ့ဘဝနဲ့ ကင်းကွာသွားတဲ့ အခြေအနေမျိုးအထိ ရောက်ရှိသွားတတ်ပါတယ်။ ဒီလိုအခြေအနေမှာ ညှိနှိုင်းမှုဟာ မအောင်မမြင် ဖြစ်သွားနိုင်တဲ့အပြင် ယခင်ကရှိခဲ့တဲ့ တက်ကြွမှု၊ နိုးကြားမှုတွေဟာ ပျောက်ချင်းမလှ ပျောက်သွားပြီး

စာမျက်နှာ ၁၁ သို့ ❂

## ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၁-၆-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၃၀၅ | ၂၃၅၀ | ၂၃၄၅ | ၂၃၁၅ | ၂၃၅၀ | ၂၃၇၀ | ၂၃၆၀ | ၂၃၃၅ | ၂၄၃၀ | ၂၄၄၅ | ၂၃၄၅ | ၂၃၅၀ | ၂၃၈၅ | ၂၃၈၅ | ၂၃၉၀ | ၂၆၁၀ | ၂၇၆၀ |
| 95 Ron | ၂၃၇၀ | ၂၄၁၅ | ၂၄၁၅ | ၂၃၈၀ | ၂၄၁၅ | ၂၄၄၀ | ၂၄၂၅ | ၂၄၀၀ | ၂၄၉၅ | ၂၅၁၀ | ၂၄၁၀ | ၂၄၂၅ | ၂၄၅၀ | ၂၄၅၀ | ၂၄၅၅ | ၂၆၇၅ | ၂၈၁၅ |
| HSD (500 ppm) | ၂၆၁၀ | ၂၆၅၅ | ၂၆၅၀ | ၂၆၂၀ | ၂၆၅၅ | ၂၆၈၀ | ၂၆၇၅ | ၂၆၄၀ | ၂၇၅၅ | ၂၇၅၀ | ၂၆၅၀ | ၂၆၅၅ | ၂၆၉၀ | ၂၆၉၀ | ၂၆၉၅ | ၂၉၁၅ | ၂၉၅၅ |
| HSD (50 ppm) | ၂၆၄၀ | ၂၆၈၅ | ၂၆၈၀ | ၂၆၄၅ | ၂၆၈၅ | ၂၇၀၅ | ၂၇၀၀ | ၂၆၇၀ | ၂၇၈၅ | ၂၇၈၀ | ၂၆၇၅ | ၂၆၈၅ | ၂၇၂၀ | ၂၇၂၀ | ၂၇၂၅ | ၂၉၄၀ | ၂၉၈၅ |
| HSD (10 ppm) | ၂၆၄၀ | ၂၆၈၅ | ၂၆၈၀ | ၂၆၄၅ | ၂၆၈၅ | ၂၇၀၅ | ၂၇၀၀ | ၂၆၇၀ | ၂၇၈၅ | ၂၇၈၀ | ၂၆၇၅ | ၂၆၈၅ | ၂၇၂၀ | ၂၇၂၀ | ၂၇၂၅ | ၂၉၄၀ | ၂၉၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၉၈ | ၂၂၇၅ |
| 95 Ron | ၂၂၆၁ | ၂၃၄၀ |
| HSD (500 ppm) | ၂၄၉၄ | ၂၅၇၃ |
| HSD (50 ppm) | ၂၅၂၂ | ၂၆၀၂ |
| HSD (10 ppm) | ၂၅၂၂ | ၂၆၀၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

❂ စာမျက်နှာ ၁၀ မှ

**မထင်မှတ်တဲ့ နောက်ဆက်တွဲဆိုးကျိုးတွေနဲ့အတူ ဘယ်လိုမှ ညှိနှိုင်းပေါင်းစပ်လို့မရတော့တဲ့အခြေအနေအထိ ဆိုက်ရောက်သွားနိုင်တယ်ဆိုတာ အထူးသတိထားဖို့လိုပါတယ်။**

**ဆွေးနွေးပွဲပုံစံမျိုးနဲ့ ကြိုတင်ပြင်ဆင်သင့်သည်များ**

ညှိနှိုင်းမှုတချို့ကို တစ်ခါတစ်ရံ ဆွေးနွေးပွဲပုံစံနဲ့ ချဉ်းကပ်အဖြေရှာရတာမျိုးလည်း ရှိနိုင်တယ်။ အထူးသဖြင့် နိုင်ငံရေးကိစ္စတွေ၊ စီးပွားရေးကိစ္စတွေမှာ ဖြစ်နိုင်ပါတယ်။ ငြိမ်းချမ်းရေးစားပွဲ၊ ညှိနှိုင်းရေးစားပွဲပေါ်မှာ တွေ့ဆုံဆွေးနွေးအဖြေရှာခြင်း စသည်ဖြင့် ခေါ်ဝေါ်လေ့ရှိကြတယ်။ ဆွေးနွေးပွဲပုံစံနဲ့ ညှိနှိုင်းမှုမျိုးဆိုရင်တော့ ကြိုတင်ပြင်ဆင်ရမယ့်အပိုင်းတွေကို အချိန်ယူပြီး အလေးအနက်ထားရတော့မှာ ဖြစ်ပါတယ်။ ကိုယ့်ဘက်ကလည်း ညှိနှိုင်းမှုစွမ်းရည်ရှိတဲ့ ပုဂ္ဂိုလ်မျိုး favour-able person မျိုးတွေကို ဦးစားပေးရွေးချယ်ရတော့မှာ ဖြစ်ပါတယ်။ ပြဿနာနဲ့ပတ်သက်ပြီး ကြိုပြီးလေ့လာထားရမယ့် အသေးစိတ်အချက်အလက်တွေ အပါအဝင် ပြောဆိုမေးမြန်းဖြေကြားနိုင်မယ့် အချက်အလက်တွေနဲ့ ပတ်သက်လို့ကတော့ အထူးပြောစရာလိုမယ်မထင်ပါဘူး။ တစ်ဖက်အဖွဲ့မှာ ဘယ်သူပါမလဲ၊ ဦးဆောင်သူက ဘယ်လိုပုဂ္ဂိုလ်မျိုးလဲ၊ သူ့ရဲ့ စွမ်းရည်နဲ့ ကိုယ်ရည်ကိုယ်သွေး၊ သူတို့ရဲ့ လိုလားချက် အစစ်အမှန်၊ သူ့ဘက်ကိုယ့်ဘက် အဆင်ပြေနိုင်မယ့် ဆွေးနွေးပွဲလုပ်မယ့် နေရာ၊ အချိန်ရွေးချယ်မှု၊ အစားအသောက်၊ အလေ့အထကအစ အရေးကြီးပါတယ်။ ဖြစ်နိုင်ဖွယ်ရာအတွက်ကော မျှော်လင့်မထားတာတွေအတွက်ပါ ကြိုတင်ခန့်မှန်း ကြိုတင်မျှော်တွေးပြီး ပြင်ဆင်ဆောင်ရွက်ထားခြင်း proactive ၊ မဖြစ်နိုင်ဘူးဆိုတဲ့အဖြေအတွက် ကိုယ့်ဘက်က မြန်မြန်ဆန်ဆန် ပြန်လည်တုံ့ပြန်နိုင်မယ့် plan B , plan C စသည်ဖြင့် မျှော်တွေးပြင်ဆင်ထားရမှာ ဖြစ်ပါတယ်။

> **အောင်မြင်သွားတဲ့ ညှိနှိုင်းမှုတိုင်းမှာ ပါဝင်ခဲ့ကြတဲ့သူတွေကို ပြန်ကြည့်ရင် ဒီလိုပုဂ္ဂိုလ်တွေမှာ သူများထက်ထူးခြားတဲ့ ကိုယ်ရည်ကိုယ်သွေးတချို့ရှိနေတယ်ဆိုတာ မြင်နိုင်ပါလိမ့်မယ်။ ကြံ့ခိုင်တဲ့စိတ်ဓာတ်နဲ့ စိတ်ရှည်သည်းခံမှု၊ တုံ့ပြန်မှုတွေအပေါ် စိတ်လှုပ်ရှားမှုမရှိဘဲ ထိန်းချုပ်နိုင်စွမ်း၊ ခံစားချက်ကို ဦးစားမပေးတဲ့အခါ ထားနိုင်လာတဲ့ အကောင်းမြင်စိတ် စတဲ့အရည်အသွေးတွေဟာ အောင်မြင်မှုတစ်ခုအတွက် ကောင်းမွန်တဲ့အကျင့်တွေပဲ ဖြစ်ပါတယ်။ ခံစားမှုများလွန်းရင် တည်ငြိမ်မှုကင်းတတ်ပြီး အဆိုးမြင်မှုများလာတဲ့သဘောဟာ တကယ့်လက်တွေ့ဘဝနဲ့ ကင်းကွာသွားတဲ့ အခြေအနေမျိုးအထိ ရောက်ရှိသွားတတ်ပါတယ်။ ဒီလိုအခြေအနေမှာ ညှိနှိုင်းမှုဟာ မအောင်မမြင်ဖြစ်သွားနိုင်တဲ့အပြင် ယခင်ကရှိခဲ့တဲ့ တက်ကြွမှု၊ နိုးကြားမှုတွေဟာ ပျောက်ချင်းမလှပျောက်သွားပြီး မထင်မှတ်တဲ့ နောက်ဆက်တွဲဆိုးကျိုးတွေနဲ့အတူ ဘယ်လိုမှ ညှိနှိုင်းပေါင်းစပ်လို့မရတော့တဲ့ အခြေအနေအထိ ဆိုက်ရောက်သွားနိုင်တယ်ဆိုတာ အထူးသတိထားဖို့လိုပါတယ်**

**Win-Win ဆိုတဲ့ သူသာ ကိုယ်သာ၊ သူလည်းနိုင် ကိုယ်လည်းအနိုင်**

ထိရောက်အောင်မြင်တဲ့ စေ့စပ်ညှိနှိုင်းမှုတစ်ခုဆိုတာ အပေးအယူ၊ အလျှော့အတင်းများစွာ လုပ်နိုင်ကြပြီးမှ သူရော၊ ကိုယ်ရောအကျိုးရှိ Win-Win အနေအထားမှာ မှန်ကန်တဲ့ဆုံးဖြတ်ချက်နဲ့အတူ ကောင်းမွန်တဲ့ ရလဒ်တစ်ခုရရှိခြင်းပဲ ဖြစ်ပါတယ်။ ညှိနှိုင်းမှုမှာပါဝင်တဲ့ တစ်ဦးတစ်ယောက်ချင်းရဲ့ ညှိနှိုင်းမှုဟန်ပန်တွေ၊ စွမ်းရည်နဲ့ ကိုယ်စွမ်းကိုယ်စတွေကြောင့် နှစ်ဖက်စလုံးက အနိုင်ရသွားကြတာပဲ ဖြစ်ပါတယ်။ မိမိနဲ့ဆက်စပ်ပြီး မိမိတာဝန်ယူရတဲ့ လူ့အဖွဲ့အစည်းရဲ့လိုအပ်ချက်တွေအပေါ်မှာလည်း အပေါင်းလက္ခဏာဆောင်တဲ့ သက်ရောက်မှုတွေအဖြစ်များစွာတွေ့မြင်ရတော့မှာ ဖြစ်ပါတယ်။

ဒါကြောင့် အဆုံးသတ်ပြောချင်တာက စေ့စပ်ညှိနှိုင်းခြင်းကို မစိုးရိမ်ပါနဲ့၊ မကြောက်ပါနဲ့၊ ဘုံအကျိုးစီးပွားအခြေခံတဲ့ ရည်မှန်းချက်တစ်ခုအောင်မြင်ဖို့နဲ့ ရှုပ်ထွေးတဲ့ ပြဿနာတွေကို စစ်ပွဲတွေမပါဘဲ ငြိမ်းချမ်းစွာဖြေရှင်းဖို့ဆိုရင် စိတ်ရှည်သည်းခံခြင်းများစွာနဲ့အတူ အချိန်တော့ပေးရမှာပဲ ဖြစ်ပါတယ်။ ညှိနှိုင်းနိုင်စွမ်းရှိတဲ့ အရည်အချင်းတွေကြောင့် ပြဿနာပြေလည်သွားသလို ရည်မှန်းချက်နဲ့ အကျိုးစီးပွားအပျက်မခံဘဲ မလျှော့တဲ့ဇွဲလုံ့လနဲ့ စေတနာပါပါ ကြိုးစားညှိနှိုင်းမှုကြောင့်လည်း မိမိရဲ့ ညှိနှိုင်းမှုအရည်အချင်းတွေ ကိုယ်ရည်ကိုယ်သွေးတွေလည်း တိုးတက်လာပါလိမ့်မယ်။ တစ်ဖက်နဲ့တစ်ဖက် သူစိမ်းတွေအနေအထားကနေ ကောင်းမွန်လာတဲ့ နှစ်ဖက်ဆက်ဆံရေးဟာ မြင့်ပြီးရင်း မြင့်နေပြီး သူနိုင် ကိုယ်နိုင်၊ သူလည်းသာ ကိုယ်လည်းသာ Win-Win ဖြစ်တဲ့အတွက် အားလုံးအတွက် အပြန်အလှန် မလွဲကေန်အကျိုးကျေးဇူး ဖြစ်ထွန်းနေကြမည်ကို မျှော်လင့်လို့ရနေပြီလည်း ဖြစ်ပါတယ်။ ။

# ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များရှိ ပထမနှစ်သင်တန်းများ၏ လစ်လပ်နေရာများသို့ ပြောင်းရွှေ့တက်ရောက်နိုင်ရေး လျှောက်လွှာခေါ်ယူသည့်ကြေညာချက်

(၂၀၂၀)ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များသို့ ဝင်ခွင့်ရရှိထားပြီး ကျောင်းလာရောက်အပ်နှံခြင်းမရှိသေးသူများ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များအချင်းချင်း ပြောင်းရွှေ့လျှောက်ထားလိုသူများ၊ အခြားဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များတွင် ဝင်ခွင့်ရရှိသူများသည် ဝင်ခွင့်အရည်အချင်းသတ်မှတ်ချက်များနှင့်ကိုက်ညီပါက ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များသို့ ပြောင်းရွှေ့လျှောက်ထားနိုင်ကြောင်းနှင့် လစ်လပ်နေရာပေါ်မူတည်ပြီး ဝင်ခွင့်အရည်အချင်းသတ်မှတ်ချက်များနှင့်ကိုက်ညီသူများအနက် အမှတ်အများဆုံးရရှိသူများအား ရွေးချယ်၍ လစ်လပ်နေရာများတွင် အစားထိုးပြောင်းရွှေ့ တက်ရောက်ခွင့်ပြုရေး ရွေးချယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

အသေးစိတ်အချက်အလက်များသိရှိလိုပါက ကျန်းမာရေးဝန်ကြီးဌာန၏ Facebook Page, Website တို့တွင်လည်းကောင်း၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၏ Website တွင်လည်းကောင်း၊ သက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များ၏ Website များတွင်လည်းကောင်း ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်းနှင့် မိမိတို့လက်ရှိတက်ရောက်ပညာသင်ကြားလျက်ရှိသော တက္ကသိုလ်များတွင်လည်း စုံစမ်းမေးမြန်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၂ ဦး တွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၂၀ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၀-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၉-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၀-၆-၂၀၂၂) ရက်နေ့၊ ည(၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း(၅,၈၇၂)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၂) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂၀) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၂၆၄,၅၅၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၃,၄၂၇) ဦး ရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၇)ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၄၀၁) ဦး ရှိပြီ ဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး / ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၁၀-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၄၆၃) ခု | (၈)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၁) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၃၅၁) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၈၁၁) ခု | (၁)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၃၇) ခု | (၂)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၆၀၉) ခု | (၁)ဦး |
| **စုစုပေါင်း** | (၅,၈၇၂) ခု | (၁၂)ဦး |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၇၁၁၄၇၄၀ | ၈၂၉၃၅၄၂ | ၁၀၃၅၃၂၀ |
| ၂။ | အိန္ဒိယ | ၄၃၂၀၇၂၆၅ | ၄၂၆၄၄၀၉၂ | ၅၂၄၇၄၇ |
| ၃။ | ဘရာဇီး | ၃၁၃၆၀၈၅၀ | ၃၀၁၅၈၂၅၆ | ၆၆၇၈၄၉ |
| ၄။ | ပြင်သစ် | ၂၉၇၅၃၃၇၀ | ၂၉၁၆၆၇၆၈ | ၁၄၈၇၁၀ |
| ၅။ | ဂျာမနီ | ၂၆၇၂၇၈၇၄ | ၂၅၈၅၀၄၀၀ | ၁၄၀၀၀၉ |
| ၆။ | ဗြိတိန် | ၂၂၃၇၃၁၄၆ | ၂၂၀၁၃၈၄၆ | ၁၇၉၁၆၅ |
| ၇။ | ရုရှား | ၁၈၃၆၉၅၅၇ | ၁၇၇၈၆၂၅၄ | ၃၇၉၈၈၃ |
| ၈။ | တောင်ကိုရီးယား | ၁၈၂၀၉၆၅၀ | ၁၇၉၄၃၃၄၉ | ၂၄၃၄၁ |
| ၉။ | အီတလီ | ၁၇၅၈၉၅၉၅ | ၁၆၇၉၇၁၂၅ | ၁၆၇၂၅၃ |
| ၁၀။ | တူရကီ | ၁၅၀၇၂၇၄၇ | ၁၄၉၇၁၂၅၆ | ၉၈၉၆၅ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၇၂၉၆၈၁ | ၉၅၄၀၅၉၈ | ၄၃၀၈၂ |
| ၂။ | အင်ဒိုနီးရှား | ၆၀၅၉၃၆၃ | ၅၈၉၈၃၈၄ | ၁၅၆၆၃၈ |
| ၃။ | မလေးရှား | ၄၅၂၀၈၅၂ | ၄၄၆၃၀၇၀ | ၃၅၇၀၈ |
| ၄။ | ထိုင်း | ၄၄၇၉၈၈၈ | ၄၄၂၅၀၄၆ | ၃၀၂၈၉ |
| ၅။ | ဖိလစ်ပိုင် | ၃၆၉၂၆၁၇ | ၃၆၂၉၄၅၉ | ၆၀၄၆၁ |
| ၆။ | စင်ကာပူ | ၁၃၃၂၆၅၆ | ၁၂၄၉၅၀၉ | ၁၃၉၆ |
| ၇။ | မြန်မာ | ၆၁၃၄၂၇ | ၅၉၂၄၀၁ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၁၀၁၃၈ | ၂၀၈၃၄၄ | ၇၅၇ |
| ၉။ | ဘရူနိုင်း | ၁၅၂၃၂၀ | ၁၄၉၂၄၃ | ၂၂၅ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၂၆၂ | ၁၃၃၂၀၆ | ၃၀၅၆ |

# အာဖရိကဒေသ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၈၁၈ သန်း သုံးစွဲခဲ့

**အဒစ်အဘာဘာ ဇွန် ၁၀**

အာဖရိကဒေသ၌ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ ၈၁၈ သန်းခန့် သုံးစွဲပြီးဖြစ်ကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးစင်တာက ပြောကြားသည်။

ထို့ပြင် ပြည်သူ ၁၇ ဒသမ ၃ ရာခိုင်နှုန်းအား ကာကွယ်ဆေးအပြည့်အဝထိုးနှံပေးပြီးဖြစ်ကြောင်း အဆိုပါစင်တာက ဆိုသည်။

အာဖရိကနိုင်ငံများအနက် ၁၀ နိုင်ငံရှိ လူဦးရေ ၃၅ ရာခိုင်နှုန်းကို ကာကွယ်ဆေး ထိုးနှံပေးပြီး ဖြစ်သည်။

ထို့ပြင်၃၇ နိုင်ငံသည်ကာကွယ်ဆေးထပ်ဆောင်း ထိုးနှံပေးရန် စီစဉ်လျက်ရှိပြီး တူနီးရှားနှင့် တောင်အာဖရိကနှစ်နိုင်ငံသည်လည်း အသက် ၅၀ နှင့်အထက် ပြည်သူများအား ကာကွယ်ဆေး ဒုတိယအကြိမ် ထပ်ဆောင်းထိုးနှံရန် စီစဉ်လျက်ရှိကြောင်း သိရသည်။


အခြားသောနိုင်ငံများတွင်လည်း ပြည်သူများ ကိုယ်ခံစွမ်းအား မြင့်မားလာစေရန် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံမှုအစီအစဉ်များ ဆောင်ရွက်ကြရန် အာဖရိကရောဂါထိန်းချုပ်ရေးစင်တာက တိုက်တွန်းပြောကြားသည်။

လက်ရှိတွင် အာဖရိကဒေသ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၁၆၇၅၈၂၅ ဦး၊ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၂၅၃၅၁၈ဦးနှင့် ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၁၁၀၄၂၁၁ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- အောင်ကျော်ကျော်**

○



# ကိုဗစ်-၁၉ ရောဂါကူးစက်မှုနည်းပါးသည့်နိုင်ငံများမှ ခရီးသွားများအား ဂျပန်နိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ပြု




**တိုကျို ဇွန် ၁၀**

ဂျပန်အစိုးရက ဇွန် ၁၀ ရက်တွင် နယ်စပ်ဒေသများကိုပြန်လည်ဖွင့်လှစ်ခဲ့ပြီး ကိုဗစ်-၁၉ ရောဂါကူးစက်မှုနည်းပါးသည့်နိုင်ငံနှင့် ဒေသပေါင်း ၉၈ ခုမှ ခရီးသွားများအား နိုင်ငံအတွင်းသို့ဝင်ရောက်ခွင့်ပြုခဲ့ကြောင်းသိရသည်။

ယခုပြည်ဝင်ခွင့်ပြုသော နိုင်ငံများတွင် အမေရိကန်၊ တောင်ကိုရီးယားနှင့် တရုတ်နိုင်ငံတို့ ပါဝင်ကြောင်း သိရသည်။

သို့ရာတွင် လက်ရှိအချိန်အထိ တစ်နေ့လျှင် နိုင်ငံအတွင်းသို့ နိုင်ငံခြားသားခရီးသွား နှစ်သောင်းအထိသာဝင်ရောက်ခွင့်ပြုကြောင်းသိရသည်။ ထို့ပြင် လက်ရှိအချိန်တွင် နိုင်ငံအတွင်းကိုဗစ်-၁၉ ရောဂါကူးစက်မှုထိန်းချုပ်ရေးအတွက် နိုင်ငံခြားသားများအား သီးသန့်ခရီးစဉ်သွားလာမှုကို ကန့်သတ်ထားသည်။ နိုင်ငံအတွင်းရှိ ခရီးသွားအေဂျင်စီများကိုလည်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများ လိုက်နာဆောင်ရွက်ရေးအတွက် တာဝန်ရှိသူများက ညွှန်ကြားခဲ့သည်။ ယခုကဲ့သို့ ပြည်ပခရီးသွားများအား နိုင်ငံအတွင်းသို့ပြန်လည်ဝင်ရောက်ခွင့်ပြုခြင်းဖြင့် ဂျပန်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုမည်ဖြစ်သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**

**ဘာသာပြန်-စိုးသူရ**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၇၅၈၄ ဦးထပ်မံတွေ့ရှိ

**နယူးဒေလီ ဇွန် ၁၀**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၇၅၈၄ ဦး ထပ်မံတွေ့ရှိခဲ့သည့်အတွက် ရောဂါ ကူးစက်ခံရသူပေါင်း ၄၃၂၀၅၁၀၆ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးကိန်းဂဏန်းများအရ သိရသည်။

ထို့ပြင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုများကြောင့် ၂၄ ဦးထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၅၂၄၇၄၇ဦးရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၃၆၂၆၇ ဦး ရှိပြီး လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၇၉၁ ဦး ကျန်းမာရေးပြန်လည်ကောင်းမွန်လာသည့်အတွက် ဆေးရုံများမှ ဆင်းသွားကြရာ ရောဂါမှ ပြန်လည်သက်သာလာသူပေါင်း ၄၂၆၄၄၀၉၂ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- အောင်ကျော်ကျော်**

# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၉၆၁ ဦးထပ်မံတွေ့ရှိ

**ဟနွိုင်း ဇွန် ၁၀**

ဗီယက်နမ်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၉၆၁ ဦးထပ်မံတွေ့ရှိပြီး အဆိုပါအရေအတွက်သည် ဇွန် ၉ ရက်က တွေ့ရှိမှုထက် ၁၆၂ ဦး မြင့်တက်လာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

ရောဂါကူးစက်ခံရသူ အားလုံးသည် ဒေသတွင်းကူးစက်ခံရသူများဖြစ်ပြီး မြို့တော်ဟနွိုင်းမှ ၁၈၁ ဦး၊ ဘတ်နန်ခရိုင်မှ ၇၇ ဦးနှင့် ဖူသိုခရိုင်မှ ၆၆ ဦး အသီးသီးတွေ့ရှိရသည်။

လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၀၇၂၉၆၈၁ ဦးရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၄၃၀၈၂ ဦးရှိကြောင်း သိရသည်။ သို့သော် ၉၅၄၀၅၉၈ ဦး (ရောဂါကူးစက်ခံရသူများ၏ ၈၉ ရာခိုင်နှုန်း) သည် ကျန်းမာရေးပြန်လည်ကောင်းမွန်လာသည့်အတွက် ဆေးရုံများမှ ဆင်းသွားခဲ့သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ ၂၂၃ ဒသမ ၁ သန်းနီးပါး သုံးစွဲပြီးဖြစ်ပြီး ယင်းတို့အနက် ၂၀၀ ဒသမ ၄ သန်းအား အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအား ထိုးနှံပေးပြီးဖြစ်သည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၂၁ ခုနှစ် ဧပြီလမှစပြီး ကိုဗစ်-၁၉ ရောဂါစတုတ္ထလှိုင်းကူးစက်မှုကို ရင်ဆိုင်ဖြတ်သန်းနေရပြီး လက်ရှိအချိန်အထိ ဒေသတွင်း ကူးစက်ခံရသူပေါင်း ၁၀ ဒသမ ၇ သန်းကျော်ရှိပြီဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- အောင်ကျော်ကျော်**

■

# အာဖရိကဒေသခွဲရှိနိုင်ငံများ၌ အစိမ်းရောင်စွမ်းအင်ပြောင်းလဲရေး တာဝန်ရှိသူများကြိုးပမ်းဆောင်ရွက်

**နိုင်ရိုဘီ ဇွန် ၁၀**

အာဖရိကဒေသခွဲရှိနိုင်ငံများတွင် လက်ရှိအချိန်၌ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အရေးပေါ်အခြေအနေများမှ ကာကွယ်နိုင်ရန်၊ ရုပ်ကြွင်းလောင်စာသုံးစွဲခြင်းမှ အစိမ်းရောင်စွမ်းအင်ကဏ္ဍသို့ ပြောင်းလဲနိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အာဖရိကဒေသခွဲနိုင်ငံများရှိ မြို့ကြီးများ၌ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကို ကျယ်ပြန့်စွာအသုံးချခြင်းဖြင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာအရေးပေါ်အခြေအနေများကို လျှော့ပါးစေမည်ဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများလည်း အများအပြားဖန်တီးလာနိုင်မည်ဖြစ်ကြောင်း ကင်ညာနိုင်ငံမြို့တော် နိုင်ရိုဘီ၌ ကျင်းပသည့် ဆွေးနွေးပွဲတွင် တာဝန်ရှိသူများက ပြောကြားသည်။

လက်ရှိအချိန်တွင် ရာသီဥတုဆိုင်ရာအရေးများကိုကြုံတွေ့နေရသည့် အာဖရိကနိုင်ငံများအတွက် စွမ်းအင်ဆိုင်ရာအစီအစဉ်ကို ချမှတ်ဆောင်ရွက်ရန် အရေးကြီးကြောင်း ကင်ညာစွမ်းအင်ဝန်ကြီးမိုနီကာ ဂျူမာကပြောကြားသည်။ အာဖရိကဒေသခွဲအတွင်း စွမ်းအင်ဆိုင်ရာလိုအပ်ချက်များကိုဖြေရှင်းဆောင်ရွက်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှုများရရှိခြင်း၊ အလုပ်အကိုင်များ ဖန်တီးနိုင်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရှိကြောင်း ၎င်းကပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**



# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ မော်တော်ယာဉ်နှင့် မော်တော်ယာဉ်အပိုပစ္စည်းများ သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၁၀

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇွန် ၈ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်တောင်းတံတားနှင့် ညောင်ခါးရှည်အကြား ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်နေစဉ် မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် ယာဉ်တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀)ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းအရ လည်းကောင်း၊ ဇွန် ၉ ရက်နှင့် ၁၀ ရက်တို့တွင် သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က တောင်ငူခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း တရားမဝင် သစ်မျိုးစုံ ၁၄ ဒသမ ၉၅၇၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၁၈၄၀၂)ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၄၁၈၄၀၂)ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇွန် ၉ ရက်တွင် ရှမ်းပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်း၌ တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် ဆပ်ပြာမှုန့်ထုပ်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၀၀၀၀)နှင့် အဆိုပါ ပစ္စည်းများတင်ဆောင်လာသည့် ယာဉ်တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၀၀၀၀၀) စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၂၅၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ကုန်တင်ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသည့် ကားတာယာများ(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇွန် ၈ ရက်၊ ၉ ရက်နှင့် ၁၀ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၁၆၈၄၀၂) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# မြဝတီ၊ ကွတ်ခိုင်နှင့် မောင်တောမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၁၀


မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၉ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင် မြဝတီမြို့ အမှတ်(၄)ရပ်ကွက်၌ မမှူးသောက်အိမ်(ခ)မဘီ ကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ကို လည်းကောင်း၊ ထိုနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် ကွတ်ခိုင်မြို့ အမှတ်(၄)ရပ်ကွက်နေ မဟောင်ကွေ့ချိန်၏ နေအိမ်သို့ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ နှင့် ဘိန်းဖြူ သုည ဒသမ ၀၃ ကီလိုတို့ကို လည်းကောင်း။



မဟောင်ကွေ့ချိန်အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ဇွန် ၈ ရက် နံနက် ၁၁ နာရီခွဲတွင် မောင်တောမြို့နယ် သီဟိုဠ်ကျွန်းကျေးရွာအုပ်စု ဟာဘီ(အလယ်)ကျေးရွာအနီး၌ စိုးအောင်သိန်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရောင်းဝယ်သူများဖြစ်ကြသည့် မစိုးစိုးအေး(ခ)မိုးမိုးအေး(ခ)စိုးစိုး၊ ဝင်းချေနှင့် အောင်နီလာတို့ သုံးဦးကို မောင်တောမြို့ မြို့မအရှေ့ရပ်ကွက်၌ လည်းကောင်း၊ မွန်းလွဲ ၂ နာရီတွင် စိန်လှထွန်း၊ အောင်မျိုးဝင်းနှင့် အောင်ချမ်းအေးတို့ သုံးဦးကို မောင်တောမြို့ (၃)မိုင်ရပ်ကွက်ရှိ စျေးဆိုင်တန်း၌ ဆိုင်ကယ်နှစ်စီးဖြင့် လည်းကောင်း၊ ညနေ ၃ နာရီခွဲတွင် ခိုင်မျိုးလင်းကို မောင်တောမြို့နယ် (ဒု)ချီးယားကျေးရွာအုပ်စု ခရေမြိုင်ကျေးရွာရှိ သန်းဝင်း၏ နေအိမ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၉၃၀ ဖြင့် လည်းကောင်း၊ ညနေ ၄ နာရီ မိနစ် ၂၀ တွင် ဇော်မီ ကို မောင်တောမြို့ မြို့မအနောက်ရပ်ကွက်ရှိ နာရီစင်အနီး၌ လည်းကောင်း ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား




# ပုသိမ် / ကန်ကြီးထောင့်မြို့နယ်အတွင်း ငါးဖမ်းဆီးမှုမရှိစေရေး ပညာပေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဇွန် ၁၀

ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် ပုသိမ်/ကန်ကြီးထောင့်မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဒေါ်ဝင်းဝင်းသန်းနှင့် ဝန်ထမ်းများသည် ဇွန် ၈ ရက်က ငါးသယံဇာတ ထိန်းသိမ်းရေးအတွက် ငါးရစ်၊ ငါးသန်ကာလအတွင်း ငါးဖမ်းဆီးမှုမရှိစေရေးနှင့် တားမြစ်ထားသော ငါးဖမ်းနည်းများဖြင့် ငါးဖမ်းဆီးမှုမရှိစေရေးတို့အတွက် ပုသိမ်မြို့ ကမ်းနားလမ်းနှင့် ကန်ကြီးထောင့်မြို့ ပုသိမ်-ရန်ကုန် ကားလမ်းဘေး မာလာကုန်းထိပ်တွင် ပညာပေးပိုစတာများ စိုက်ထူခြင်း၊ စျေးများအတွင်း လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၁-၆-၂၀၂၂ စနေနေ့

### MRTV HD

- ၀၆:၀၀ မေတ္တသုတ်၊ ရတနသုတ်၊ တောမျှော်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ ပြည်သူအားလုံးနှင့်သက်ဆိုင်သော အနာဂတ်ဒီမိုကရေစီ
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ လူငယ်မျိုးဆက်သစ်အစီအစဉ်
- ၁၁:၄၅ တိုင်းရင်းသားရိုးရာ အစားအစာ ချက်ပြုတ်နည်းများ
- ၁၂:၂၀ မြန်မာဇာတ်လမ်းတွဲ 'ကျွန်တော်ချစ်သောဇိမ်းမများ' (အပိုင်း-၆)
- ၁၃:၃၀ MRTV National News
- ၁၆:၃၅ ပုံပြင်ကမ္ဘာအစီအစဉ်
- ၁၆:၄၅ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၇:၂၀ ရှုလေမြင်လေကမ္ဘာမြေ
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သုတဝေဖြာ သီရိဂေဟာ
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'အမှန်တရားရဲ့လျှို့ဝှက်ချက်' (အပိုင်း-၉၆)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ (၃၀)ဖြာဝင်းလာ (ဦးနန်းဝင်း ရေးသားပူဇော်တင်ဆက်သည်) 'ဒါနဥ' နှင့် 'ဝိနယောဒသုဿိက္ခိတော'
- ၂၁:၄၅ ဟိုးတုန်းကရေဒီယိုအသံလွှင့်ဇာတ်လမ်း 'ငရဲသန်း'

### mitv

- 07:01 Migadawon (Tekkatho Lei Lei)
- 07:09 Weekly Review
- 07:25 Mommy Cook: The Foster Mother
- 07:43 Myanmar Street Foods
- 07:47 Myanmar Family Life: Family Duties
- 08:00 Quiz Time
- 09:01 News
- 09:26 Global Partnership for Brighter Future: Iran Pavilion at Expo 2020 Dubai
- 09:38 A Day in Pyin Oo Lwin
- 10:02 Sticky Shan Snack
- 10:08 The Lapidarist
- 10:23 Atuladhipati Mahamunisacca Koe Htat Kyee Pagoda

### MRTV NRC

- အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀) ထမင်းရည်ရဲ့အာနိသင်အကြောင်းသိကောင်းစရာ
- အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀) ဖားစည်မြေမှ ရိုးရာအလှ
- ချင်း (လိုင်းဇိုး) (၀၈:၀၀ မှ ၀၉:၀၀) ဝုက်ယူစံထားသောလုံးသမား ဆလိုင်းလာကျဲအိုလွယ်
- ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀) ကြိုတ်အေတွို
- မွန် (၁၀:၀၀ မှ ၁၂:၀၀) မွန်ရိုးရာတူရိယာ
- ရခိုင် (၁၂:၀၀ မှ ၁၄:၀၀) ကျောက်တော်တောင်ပွဲ (ဗုဒ္ဓပူဇနီယပွဲတော်)
- ရှမ်း (၁၄:၀၀ မှ ၁၆:၀၀) ရှမ်းဘာသာစကားပြောကြရအောင်(အပိုင်း-၂)
- ဝ (၁၆:၀၀ မှ ၁၈:၀၀) ငါးပေါင်းပြုလုပ်နည်း
- ကချင် (၁၈:၀၀ မှ ၂၀:၀၀) လော်ဝေါ်ရိုးရာဝတ်စားဆင်ယင်ပုံ
- ကယား (၂၀:၀၀ မှ ၂၂:၀၀) ဲသမားတို့ရဲ့ဘဝ
- ပအိုဝ်းကရင် (၂၂:၀၀ မှ ၂၃:၀၀) ဝေါ်ရန်ဂိုကျွန်းသဘာဝအလှ(အပိုင်း-၂)

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၁၅ သတိပြုကာကွယ်ငှက်ဖျားရောဂါအန္တရာယ်
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တောင်းပန်ပါတယ်'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၇)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဂျပန်နိုင်ငံ)
- ၁၁:၃၀ အတွေးအမြင် (အပိုင်း-၇)

### MRTV FARMERS'

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၂၅ ဆွေးနွေးကြမယ် စိုက်ပျိုးမွေးမြူနည်း အသွယ်သွယ်
- ၀၆:၅၅ အောင်လံသုတေသနနှင့် မျိုးသန့်ခြံ ငွေချည် (၆)ချည်မျှင်ရှည်ဝါ
- ၀၇:၀၀ ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး
- ၀၇:၁၅ နည်းပညာတန်ဖိုး
- ၀၈:၂၀ သူသူငါငါနေရာတကာမှိုရတဲ့မျက်နှာ
- ၀၉:၂၅ ဝင်ငွေတိုးပွားရွှေသဒ္ဒါး

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ လူနာတင်ယာဉ်အား အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ယာဉ်ပေါ်ပါ အမျိုးသား တစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာရ

**နေပြည်တော် ဇွန် ၁၀**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ လူနာပို့ပြီး ပြန်လာသည့်လူနာတင်ယာဉ်အား အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ယာဉ်ပေါ်ပါ အမျိုးသား တစ်ဦးသေဆုံးကာ တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၉ ရက် ည ၁၀ နာရီ ၂၅ မိနစ်တွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ လူနာတင်ယာဉ် တစ်စီးအား အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်ခဲ့သဖြင့် ယာဉ်ပေါ်ပါ အမျိုးသား တစ်ဦး သေဆုံးကာ တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖြစ်စဉ်အား စိစစ်ခဲ့ရာ






စစ်တောင်းကျေးရွာနေ ကိုအောင်မျိုးသူမောင်နှင့်ပြီး တစ်ရွာတည်းနေ ကိုနေလင်းထွန်း(၄၂)နှစ် (၁) ဦးရဲအောင်၊ ကိုပြည့်ဖြိုးအောင်(၂၇)နှစ် (၁)ဦးမြဝင်း နှင့် ကိုကျော်ဇင်ဦး(ခ)ငပွားတို့ လိုက်ပါလာသည့် လူနာတင်ယာဉ်သည် ကျိုက်ထိုမြို့နယ် ပြည်သူ့ဆေးရုံသို့ လူနာသွားရောက်ပို့ဆောင်ပြီး စစ်တောင်းကျေးရွာသို့ ပြန်လည်ထွက်ခွာလာစဉ် အင်္ဂဘိုကျေးရွာအနီးအရောက်တွင် အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ကိုပြည့်ဖြိုးအောင်နှင့် ကိုကျော်ဇင်ဦး(ခ)ငပွားတို့တွင် ကျည်ထိမှန်ဒဏ်ရာများရရှိခဲ့ပြီး ကျိုက်ထိုမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသစဉ် ကိုပြည့်ဖြိုးအောင်မှာ ရရှိထားသော ဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ကြောင်း သိရသည်။

ထိုသို့ လူနာတင်ယာဉ်အား အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၌ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများပျက်ပြားကာ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ PDF အမည်ခံ အကြမ်းဖက်သမားများက ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီး

**နေပြည်တော် ဇွန် ၁၀**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ၏အနာဂတ်ဖြစ်သည့် မျိုးဆက်သစ်ရင်သွေးငယ်များ၏ ပညာရေးတွင် နောက်ကျကျန်ရစ်မှုမဖြစ်ပေါ်စေရေးအတွက် ပညာသင်ကြားနိုင်မှု အခွင့်အလမ်းကို ပြည့်ဝစွာအသုံးချနိုင်စေရန် အခြေခံပညာကျောင်းများကို ဇွန် ၂ ရက်တွင် စတင်ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး ကျောင်းဝတ်စုံ၊ ကျောင်းသုံးဖတ်စာအုပ် အပါအဝင် ကျောင်းသုံးစာရေးကိရိယာများကို နိုင်ငံတော်အစိုးရမှ အခမဲ့ထောက်ပံ့ပေးခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းတို့ကို အင်တိုက်အားတိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။


သို့ရာတွင် NUG အမည်ခံ အကြမ်းဖက်အဖွဲ့နှင့် ၎င်း၏လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်နှင့် ၎င်းတို့ကို အကြောက်တရားဖြင့် ထောက်ခံအားပေးလာစေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ဆရာ၊ မိဘများအား ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ အထောက်အကူပြုပစ္စည်းများနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ကျောင်းသုံးစာအုပ်များအား မီးရှို့ဖျက်ဆီးခြင်း၊ အတင်းအဓမ္မလုယူခြင်း စသည့်နည်းလမ်းမျိုးစုံ အသုံးပြုကာ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဇွန် ၉ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် အလယ်ရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း သတင်းအရ အဆိုပါကျောင်းဝင်းအတွင်းရှိ စာသင်ကြားခြင်းမရှိ ပိတ်ထားသည့် သုခဝတီဆောင်အနောက်ဘက်ဘုရားအနီး လမ်းမပေါ်မှနေ၍ ဆိုင်ကယ်စီးနင်းလာသည့် အကြမ်းဖက်သူ အမျိုးသားနှစ်ဦးက လက်လုပ်အသံဗုံး တစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့သဖြင့် သုခဝတီဆောင်နှင့် အုတ်တံတိုင်းကြားသို့ ကျရောက်ပေါက်ကွဲခဲ့ကြောင်း သိရသည်။


ထို့အပြင် ဇွန် ၉ ရက် နံနက် ၈ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ရွာသစ်ကြီးကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း ၁၀ တန်းကျောင်းဆောင်ရှေ့ရှိ စာသင်ခုံပေါ်၌ ဆန့်ကျင်ခြိမ်းခြောက်စာများပါရှိသည့် စာရွက်တစ်ရွက်ကိုလည်းကောင်း၊ မွန်းလွဲ ၃ နာရီ ၂၅ မိနစ်တွင် တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် စမ်းလှမ်းကျေးရွာနေ အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးသက်လွင်ဦးထံသို့ ကျည်ဆန်တစ်တောင့်နှင့် LLPDF တံဆိပ်ပါ ခြိမ်းခြောက်စာ တစ်စောင်ကိုလည်းကောင်း ပေးပို့ခဲ့ကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်စိစစ်မှုများ ပြုလုပ်ခဲ့ပြီး ခြိမ်းခြောက်စာပေးသွားသူများကို စုံစမ်းရှာဖွေလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိသည်။ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအနေဖြင့်လည်း ယခုကဲ့သို့ ယုတ်မာရိုင်းစိုင်းသည့်လုပ်ရပ်ကို ကျူးလွန်ခဲ့သည့်၊ ကျူးလွန်ရန် အားပေးလှုံ့ဆော်နေသည့် NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအပေါ် ဝိုင်းဝန်းဆန့်ကျင်ကြရန်နှင့် အကြမ်းဖက်အဖွဲ့များ၏ လှုပ်ရှားမှုသတင်းများရရှိပါက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များထံ သတင်းပို့ခြင်းဖြင့် ပြည်သူ့လုံခြုံရေး၊ အနာဂတ်ရင်သွေးငယ်များ၏ လုံခြုံရေးကို ဝိုင်းဝန်းကူညီပေးကြပါရန် မေတ္တာရပ်ခံတိုက်တွန်းထားကြောင်း သိရသည်။ **သတင်းစဉ်**




တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ်၌ ကျည်ဆန်တစ်တောင့်နှင့် LLPDF တံဆိပ်ပါ ခြိမ်းခြောက်စာတစ်စောင် ပို့ဆောင်ခြိမ်းခြောက်မှု။



စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်၌ အခြေခံပညာအထက်တန်းကျောင်းရှေ့သို့ ဆန့်ကျင်ခြိမ်းခြောက်စာသားများ ရေးသားထားသည့် စာရွက်ချထားမှု။

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၁၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် ကျော်နီမော်ကျေးရွာနေ ကျော်စိုးသည် ၎င်းအသုံးပြုသည့် "Kyaw Soe" Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (စ)ရပ်ကွက်နေ ဟိန်းမင်းထက်(ခ)ဖိုးအောင်သည် ၎င်းအသုံးပြုသည့် "Hein Min Htet" Facebook အကောင့်နှင့် နေပြည်တော် ပျဉ်းမနားမြို့နယ်နေ အောင်ဇေယျ(ခ)အောင်အောင်သည် ၎င်းအသုံးပြုသည့် "Aung Aung" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရောဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဆင့်ပွားသင်တန်းအမှတ်စဉ်(၁/၂၀၂၂) ဖွင့်ပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၁၀**

ရောဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့မှ ကျင်းပသော တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဆင့်ပွားသင်တန်း အမှတ်စဉ် (၁/၂၀၂၂)ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပုသိမ်မြို့ ရောရွှေဝါခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်နှင့် တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဆင့်ပွားသင်တန်း တက်ရောက်မည့် သင်တန်းသား သင်တန်းသူများအား ထောက်ပံ့ငွေများပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့ ပြည်သူ့ဆေးရုံကြီး ကိုးထပ်တိုးချဲ့ဆောင်၏ ၈၃ ရာခိုင်နှုန်း ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ထန်းတပင်မြို့နယ်၌ စက်မှုလယ်ယာစနစ်ကျလယ်ယာမြေဧက ၁၅၀ တွင် တောင်သူအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**ထန်းတပင် ဇွန် ၁၀**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်အတွင်း အရည်အသွေးကောင်းမွန်သော စံပြကွက်များဖြစ်စေရေးအတွက် အုတ်ဖိုကျေးရွာ ကွင်းအမှတ်(၁၇၆-ခ)ရှိ လယ်ယာမြေဧက ၁၅၀ ကို စက်မှုလယ်ယာစနစ်ကျလယ်ယာမြေများအဖြစ် ပြောင်းလဲအကောင်အထည်ဖော် ဆောင်ရွက်ထားရှိပြီး အဆိုပါလယ်ယာမြေဧက ၁၅၀ တွင် တောင်သူအသိပညာပေးလုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်းကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



တောင်သူအသိပညာပေးဆောင်ရွက်ရာတွင် ဇွန် ၁၀ ရက်က ဒေသခံတောင်သူများအား မျိုးစေ့အရည်အသွေးထိန်းသိမ်းရေး အကြောင်းအရာများ၊ သဘာဝမြေဩဇာသုံးစွဲခြင်း၊ အီးအမ်ဘိုကာရှီ သုံးစွဲနည်းနှင့် မြေဆွေးပုံပြုလုပ်နည်းများကို တိုင်းဒေသကြီးမျိုးစေ့ထုတ်တာဝန်ခံ ဒေါ်ဆွေဆွေဦး၊ တိုင်းဒေသကြီးမြေအသုံးချမှု တာဝန်ခံ ဒေါ်မြင့်မြင့်မော်နှင့် တာဝန်ရှိသူများက အသိပညာပေး ဆောင်ရွက်ခဲ့ကြပြီး ဆင်းသုခ(RS) မျိုးစေ့အိတ် ၂၀ ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇေယျာလင်းနှင့် တာဝန်ရှိသူများက စံပြကွက်စိုက်ပျိုးမည့် တောင်သူများအား ပေးအပ်ခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ တောင်သူများ စပါးစိုက်ပျိုးရာတွင် စက်စွမ်းအားကိုအသုံးပြုကာ စပါးအထွက်နှုန်းများ တိုးတက်လာစေရန်အတွက် ကောက်စိုက်စက်ကိုအသုံးပြု၍ မိုးစပါးစိုက်ပျိုးမှု သရုပ်ပြပွဲကို ကျင်းပသည်။ မိုးစပါးစိုက်ပျိုးမှု သရုပ်ပြပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇေယျာလင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

# သာစည်မြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းဖွင့်

**သာစည် ဇွန် ၁၀**

မန္တလေးတိုင်း ဒေသကြီး သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဆပ်ပြာရည်နှင့် ခေါင်းလျှော်ရည်ပြုလုပ်နည်းသင်တန်းဖွင့်ပွဲကို ဇွန် ၈ ရက်က အဆိုပါဦးစီးဌာနရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာစည်မြို့နယ် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် သင်တန်းတွင်ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး သင်တန်းနည်းပြဆရာမ ဒေါ်သွယ်သွယ်ထွန်းက သင်တန်းတွင် သင်ကြားပို့ချပေးမည့် ဘာသာရပ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**ပစ္စည်းများ ပေးအပ်**

ထို့နောက် သင်တန်းသူများက တစ်ဦးချင်း မိတ်ဆက်ကြပြီး သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးက သင်ထောက်ကူ ပစ္စည်းများကို သင်တန်းသူများထံသို့ ပေးအပ်ခဲ့သည်။

အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဆပ်ပြာရည်နှင့် ခေါင်းလျှော်ရည်ပြုလုပ်နည်း သင်တန်းသို့ သင်တန်းသူစုစုပေါင်း ၁၅ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလအနေဖြင့် ဇွန် ၈ ရက်မှ ၁၇ ရက်ထိဖြစ်ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**




# မိုင်းရယ်မြို့နယ်၌ နွေစပါးစံကွက် ရိတ်သိမ်း

**မိုင်းရယ် ဇွန် ၁၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းရယ်မြို့နယ်၌ စိုက်ပျိုးရေးဦးစီးဌာနနှင့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၂၁-၂၀၂၂ ခုနှစ် စိုက်ပျိုးထားသည့် နွေစပါးစံကွက် ရိတ်သိမ်းခြင်းကို ယနေ့နံနက် ၁၀ နာရီက နားခိုကျေးရွာ ဦးပိုင်အမှတ် (၁၄)၊ ကွင်းအမှတ် (၁၇)၌ ပြုလုပ်သည်။



အဆိုပါ နွေစပါးစံကွက်ရိတ်သိမ်းရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းအောင်နှင့်အဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစိုးနိုင်နှင့် ဝန်ထမ်းများ၊ လယ်ယာမြေစီမံခန့်ခွဲရေး ဦးစီးဌာနမှ ဝန်ထမ်းများနှင့် တာဝန်ရှိသူများနှင့် တောင်သူများ တက်ရောက်ခဲ့ကြပြီး နွေစပါးစံကွက် ငါးဧကကို စနစ်တကျ ရိတ်သိမ်းကြသည်။

ထို့နောက် စံကွက်အထွက်တိုင်းတာခြင်းများကို ဆောင်ရွက်ရာ နွေစပါး ၈၈၁ အမျိုးအစား စိုက်ဧက ငါးဧကမှ တစ်ဧကလျှင် ပျမ်းမျှအထွက်နှုန်း အစို ၁၆၆ ဒသမ ၀၂ တင်း၊ အခြောက် ၁၄၁ ဒသမ ၁၁ တင်း ထွက်ရှိကြောင်း သိရသည်။

မိုင်းရယ်မြို့နယ်၌ ၂၀၂၁-၂၀၂၂ ခုနှစ်တွင် နွေစပါး ၉၄ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါ နွေစပါးစိုက်ပျိုးသည့် တောင်သူများအား တစ်ဧကအထွက်နှုန်း တိုးတက်ရေးအတွက် ဓာတ်မြေဩဇာ အပြည့်အဝထည့်သွင်းအသုံးပြုနိုင်စေရန်အတွက် နိုင်ငံတော်အစိုးရက ပုလဲဓာတ်မြေဩဇာများအား ဒေသပေါက်ဈေးနှုန်းထက် ဈေးနှုန်းချိုသာစွာဖြင့် တောင်သူများ လက်ဝယ်အရောက် ဖြန့်ဖြူးပေးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မိုင်းရယ် (ပြန်/ဆက်)**

# ရသစုံလင်ရုပ်စုံသဘင်

## သွင်လန်း

ပြီးခဲ့သည့် စနေနေ့ည ၉ နာရီက MRTV (HD) အစီအစဉ်တွင် မန်းသိင်္ဂါရုပ်စုံသဘင်၏ သုဝဏ္ဏသာမ ဇာတ်တော်ကြီး တင်ဆက်ပြသသွားသည်ကို စိတ်နှလုံးကြည်နူးဖွယ်ရာ ကြည့်ရှုလိုက်ရသည်။ ရုပ်စုံသဘင်ဟု ဆိုလိုက်သည်နှင့် ငယ်ငယ်က ရပ်ထဲရွာထဲမှာ ကြည့်ရှုခဲ့ရသော ရုပ်စုံသဘင်ခေါ် ရုပ်ကြီးစင်ခေါ် ရုပ်သေးပွဲကို သတိရမိသည်။

ရုပ်သေးပွဲကို အငြိမ့်ပွဲ ဇာတ်ပွဲများနည်းတူ ပရိသတ်ကြိတ်ကြိတ်တိုး အားပေးလေ့ရှိသည်။ ရုပ်သေးပွဲအများစုမှာ ရုံမပါဗလာပွဲများအဖြစ် ဖျော်ဖြေတင်ဆက်လေ့ရှိကြသည်။ ရုပ်သေးပွဲတိုင်းတွင် ရိုးရာသမားစဉ်နှင့်အညီ အပျိုတော်အက၊ မြင်းနှင့် မြင်းထိန်းအက၊ ရာမနှင့် ဒသဂီရိ၊ ဇော်ဂျီအက စသည်တို့ အစဉ်လိုက်ကပြရသည်။ စာရေးသူတို့ ကလေးဘဝတုန်းက ရုပ်သေးပွဲဆိုလျှင် မြင်းရုပ်နှင့် မြင်းထိန်းမည်းမည်းသည်းသည်းကို မျက်ပြူးတို့၊ ဆွဲလိုက်ရုန်းလိုက်နှင့် နောက်ဆုံး မြင်းထိန်းပုဆိုးကျွတ်ကျသောအခန်းကို ကလေးများသဘောအကျဆုံးဖြစ်သည်။

မရွှေဥရက်ကန်းခတ်နေစဉ် ကျားဆွဲသည့်အခန်းမှာလည်း မျက်တောင်မခတ်စောင့်ကြည့်ရသော မပါမဖြစ် အခန်းဖြစ်သည်။ ရုပ်သေးအဖွဲ့အများစုမှာ မရွှေဥရက်ကန်းစင်ကို ပရိသတ်ကြည့်နေသည့် ခေါင်းပေါ်အထိ ကြိုးဆိုင်းများဖြင့် ထုတ်ထားပြီး ပရိသတ်ခေါင်းပေါ်မှာပင် မရွှေဥအရုပ်နှင့် ကျားရုပ်ကို လှုပ်လှုပ်ရှားရှားကစားပြီး ပညာစွမ်းပြလေ့ရှိကြသည်။ ရုပ်သေးပညာရှင်တို့၏ ပညာစွမ်းကြောင့် ပရိသတ်စိတ်နှလုံးကို လှုပ်ခတ်စေခဲ့သည်။

### ရုပ်သေးကြိုးဆွဲပညာ သို့မဟုတ် ရုပ်ကြီးစင်

ရုပ်ကြီးစင်ဟူသည် ပကတိလူအရွယ်နီးပါးရှိသော အရုပ်များကို ကြိုးတပ်၍လှုပ်ရှားကပြသောသဘင်၊ ရုပ်သေးဟူသည် ကြိုးဆွဲ၍ အရုပ်များကို လှုပ်ရှားကပြစေသည့် အမြင့်သဘင်ဟု မြန်မာအဘိဓာန်တွင် ဖွင့်ဆိုထားပါသည်။ မြန်မာတို့၏ ရုပ်သေးကြိုးဆွဲပညာ သို့မဟုတ် ရုပ်ကြီးစင်တင်ဆက်မှုသည် မြန်မာတွင်မက ကမ္ဘာမှာပါ ကျော်ကြားခဲ့သည်။

စာရေးသူသိကျွမ်းခဲ့ဖူးသူ သာကေတမြို့နယ်မှ ရုပ်သေးပညာရှင်တစ်ဦးသည် ယဉ်ကျေးမှုဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် နိုင်ငံရပ်ခြားသို့ အကြိမ်ကြိမ်သွားရောက်ပြီး မြန်မာ့ရုပ်သေးကြိုးဆွဲ အနုပညာကို ကမ္ဘာသိအောင်ပြသခဲ့ရသည်။ ပုဂံညောင်ဦးရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် ညစဉ်ညတိုင်း ရုပ်ကြီးစင်ဖျော်ဖြေပွဲဖြင့် ဧည့်ခံဖျော်ဖြေပြီး ရုပ်သေးပညာရှင်များက ရုပ်သေးရုပ်များဖြင့် ဧည့်သည်ရှိရာ စားပွဲဝိုင်းများပေါ်အထိ လိုက်လံကပြဖျော်ဖြေလေ့ရှိရာ နိုင်ငံခြားသားဧည့်သည်များ လွန်စွာသဘောကျနှစ်ခြိုက်ကြပြီး ရုပ်သေးရုပ်များနှင့် တွဲဖက်ဓာတ်ပုံရိုက်၊ မှတ်တမ်းတင်သွားကြသည်ကို ဂုဏ်ယူဖွယ်ရာတွေ့မြင်ခဲ့ရသည်။

သုဝဏ္ဏသာမဇာတ်တော်ကြီးကို ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)တို့ ပူးပေါင်းစီစဉ်တင်ဆက်ခဲ့ခြင်းဖြစ်သည်။

သုဝဏ္ဏသာမဇာတ်တော်ကြီးကို ကြိုးဆွဲအရုပ်များနှင့် သရုပ်ဆောင်သရုပ်ဖော်ရသည်မှာ လွယ်ကူသည့် အလုပ်မဟုတ်ပါချေ။ ကြိုးဆွဲပညာရှင်က ဇာတ်လမ်းဇာတ်ကွက်နှင့်အညီ အံကိုက်လှုပ်ရှားစေရန် ကြိုးပေါင်းများစွာကို အလျှော့အတင်းပြုလုပ်ရသလို အဆိုအပြော အသံရှင်များကလည်း အရုပ်၏ လှုပ်ရှားဟန်နှင့် ကိုက်ညီအောင် အဆိုအငိုအပြောသရုပ်ဆောင်ကြရသည်။ မြန်မာဆိုင်းဝိုင်းကြီးမှ ဆိုင်းပညာရှင်များကလည်း အဆိုအငိုအပြောများနှင့် လိုက်ဖက်သည့်တေးဂီတကို ဖန်တီးပေးရသည့်အပြင် စင်ပေါ်က ကပြသည့် အရုပ်အားလုံး၏ လှုပ်ရှားမှုနှင့်လိုက်ဖက်သော တေးဂီတကို ဖန်တီးတင်ဆက်ကြရသည်။



ဇာတ်လမ်းဇာတ်ကွက်၊ အဝင်အထွက် အခန်းပြောင်း တီးလုံးများကို အဆက်မပြတ်ဖန်တီးတီးမှုတ်ကြရသည်။ တကယ်တော့ သုဝဏ္ဏသာမဇာတ်တော်ကြီးကို ရုပ်စုံသဘင်ဖြင့် သရုပ်ဖော်တင်ဆက်ကြသည်ဆိုရာတွင် ပါဝင်သူအနုပညာရှင်အားလုံး၏ စည်းလုံးညီညွတ်မှုကလည်း အထူးအရေးပါလှသည်။ စုပေါင်းအင်အားဖြင့် ညီညွတ်မှုကလည်း အထူးအရေးပါလှသည်။ စုပေါင်းအင်အားဖြင့် ညီညီညွတ်ညွတ်လုပ်ဆောင်နိုင်မှသာ ပီပြင်သော ရုပ်စုံသဘင်တင်ဆက်မှုအဆင့်သို့ ရောက်ရှိနိုင်ပါသည်။

### ရုပ်စုံသဘင်တင်ဆက်မှု

လူကိုယ်တိုင်ကပြရသော ဇာတ်သဘင်များတွင် သရုပ်ဆောင်သူကိုယ်တိုင်က အဆိုအငိုအပြောများကို တိုက်ရိုက် ဆိုရ၊ ငိုရပြောရပါသည်။ ရုပ်စုံသဘင်တင်ဆက်မှုတွင် ကြိုးဆွဲသူက အရုပ်၏ ဟန်ပန်အမူအရာများကို အချက်ကျဖန်တီးရပြီး ဆိုငိုပြောသူက အရုပ်၏လှုပ်ရှားဟန်နှင့် ထပ်တူကျအောင် ဆိုငိုပြောရသည်မှာ လွယ်ကူလှသည်တော့ မဟုတ်ပါချေ။ စင်စစ်တော့ မြန်မာ့ရုပ်စုံသဘင်သည် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာကို ထင်ဟပ်ပေါ်လွင်အောင် ပြသနိုင်သည့် ဂုဏ်ယူဖွယ်ရာ အနုပညာတင်ဆက်မှုတစ်ရပ်ပင်ဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။

သုဝဏ္ဏသာမဇာတ်တော်ကြီးကို ဗုဒ္ဓဝင်ဇာတ်တော်ကြီးအဖြစ် ဇာတ်သဘင်တင်ဆက်မှုတွင် ကြည့်ရှုထားဖူးသဖြင့် ဇာတ်လမ်းဇာတ်ကွက်ကို သိရှိထားပြီးဖြစ်သော်လည်း ထွန်းသင်္ဂါရုပ်စုံသဘင်မှ အနုပညာရှင်များနှင့် ၎င်းတို့၏ ရုပ်သေးရုပ်များက ကြည့်ရှုသူတို့၏အာရုံကို ဆွဲဆောင်သွားနိုင်သည်။ ဒုကူလ၊ ပါယိက၊ သုဝဏ္ဏသာမ၊ ပိဠိယက္ခမင်း၊ ဗဟုသုန္ဒရီနတ်သမီး၊ သိကြားမင်း မျောက်၊ သမင်စသဖြင့် Casting လုပ်ဆောင်နေရသည့် ရုပ်စုံများ၊ ကြိုးဆွဲပညာရှင်များ၊ အဆိုအငိုအပြောသရုပ်ဆောင်ရသူများ၊ မြန်မာဆိုင်းဝိုင်း၊ ဂီတပညာရှင်များသည် သူ့နေရာနှင့်သူ ပိုင်နိုင်စွာ လုပ်ဆောင်သွားကြသည်။ ရုပ်စုံသဘင်တင်ဆက်မှုတွင် ပါဝင်သူများက အနုပညာရသမြောက်စွာ တင်ဆက်သွားခဲ့ကြသည်။ ကြည့်ရှုရသူ ပရိသတ်၏အာရုံတွင် “အရုပ်” ဆိုသည့်အာရုံပျောက်ပြီး လူကိုယ်တိုင် သရုပ်ဆောင်ကပြနေသည့်သဖွယ် ခံစားလာမိကြသည်။

ယနေ့ခေတ်ကာလ လူငယ်လူရွယ်အများစုမှာ ရုပ်ကြီးစင်ခေါ် ရုပ်စုံသဘင်ခေါ် ရုပ်သေးပွဲကို ကြည့်ဖူးသူ အနည်းငယ်သာရှိမည်ထင်ပါသည်။ ထို့ကြောင့် မြန်မာ့ရုပ်မြင်သံကြားမှာ သုဝဏ္ဏသာမဇာတ်တော်ကြီးကဲ့သို့သော ရုပ်စုံသဘင်တင်ဆက်မှုသည် ဂုဏ်ယူဖွယ်ရာ မြန်မာတို့၏ ရုပ်သေးကြိုးဆွဲပညာ ရုပ်စုံသဘင်ပညာကို ခေတ်လူငယ်တို့ ဗဟုသုတရဖွယ် Infotainment အဖြစ် ဖျော်ဖြေပေးနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

သုဝဏ္ဏသာမဇာတ်တော်ကြီး ရုပ်စုံသဘင်တင်ဆက်မှုသည် အောင်မြင်သော မြန်မာ့ယဉ်ကျေးမှု ဇာတ်သဘင်ပညာ၊ ရုပ်စုံသဘင်ပညာအတွက် ဂုဏ်ယူထိုက်သော ကြိုးပမ်းတင်ဆက်မှုတစ်ခုဖြစ်သည်ဟု ဆိုချင်ပါသည်။ နောင်တွင်လည်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ အလားတူ ရုပ်စုံသဘင်တင်ဆက်မှုများ ဖျော်ဖြေတင်ဆက် ရိုက်ကူးပြသနိုင်ပါက ပြည်သူများ စိတ်လက်အပန်းဖြေနိုင်သလို မြန်မာမှုအနုပညာ အမွေအနှစ်များကို မျက်မှောက်ခေတ် လူငယ်များ သိရှိခံစားဂုဏ်ယူနိုင်ကြမည်ဖြစ်သည်။

### ရုပ်သေးပညာရှင်များ

သုဝဏ္ဏသာမဇာတ်တော်ကြီး ရုပ်စုံသဘင်အား ဇာတ်ညွှန်းရေးသားစီစဉ်သူ၊ ပါဝင်ကပြကြသူ ရုပ်သေးပညာရှင်များနှင့် အဆိုအငိုအပြောသရုပ်ဆောင်သူများ၊ ပါဝင်တီးခတ်သူ ဆိုင်းပညာရှင်များ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ တာဝန်ရှိသူများ၊ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ စီစဉ်ရိုက်ကူးပေးသူ ဝန်ထမ်းများကို ဤဆောင်းပါးဖြင့် ဂုဏ်ပြုအပ်ပါသည်။

ဤအတောအတွင်းမှာပင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ (၃၈)ဖြာမင်္ဂလာအစီအစဉ်ကို ပြသမည်ဆိုသည့်သတင်းကိုလည်း ဖတ်လိုက်ရပါသည်။ လူငယ်လူရွယ်များနှင့် ကလေးငယ်များ ယဉ်ကျေးလိမ္မာစေရေးနှင့် အသိပညာဗဟုသုတတိုးပွားစေရေးအတွက်ရည်ရွယ်၍ (၃၈)ဖြာမင်္ဂလာ အစီအစဉ်အား မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက အခြေခံပညာ ကျောင်းသား ကျောင်းသူများဖြင့် ရိုက်ကူးတင်ဆက်မှုများကို ၁၉၉၀ ပြည့်နှစ်များတွင် ရိုက်ကူးတင်ဆက်ခဲ့ဖူးပါသည်။

ထိုစဉ်က (၃၈)ဖြာမင်္ဂလာ တီဗွီအစီအစဉ်များတွင် ပါဝင်သရုပ်ဆောင်ခဲ့ကြသည့် ကျောင်းသားကျောင်းသူများသည် ယခုအခါ အရွယ်ရောက်၍ လုပ်ငန်းခွင်ဝင်သည့် အရွယ်သို့ပင် ရောက်ရှိနေကြပြီဖြစ်သည်။ ယခုအခါ (၃၈)ဖြာမင်္ဂလာအစီအစဉ်များကို သဘင်ပညာရှင်များ၊ အနုပညာရှင်များဖြင့် ဖျော်ဖြေရေး အစီအစဉ်ကောင်းတစ်ခုအဖြစ် ဆန်းသစ်ရိုက်ကူးဆောင်ရွက်လျက်ရှိပြီး ၎င်းအစီအစဉ်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် မကြာမီတင်ဆက် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်းသိရှိရသဖြင့် ပြည်သူ့အကျိုးပြု Infotainment အစီအစဉ်ကောင်းတစ်ခုအဖြစ် စောင့်ကြည့်ရမည့် အစီအစဉ်ကောင်းတစ်ခုဖြစ်ပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။ ။

**☆ ယနေ့ခေတ်ကာလ လူငယ်လူရွယ်အများစုမှာ ရုပ်ကြီးစင်ခေါ် ရုပ်စုံသဘင်ခေါ် ရုပ်သေးပွဲကို ကြည့်ဖူးသူ အနည်းငယ်သာရှိမည်ထင်ပါသည်။ ထို့ကြောင့် မြန်မာ့ရုပ်မြင်သံကြားမှာ သုဝဏ္ဏသာမ ဇာတ်တော်ကြီး ကဲ့သို့သော ရုပ်စုံသဘင်တင်ဆက်မှုသည် ဂုဏ်ယူဖွယ်ရာ မြန်မာတို့၏ ရုပ်သေးကြိုးဆွဲပညာ ရုပ်စုံသဘင်ပညာကို ခေတ်လူငယ်တို့ ဗဟုသုတရဖွယ် Infotainment အဖြစ် ဖျော်ဖြေပေးနိုင်ခဲ့ခြင်းလည်းဖြစ်**

**☆ ရုပ်စုံ သဘင်တင်ဆက်မှုများ ဖျော်ဖြေတင်ဆက် ရိုက်ကူးပြသနိုင်ပါက ပြည်သူများ စိတ်လက်အပန်းဖြေနိုင်သလို မြန်မာမှုအနုပညာ အမွေအနှစ်များကို မျက်မှောက်ခေတ် လူငယ်များ သိရှိခံစားဂုဏ်ယူ နိုင်ကြမည်ဖြစ်**

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် စနေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

## Grade 6

**Unit :1 Greeting people မှ Lesson:2 Greetings from postcards နှင့် ဆက်စပ်သည့် မှတ်သားစရာအကြောင်းအရာများနှင့် လေ့ကျင့်ခန်းများကို ထည့်သွင်းဖော်ပြလိုက်ပါသည်။**

### Unit:1 Greeting people
### Lesson 2: Greetings from postcards

**Holiday greetings အားလပ်ရက်နှုတ်ခွန်းဆက်စကားများ**

Lesson 2 သင်ခန်းစာက reading skill (စာဖတ်စွမ်းရည်)ကို မြှင့်တင်ပေးတဲ့သင်ခန်းစာဖြစ်ပါတယ်။ ပို့စကတ်လေးတွေကိုဖတ်ပြီး မေးခွန်းတွေ ပြန်ဖြေရမှာဖြစ်ပါတယ်။ စာဖတ်တဲ့အခါမှာ သဒ္ဒါအသုံးအနှုန်းတွေကို ကောင်းမွန်စွာ နားလည်ထားရင် စာဖတ်အားလည်း မြှင့်တက်လာမှာဖြစ်သလို ဖတ်တဲ့စာကိုလည်း နက်နက်နဲနဲ သဘောပေါက်နားလည်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီသင်ခန်းစာမှာသုံးထားတဲ့ Grammar အသုံးအနှုန်းတွေကို အနည်းငယ် ဖော်ပြလိုက်ပါတယ်။ သေချာဖတ်ရှုလေ့လာပြီး ကိုယ်ပိုင်ဝါကျများ အစားသုံးလေ့ကျင့်ကြည့်ပါ။

**wish + (that) + past simple (ဖြစ်ရင်ကောင်းမှာပဲ)**

**လက်တွေ့အခြေအနေတွင် မဖြစ်နိုင်သည့်ကိစ္စရပ်များကို မိမိစိတ်ဆန္ဒအရ ဖြစ်ချင်သည့်သဘောဖြင့် ပြောဆို၊ ရေးသားရာတွင် wish + Subject + V2 ပုံစံကို သုံးသည်။**

ဥပမာ။ I wish that I had a big house. (ငါ့မှာ အိမ်အကြီးကြီးတစ်လုံး ရှိရင်ကောင်းမှာပဲ။) တကယ်တော့ လက်တွေ့ဘဝမှာ ဝယ်နိုင်တဲ့အခြေအနေ မရှိပါဘူး။

I wish that Ko Ko wasn't busy tomorrow. (ကိုကို မနက်ဖြန် အလုပ်အားရင်ကောင်းမှာပဲ။) တကယ်တော့ ကိုကိုမနက်ဖြန်မှာ အလုပ်တွေရှုပ်နေမှာ သေချာတယ်။

I wish I were rich or I wish I was rich. (ကျွန်တော် ချမ်းသာရင်ကောင်းမှာပဲ။)

တကယ်တော့ ကျွန်တော်က လက်တွေ့ဘဝမှာ ချမ်းသာနိုင်တဲ့ အခြေအနေ မရှိပါဘူး။

I wish you were at Ngapali with me. (မင်း ငါနဲ့အတူ ငပလီကမ်းခြေမှာ ရှိရင်ကောင်းမှာပဲ။) တကယ်တော့ တစ်ယောက်တစ်နေရာစီ ရောက်နေတာ။ အတူရှိနေဖို့ဆိုတာ မဖြစ်နိုင်တဲ့အခြေအနေပါ။

**think = တွေးသည်၊ ထင်သည်။**

think ဆိုတဲ့ကြိယာမှာ **တွေးသည်** နဲ့ **ထင်သည်** ဆိုပြီး အဓိပ္ပာယ်နှစ်မျိုးရှိပါတယ်။ **တွေးသည်** လို့ယူဆပြီးရေးသားပြောဆိုရင် **Continuous form (-ing)** သုံးလို့ရပေမယ့် **ထင်သည်** လို့ ယူဆရင်တော့ **Continuous form (-ing)** သုံးလို့မရပါဘူး။

ဥပမာ။ I think she is angry with you.
(သူ မင်းကို စိတ်ဆိုးနေတယ်လို့ ငါ **ထင်တယ်။**)

I am thinking she is angry with you. ဒီဝါကျဟာမှားပါတယ်။ **think** ကို ထင်တယ်လို့ယူဆတဲ့အတွက် Continuous form (နေတယ်) ဆိုပြီး ရေးလို့မရလို့ပါ။

ဥပမာ။ I am thinking about the film I saw last night. (မနေ့ညက ကြည့်တဲ့ရုပ်ရှင်အကြောင်း တွေးနေတာ။) ဒီဝါကျမှာ **think** ကို **တွေးတယ်** ဆိုတဲ့အဓိပ္ပာယ်နဲ့ရေးတဲ့အတွက် Continuous form (နေတယ်) ဆိုပြီး ရေးလို့ရပါတယ်။

**ပို့စကတ်တွေကို အင်္ဂလိပ်-မြန်မာ နှစ်ဘာသာနဲ့ ဖော်ပြပေးထားပါတယ်။ ပို့စကတ်များကိုဖတ်ပြီး လေ့ကျင့်ခန်းများ ဖြေဆိုပါ။**

**Postcard (1)**

Hi KK,

I wish you were at Ngapali with me, picking up seashells along the shore. Every day, I eat seafood_ crabs and prawns. They are fresh and delicious. (Prawn is very expensive.) The weather is fine, It's sunny and breezy. We swim in the sea in the morning and evening, but take a rest in the bungalow all afternoon. While my sister and I are swimming, Mum and Dad enjoy walking along the shore. I'll bring a nice seashell necklace for you.

Yours,
Mie Mie

**ပို့စကတ် (၁)**

ဟိုင်း ကေကေ

မင်းကို ငါနဲ့အတူ ငပလီကမ်းခြေမှာ ရှိစေချင်လိုက်တာ။ ကမ်းခြေတစ်လျှောက်မှာ ခရုခွံတွေကောက်ရင်းနဲ့ပေါ့။ ငါကတော့ ပင်လယ်စာ ကဏန်းတွေနဲ့ ပုစွန်တွေကို နေ့တိုင်းစားတယ်။ သိပ်အရသာရှိတာပဲ။ (ပုစွန်တွေက သိပ်ဈေးကြီးတာပဲ။) ရာသီဥတုကလည်း သာယာတယ်။ နေသာပြီး လေပြည်တိုက်ခတ်နေတယ်။ ငါတို့က နံနက်ပိုင်းနဲ့ ညနေခင်းပိုင်းမှာ ပင်လယ်ထဲရေဆင်းကူးကြတယ်။ နေ့လယ်ခင်းမှာတော့ ဘန်ဂလိုမှာပဲ အနားယူကြတယ်။ ညီမလေးနဲ့ငါ ရေဆင်းကူးတဲ့အချိန်မှာ ဖေဖေနဲ့မေမေက ကမ်းခြေတစ်လျှောက် လမ်းလျှောက်ထွက်ကြတယ်။ ငါမင်းအတွက် ခရုခွံလည်ဆွဲလေး ယူလာမယ်နော်။

မင်းရဲ့ချစ်သူငယ်ချင်း
မီးမီး

**Postcard (2)**

Hi Zin Zin,

Merry Christmas and Happy New Year from Pyin Oo Lwin! I'm now in the National Kandawgyi Gardens and I'm thinking about you. You like flowers and fresh fruits, right? There are lots of strawberries here, and I think you'll be happy if you see them. The swans swimming in the lake are lovely. The weather is cool and pleasant! We went to the waterfall and Peik Chin Myaung Cave yesterday. I've learnt a lot from this visit. Come along with me next time.

Love,
Tin Zar

**ပို့စကတ် (၂)**

ဟိုင်း ဇင်ဇင်

ပျော်ရွှင်စရာကောင်းတဲ့ ခရစ္စမတ်နဲ့ နှစ်သစ်ကူးအားလပ်ရက်ဖြစ်ပါစေလို့ ပြင်ဦးလွင်မြို့ကနေ ဆုတောင်းပေးလိုက်ပါတယ်။ ငါကတော့ အခု အမျိုးသားကန်တော်ကြီးဥယျာဉ်ကိုရောက်နေတာ။ မင်းအကြောင်းတွေ တွေးနေတာ။ ပန်းတွေနဲ့ လတ်ဆတ်တဲ့သစ်သီးတွေကို မင်းက ကြိုက်တယ်လေ။ မဟုတ်ဘူးလား။ ဒီမှာ စတော်ဘယ်ရီပင်တွေ အများကြီးပဲ။ သူတို့ကိုမြင်ရင် မင်းပျော်မယ်လို့ ငါထင်တယ်။ ရေကန်ထဲမှာ ရေကူးနေတဲ့ ငန်းတွေကလည်း ချစ်စရာလေးတွေ။ ရာသီဥတုကလည်း အေးပြီး နေလို့ကောင်းတယ်။ မနေ့ကပဲ ရေတံခွန်နဲ့ ပိတ်ချင်းမြောင်လှိုဏ်ဂူကို ငါတို့ သွားခဲ့ကြတယ်။ ဒီခရီးစဉ်က ဗဟုသုတတွေအများကြီး ရလိုက်တယ်။ နောက်တစ်ခေါက်သွားရင် ငါတို့နဲ့အတူ လိုက်ခဲ့ပါနော်။

မင်းရဲ့အချစ်ဆုံးသူငယ်ချင်း
တင်ဇာ

**Answer the following questions.**

1. What did Mie Mie eat at Ngapali every day?
2. What is the weather like in Ngapali?
3. What will Mie Mie bring for Kay Khine?
4. Which one is expensive at Ngapali, crabs or prawns?
5. From where is Tin Zar writing the postcard to Zin Zin?

++++++++++++++++++

**(လာမယ့်အပတ်မှာ Lesson (3) Greetings for special events ရဲ့ လေ့ကျင့်ခန်းတွေကို ဆက်လက်ဖော်ပြသွားမှာဖြစ်ပါတယ်။)**

## Grade 7

**Unit:1 Lesson 2: Life as an artiste နှင့်ဆက်စပ်သည့် မှတ်သားစရာ အကြောင်းအရာများနှင့် လေ့ကျင့်ခန်းများကို ထည့်သွင်းဖော်ပြလိုက်ပါသည်။**

### Unit:1 Lesson 2 : Life as an artiste (သဘင်သည်ဘဝ)

Life as an artiste သင်ခန်းစာတွင် မြန်မာ့ဇာတ်ပွဲနဲ့ သဘင်သည်ဘဝအကြောင်းကို သိရှိစေရန်နှင့် **လူတစ်ယောက်ရဲ့ ပင်ကိုအမူအကျင့်တို့ကို** ဖော်ပြတဲ့ နာမဝိသေသနများကို လေ့လာရမှာဖြစ်ပါတယ်။

**(၁) အောက်ပါတို့တွင် မည်သည့် အက၊ ဂီတကို သင်ယူချင်ပါသလဲ။ ဘာကြောင့်လဲ။**

| | |
|---|---|
| Candlelight dance | **ဖယောင်းတိုင်အက** |
| duet dance | **နှစ်ပါးသွားအက** |
| slapstick comedy | **ဟာသဇာတ်မြူး** |
| Myanmar orchestra | **မြန်မာဆိုင်းဝိုင်း** |
| Puppet | **ရုပ်သေးအက** |
| Myanmar opera | **မြန်မာအက** |
| Zat Pwe finale | **ဇာတ်နောက်ပိုင်းအက** |
| choral dance | **သံပြိုင်အက** |



**အောက်ပါစာပိုဒ်ကို ဖတ်ပြီး မေးခွန်းများဖြေဆိုပါ။**

**Alinga Kyaw Swa Shwe Man Tin Maung**
**အလင်္ကာကျော်စွာ ရွှေမန်းတင်မောင်**

**A** A typical Myanmar Zat Pwe is a classical dance drama. It usually begins with the candlelight dance, followed by different types of dance, Myanmar opera, and slapstick comedy. This is followed by the classical dance-drama, which presents one of the jataka tales (the 550 stories of Lord Buddha's earlier lives). It imparts moral lessons.

မြန်မာ့ဇာတ်ပွဲဆိုသည်မှာ မြန်မာလူမျိုးတို့၏ ရှေးရိုးရာအကသဘင်ပွဲဖြစ်ပါသည်။ ဖယောင်းတိုင်မီးအကဖြင့် စတင်ဖျော်ဖြေခဲ့ပြီးနောက် မြန်မာ့ပြဇာတ်နှင့် ဟာသဇာတ်မြူး အမျိုးမျိုးသောအကပုံစံများဖြင့် ကပြဖျော်ဖြေလေ့ရှိသည်။ ထို့နောက် ဘုရားရှင်လက်ထက်က ၅၅၀ ဇာတ်နိပါတ်များတွင် တစ်ခုအပါအဝင်ဖြစ်သည့် ရှေးရိုးရာ အကပြဇာတ်၊ ဇာတကပြဇာတ်ကို ကပြတင်ဆက်ကြသည်။ အဆိုပါပြဇာတ်တွင် ကိုယ်ကျင့်တရားနှင့်သက်ဆိုင်သော သင်ခန်းစာများ၊ ပညာပေးအခန်းများ ပါဝင်သည်။

**B** One of the greatest artistes of Myanmar is Alinga Kyaw Swa Shwe Man Tin Maung. Mg Tin Maung was born to U Pya and Daw May in 1918 in Mandalay. He had nine siblings and he was the youngest. Since childhood, Mg Tin Maung had been passionate about singing and dancing. His first step towards Zat Pwe was dancing at a puppet show when he was very young. Later, he learnt the performing arts from Mya Chay Gyin Ma Ngwe Myaing for three years. He founded Shwe Man Thabin in 1933, and became a famous artiste, known as Shwe Man Tin Maung.

မြန်မာ့ဇာတ်သဘင်လောက၏ အကျော်ကြားဆုံးသော ဇာတ်သဘင်ပညာရှင်တစ်ဦးမှာ ရွှေမန်းတင်မောင်ဖြစ်ပါသည်။ မောင်တင်မောင်ကို ဦးပြုနှင့် ဒေါ်မေတို့က ၁၉၁၈ ခုနှစ်တွင် မန္တလေးမြို့၌ ဖွားမြင်ခဲ့သည်။ ညီအစ်ကိုမောင်နှမအရင်း ကိုးယောက်ရှိပြီး သူသည် အငယ်ဆုံးဖြစ်သည်။ ကလေးဘဝကတည်းကပင် မောင်တင်မောင်သည် အဆို၊ အကကို အလွန်ဝါသနာထုံသူတစ်ဦးဖြစ်သည်။ ဇာတ်ပွဲသို့ ဝင်ရောက်ခဲ့သော ပထမဦးဆုံးခြေလှမ်းမှာ ငယ်ရွယ်စဉ်က ရုပ်သေးပွဲတစ်ခုတွင် ပါဝင်ကပြခဲ့ခြင်းပင်ဖြစ်သည်။ ထို့နောက် ပြဇာတ်ဂီတအကကို ရွှေခြေကျင်း မငွေမြိုင်ထံတွင် သုံးနှစ်တိုင်တိုင် သင်ယူခဲ့သည်။ ၁၉၃၃ ခုနှစ်တွင် ရွှေမန်းသဘင်ကို တည်ထောင်ခဲ့ပြီး ရွှေမန်းတင်မောင်ဟု လူသိများကျော်ကြားသည့် သဘင်ပညာရှင်တစ်ဦး ဖြစ်လာခဲ့သည်။

**C** In 1959, Shwe Man Tin maung was invited to the United States of America as a representative of the Myanmar cultural troupe. During his visit, he learnt by heart the 27 verses on the Buddha's renunciation. His diligence and hard work set a model for new generations of Myanmar artistes to emulate. Moreover, Shwe Man Tin Maung was dedicated to his art and always held his audience in respect. Although he was very famous, he was modest.

၁၉၅၉ ခုနှစ်တွင် ရွှေမန်းတင်မောင်သည် အမေရိကန်နိုင်ငံသို့ မြန်မာ့ယဉ်ကျေးမှုသဘင်ကို ကိုယ်စားပြုသူအဖြစ် ဖိတ်ကြားခြင်းခံခဲ့ရသည်။ သူ၏ခရီးစဉ်အတွင်း ဗုဒ္ဓ၏စွန့်လွှတ်မှုလင်္ကာ ၂၇ ခုကို စိတ်နှစ်ပြီး လေ့လာသင်ယူခဲ့သည်။ သူ၏လုံ့လဝီရိယနှင့် ကြိုးစားမှုသည် မြန်မာ့သဘင်လောကမျိုးဆက်သစ်များအတွက် အတုယူဖွယ်ရာပင်ဖြစ်သည်။ ထို့ပြင် ရွှေမန်းတင်မောင်သည် သူ၏အနုပညာကို ဝင့်ကြွားခြင်းမရှိဘဲ ပရိသတ်ကို အမြဲရိုသေလေးစားသူဖြစ်သည်။ သူသည် အလွန်ကျော်ကြားသော်လည်း ရိုးသားသူဖြစ်သည်။

**D** In addition, he was very imaginative and creative. Where necessary, he used back drops and props of his choice to bring cut the best effect. He also encouraged competition among male dancers in order to bring out the best in grace and style. His new style of the duet dance was very popular at that time. Throughout his life as an artiste, he kept on innovating novel choreography and new operas.

ထို့အပြင် သူသည် အလွန်စိတ်ကူးစိတ်သန်းကောင်းသူတစ်ဦးဖြစ်ပြီး ဖန်တီးနိုင်စွမ်းရှိသူလည်းဖြစ်သည်။ သူရွေးချယ်ထားသော ဇာတ်ဝင်ပစ္စည်းများနှင့် ပေါက်ကွဲအသံတို့ကို ကောင်းမွန်စွာ အသုံးချနိုင်ခဲ့သည်။ သူသည် ကျက်သရေရှိပြီး စတိုင်ကျသော အကောင်းဆုံးအမူအရာတို့ ပေါ်ထွက်လာစေရန်လည်း ယောကျ်ားလေးအကသည်များအကြား ပြိုင်ဆိုင်မှုများကို အားပေးအားမြှောက်ပြုခဲ့သည်။ ထိုစဉ်အခါက သူ၏ ပုံစံအသစ်နှစ်ပါးသွားအကသည် အလွန်ကျော်ကြားခဲ့သည်။ သူ၏သဘင်ဘဝတစ်လျှောက်လုံးတွင် ဝတ္ထု၊ အကနှင့် ပြဇာတ်အသစ်တို့ကို အမြဲဖန်တီးပေးခဲ့သည်။

**E** In 1953, Shwe Man Tin Maung received the title Alinga Kyaw Swa, which is awarded to outstanding artistes in Myanmar. In 1969, Shwe Man Tin Maung died while dancing on the stage. His name will never fade away. He remains a historic artiste of Myanmar.

၁၉၅၃ ခုနှစ်တွင် မြန်မာ့ထူးချွန်သောသဘင်ပညာသည်ဆုဖြစ်သည့် အလင်္ကာကျော်စွာဘွဲ့ကို ရွှေမန်းတင်မောင် ရရှိခဲ့သည်။ ၁၉၆၉ ခုနှစ်တွင် ရွှေမန်းတင်မောင်သည် သူ၏ပြဇာတ်စင်ပေါ်တွင် ကပြဖျော်ဖြေရင်း သေဆုံးခဲ့သည်။ သူ၏နာမည်သည် ဘယ်တော့မှ မှေးမှိန်ပျောက်ကွယ်သွားမည်မဟုတ်ပေ။ သူသည် မြန်မာ့သမိုင်းဝင် သဘင်ပညာရှင်အဖြစ် နာမည်ကျန်ရစ်လျက်ရှိသည်။

*(ဆက်လက်ဖော်ပြပါမည်)*

## Grade 8

## Lesson 2: Learning starts at home

- Family routines
- Benefits of doing family activities

Glossary

| | | |
|---|---|---|
| Activity | = | ဆောင်ရွက်မှု |
| Beneficial | = | အကျိုးရှိသော |
| Experience | = | အတွေ့အကြုံ |
| Believe | = | ယုံကြည်သည် |
| Bring | = | ယူလာသည် |
| Benefit | = | အကျိုးကျေးဇူး |
| Develop | = | ဖွံ့ဖြိုးသည် |
| Responsibility | = | တာဝန်ယူမှု |
| Unity | = | စည်းလုံးမှု၏အင်အား |
| Life skills | = | ဘဝသင်ခန်းစာအတွေ့အကြုံ |
| Routine activities | = | နေ့စဉ်လှုပ်ရှားမှုများ |
| Remind | = | သတိပေးသည် |
| Variety | = | မျိုးစုံမှု |
| Aware | = | သတိမူလာသော |
| Balanced diet | = | ညီညွတ်မျှတသောအစာ |
| Table manners | = | ထမင်းစားရာတွင် လိုက်နာရမည့် အချက်များ |
| Occasionally | = | ရံဖန်ရံခါ |
| Household chores | = | အိမ်တွင်းအလုပ်များ |
| Responsible | = | တာဝန်ရှိသော |
| Cooperative | = | ပူးပေါင်းဆောင်ရွက်သော |
| Engage outdoor activities | = | အိမ်ပြင်ပလှုပ်ရှားမှုများတွင် ပါဝင်ပတ်သတ်သည် |
| Jogging | = | နှေးနှေးပြေးခြင်း |
| Indoor activities | = | အိမ်တွင်းလှုပ်ရှားမှုများ |
| Realise | = | နားလည်သဘောပေါက်သည် |
| Value | = | တန်ဖိုး |
| Settle | = | လုပ်ဆောင်သည် |
| Blog | = | ဘလော့ဂ် |
| Post | = | ပို့စ်တင်သည် |

### Reading

**Mummy's World**

**Hello every one! Welcome to my blog. In this blog, I share my experiences as a mum.**

(ဟယ်လို ကျွန်တော့်ရဲ့ဘလော့ဂ်မှကြိုဆိုပါတယ်။ အတွေ့အကြုံတွေကို မိခင်တစ်ယောက်အနေနဲ့ ရှင်းပြပေးသွားမှာဖြစ်ပါတယ်)



**I believe that doing some activities together as a whole family brings some benefits to our children such as developing a sense of responsibility and unity, developing life skills, etc. This week, I am going to share some of the routine activities of my family.**

(လုပ်ဆောင်ချက်အချို့ကို မိသားစုတစ်စုလုံး အတူတကွ လုပ်ဆောင်ခြင်းဟာ ကျွန်ုပ်တို့၏ကလေးများအတွက် အကျိုးရှိစေမည့် တာဝန်ဝတ္တရားနှင့် စည်းလုံးညီညွတ်မှု၊ ဘဝစွမ်းရည်များတိုးတက်ရေး စတဲ့ အကျိုးကျေးဇူးတွေကို ကျွန်တော်တို့ရဲ့ ကလေးတွေအတွက် ဆောင်ကြဉ်းပေးလိမ့်မယ်လို့ ယုံကြည်ပါတယ်။ ယခုတစ်ပတ်မှာတော့ ကျွန်တော့်မိသားစုရဲ့ လုပ်ရိုးလုပ်စဉ်အချို့ကို မျှဝေသွားပါမယ်။)

**In my family, we have dinner together every day. Having meals together, I can remind my children to eat a variety of food. Thus, they become aware of the importance of having a balanced diet. They can also learn table manners occasionally.**

(ကျွန်တော့်မိသားစုနဲ့ နေ့တိုင်း ညစာအတူတူစားတယ်။ အတူတူ ထမင်းစားရင် အစားအသောက်မျိုးစုံစားဖို့ ကလေးတွေကို သတိပေး နိုင်ပါတယ်။ မျှတတဲ့ အစားအသောက်စားခြင်းဟာ အရေးကြီးတယ် ဆိုတာကို ကလေးတွေ သိရှိလာကြတယ်။ ထမင်းစားတဲ့အခါ လိုက်နာ ရမယ့် အမူအကျင့်တွေကိုလည်း ကလေးတွေ ရံဖန်ရံခါ သင်ယူနိုင်တယ်။)

**Every Saturday, we spend time together at home, and we share the household chores like cleaning the windows, sweeping the floor and doing the dishes. In this way, my children become more responsible and cooperative.**

(စနေနေ့တိုင်း အိမ်မှာအတူတူ အချိန်ဖြုန်းကြပြီး ပြတင်းပေါက်တွေကို သန့်ရှင်းရေးလုပ်၊ ကြမ်းပြင်နဲ့ ပန်းကန်တွေကို သန့်ရှင်းရေး လုပ်တာမျိုးတွေ လုပ်ကြတယ်။ ဒီလိုနည်းနဲ့ ကျွန်တော့်ကလေးတွေက ပိုပြီးတာဝန်ယူမှုနဲ့ ပူးပေါင်းဆောင်ရွက်လာတတ်ကြတယ်။)

**On Sundays, we usually engage in outdoor activities like jogging or cycling in the park and sometimes we do indoor activities, especially when it rains. As a result, my children enjoy doing physical exercise and later realise its value.**

(တနင်္ဂနွေနေ့တွေမှာဆိုရင် ကျွန်ုပ်တို့တွေ ပန်းခြံထဲမှာ နှေးနှေး ပြေးတယ် သို့မဟုတ် စက်ဘီးစီးတယ် ဒီလိုပြင်ပလှုပ်ရှားမှုတွေကို လုပ်ဆောင်လေ့ရှိတယ်။ တစ်ခါတစ်ရံ အထူးသဖြင့် မိုးရွာတဲ့အခါမှာ ကျွန်တော်တို့တွေ အိမ်တွင်းလှုပ်ရှားမှုတွေကို ပြုလုပ်ကြတယ်။ ရလဒ် အနေနဲ့ ကျွန်တော့်ကလေးတွေဟာ ကိုယ်ကာယလေ့ကျင့်ခန်းလုပ်ရ တာကို နှစ်သက်ကြပြီးနောက်ပိုင်းမှာ လေ့ကျင့်ခန်းလုပ်ခြင်းရဲ့တန်ဖိုး ကို သိလာကြပါတယ်။)

**My family has settled into these regular routines. I don't think it is difficult for your family to get into these routines. I hope you will find them beneficial to your family. Why don't you try them out?**

(ကျွန်တော့်မိသားစုဟာ ဒီလို ပုံမှန်လုပ်ရိုးလုပ်စဉ်တွေကို လုပ်ရတာ ကျင့်သားရလာပါပြီ။ မင်းရဲ့မိသားစုက ဒီလိုလုပ်ရိုးလုပ်စဉ်တွေကို လုပ်ဖို့ ခက်မယ်မထင်ပါဘူး။ မင်းတို့မိသားစုအတွက် အကျိုးရှိမယ်လို့ မျှော်လင့်ပါတယ်။ ဘာကြောင့် သူတို့ကို မလုပ်ကြည့်တာလဲ။)

**Exercises**

**(A) Fill each blank with a suitable word or phrases from the paragraph.**

1. I want to share my __________ about my childhood.
2. I hope this medicine will prove __________ to many people.
3. This sum is so __________ that we can't solve it.
4. My brother usually __________ in our routine activities.
5. I really __________ the film. It is very interesting.
6. Daw Hla is __________ for cleaning the house.
7. We thank you for your __________ efforts.
8. __________ me to buy some groceries after work.
9. It is important to teach children __________.
10. Smokers are well __________ of the dangers to their own health.

**(B) Tell the class about your family routine activities. (မိသားစုရဲ့ဆောင်ရွက်ချက်တွေကို သူငယ်ချင်းများအား ပြောပြပါ)**

- မိသားစုနဲ့အတူ ဘာတွေလုပ်သလဲ
- ဘယ်အချိန် ဘယ်နေရာမှာ လုပ်တာလဲ
- ဘယ်နကြိမ်လုပ်တာလဲ
- ဘာအကျိုးကျေးဇူးတွေရလဲ

______________________________________________

______________________________________________

______________________________________________

______________________________

+++++++++++++++

## Grade 9 (စနစ်ဟောင်း)

(ယခင်အပတ်မှ အဆက်)

**Word Form** မေးခွန်းတွေကို ဖြေဆိုတဲ့အခါ **Word Form** ပုံစံတွေကို သိထားဖို့ လိုပါတယ်။ အောက်မှာပေးထားတဲ့ပုံစံတွေကို အလွတ် ကျက်မှတ်ထားပါ။

## Word Form ပုံစံများ

### Noun သုံးသည့်နေရာများ

1. Determiner + **Noun**
2. Adjective + **Noun**
3. Article (a/an/the) + adjective + **Noun**
4. Preposition + **Noun**
5. **Noun** + Preposition
6. **Noun** + Verb + **Noun**
7. **Noun** + Noun (နာမ်ကို နာမ်ကအထူးပြုတယ်)
8. **Noun** + and + **Noun**
9. **Noun** + as well as + **Noun**
10. **Noun** + or + **Noun**
11. Not only **noun** + but also **noun**

(**Determiner** ဆိုတာ a, an, the, this, that, these, those, my, our, your, his, her, its, their, each, every, both, all, only, other, another, one, two, what, which, whose, some, any, many, much, more, most, no, a lot of, ...etc. တို့ဖြစ်ပါတယ်။)

### Adjective သုံးသည့်နေရာများ

1. **Adjective** + Noun
2. Determiner + **Adjective** + Noun
3. Verb to be + **Adjective**
4. Something, anything, everything, nothing + **Adjective**
5. Make, find, keep + Object + **Adjective**
6. Look, seem, appear, feel, taste, grow, become + **Adjective**
7. So, quite, too, very, really, extremely, more, most + **Adjective**

### Adverb ကို သုံးသည့်နေရာများ

1. Verb + **Adverb**
2. Subject + **Adverb** + Verb
3. Helping Verb + **Adverb** + Main Verb
4. **Adverb** + Sentence
5. Verb to be + **Adverb** + Adjective

### Verb ကို သုံးသည့်နေရာများ

1. Noun + **Verb**
2. **Verb** + Noun
3. Adverb + **Verb**
4. Helping Verbs + **Verb**
5. Please/ Kindly + **Verb**

အောက်မှာပေးထားတဲ့ Word Form ဖြေဆိုနည်းတွေကို လေ့လာ ကြည့်ပါ။

**I. Supply the correct form of the word given in brackets.**

1. (young) Zin Zin is the _____ girl among them.

မေးခွန်း နံပါတ် ၁ မှာ ပေးထားတဲ့ဝါကျက **ဇင်ဇင်က သူတို့ထဲမှာ _____ အဖြစ်ဆုံး မိန်းကလေးဖြစ်တယ်။** ကွက်လပ်ရဲ့ အရှေ့မှာ the ရှိပြီး ကွက်လပ်ရဲ့အနောက်မှာ girl (noun) ရှိတယ်။ ဒီတော့ **Article + adjective + noun** ပုံစံဖြစ်ပါတယ်။ အဖြေက **adjective** ထည့်ရမှာပါ။ ဒါပေမယ့် adjective မှာ အနိမ့်စား၊ အလတ်စားနဲ့ အမြတ်စားပုံစံတွေ ရှိတော့ the ပါတဲ့အတွက် အမြတ်စားပုံစံ ထည့်ပေးရမှာဖြစ်ပါတယ်။ young, younger, youngest ထဲက youngest အမြတ်စားပုံစံကို ဖြေဆိုရမှာ ဖြစ်ပါတယ်။ **ဇင်ဇင်က သူတို့ထဲမှာ အငယ်ဆုံး မိန်းကလေး ဖြစ်တယ်** လို့ အဓိပ္ပာယ်ရပါတယ်။ အလွယ်မှတ်ရင် as အနိမ့်စား as/so အနိမ့်စား as (လောက်လို့ ဘာသာပြန်ရတယ်), than ပါရင် အလတ်စား (ထက်ပိုပြီးလို့ ဘာသာပြန်ရတယ်)၊ the ပါရင် အမြတ်စား (... ဆုံးလို့ ဘာသာပြန်ရတယ်)လို့ မှတ်ထားပါ။ ခြွင်းချက်တော့ရှိတယ်။ the ပါတိုင်း အမြတ်စားတော့မဟုတ်ဘူး။ နှစ်ခု၊ နှစ်ကောင်၊ နှစ်ယောက်ကိုပဲ နှိုင်းယှဉ် ခိုင်းပြီး the ပေးထားရင်တော့ the ရဲ့အနောက်မှာ အလတ်စားပုံစံ ဖြေဆိုရပါတယ်။

**ဥပမာ။** (big) This car is the _____ than that one. အဖြေက bigger အလတ်စားပုံစံ ဖြေရမှာဖြစ်ပါတယ်။ ကားနှစ်စီးထဲက နှိုင်းယှဉ်ခိုင်းတဲ့ အတွက် ဖြစ်ပါတယ်။

**(ဆက်လက်ဖော်ပြပါမည်)**

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉-၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် ဝတ္ထုတိုကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ သိပ္ပံမောင်ဝနှင့် စာရေးဆရာ ဆင်ဖြူကျွန်းအောင်သိန်းတို့၏ ဝတ္ထုတိုကို အပတ်စဉ်စနေနေ့တိုင်းတွင် တစ်လှည့်စီဖော်ပြပေးသွားမည်ဖြစ်ပါသည်။

# တို့တောရွာ

**သိပ္ပံမောင်ဝ**

တို့တောရွာကား အထက်အညာတွင် ရှိလေသည်။ အညာဆိုရာမှာလည်း အလွန်အညာကျသော အညာမဟုတ်။ မန္တလေးနှင့် မြင်းခြံအကြား ဧရာဝတီမြစ်ကမ်းတွင်တည်ရှိ၍ ရွာလည်းမက မြို့လည်းမကျသော မြို့ကလေးတစ်မြို့ကို ဆိုလေသည်။

နံနက်စောစော မန္တလေးမှ မြင်းခြံသင်္ဘောဖြင့် ထွက်လာရာ အဆိုပါ မြို့ကလေးသို့ ၁၁ နာရီခွဲခန့်အချိန်တွင် ရောက်၏။ နေပူကျဲကျဲ ဖုန်တထောင်းထောင်းထနေသော ကမ်းပါးပေါ်တွင် မြင်းခြံသင်္ဘော၏ အလာကို စောင့်စားနေကြသော လူထုကြီးကို သင်္ဘောပေါ်မှနေ၍မြင်ရသော် ယင်းသင်္ဘောပေါ်တွင်ပါလာသော အမတ်ချုပ်ကြီးသော်လည်းကောင်း၊ ခရိုင်မင်းကြီးသော်လည်းကောင်း တစ်ယောက်ယောက်အား ကြိုဆိုရန် စောင့်စားနေကြသည်ဟု ထင်မှတ်မိ၏။

ဤသို့ကား မဟုတ်ပေ။ ထိုမြို့သားတစ်ယောက် တက္ကသိုလ်ကျောင်းမှ ပြန်လာသည်ကို အထူးအဆန်းလုပ်ကာ အကြီးအကျယ် ကြိုဆိုကြခြင်းဖြစ်လေသည်။ ရှေးအခါက ထိုမြို့မှ တက္ကသိုလ်ကျောင်းသို့ ရောက်ဖူးသူ တစ်ယောက်မျှမရှိခဲ့ပေ။ ယခုမှသာလျှင် မိမိတို့အရပ်မှ ထူးထူးချွန်ချွန် တက္ကသိုလ်ပြည်သို့ စာသင်သွားပေသည်ဟူ၍ အားရနှစ်သက်ကာ ကြိုဆိုကြခြင်းပင်တည်း။ ဘုရင်ခံချုပ်လာစဉ်က ရန်ကုန်သူ ရန်ကုန်သားတို့ ခရီးဦးကြိုပြုကြသည်ထက်ပင် ပိုမို၍ နှစ်သက်အားရစွာ ကြိုဆိုကြလေသည်။

တက္ကသိုလ်ကျောင်းသားတစ်ယောက် မိမိ၏နေရပ်သို့ ပြန်လာသည်ကိုပင် အရေးတကြီး ခရီးဦးကြိုပြုကြသည်မှာ ရယ်စရာပါတကားဟု မြို့ကြီးသားတို့က ရယ်ချင်ရယ်ကြပေလိမ့်မည်။ ဤသို့ပြက်ချော်ချော် သရော်တော်တော်လုပ်ကာ မရယ်သင့်ပေ။ မြန်မာပြည်မှ အင်္ဂလန်ပြည်သို့ "ပညာတော်သင်"များ သွားကြခါနီးတွင် ထမင်းကျွေးလိုကျွေး၊ အငြိမ့်ခံလိုခံ၊ အင်မတန်မှပင် ကြီးကြီးကျယ်ကျယ်လုပ်ကြသည် မဟုတ်ပါလော။ ဤအကြောင်းကို ကြားလျှင် အင်္ဂလိပ်များက ရယ်ကြမလား မပြောတတ်ပေ။ သို့ရာတွင် သူ့နေရာနှင့် သူနေတာ ထင်ရာလုပ်ကြတမ်းပေပလေ။

တို့တောရွာဓလေ့က တစ်မျိုး၊ မြို့ကြီးသားတို့ဓလေ့က တခြား။ တူနိုင်ပဲ့မလား မောင်ရို့။

နံနက်ခင်း တဲအနီး မီးလှုံကာ ထန်းမြစ်ဖုတ်စား။ ပဲပြုတ်နှင့် ထမင်းကြမ်းကို လက်ဖက်ရည်ကြမ်းနှင့် မြည်း။ ဆိမ့်တိမ့်တိမ့်၊ အီတီတီ၊ နတ်သုဓာ မီပဲ့မလား။

ထမင်းစားပြီးလျှင် ယာခင်းထဲသွား၊ ပျော်ပါးစွာ ပလွေမှုတ်သူမှုတ်။ သီချင်းတကြော်ကြော် အော်ဆိုသူဆို။ ပျော်စဖွယ်လီ။

နွားကျောင်းသွားသူတွေကမရှား။ ငှက်ခါးထောင်သူတွေကထောင်၊ ချိုးပစ်သူပစ်။ စစ်တလင်းမှာ စစ်ခင်းကြသလို။

ညနေခင်းတွင် မြစ်ဆိပ်မှာ အပျိုတစ်သင်း ရေဆင်းခပ်ရှာကြ။ တစ်ယောက်ကိုတစ်ယောက် ခေါ်သူခေါ်။ ပျော်လိုက်ကြတဲ့ အပျိုတွေ။ အတင်းပြောလိုပြော။ ရည်းစားအကြောင်း ဆွေးနွေးလိုဆွေးနွေး။ ဣန္ဒြေရသွားသူသွား။ စကားများသူကများ၊ တစ်ယောက်ကိုတစ်ယောက် ကျီစားသူကကျီစား။

ထိုအပျိုတွေမှာ ရုပ်ချောသူချော။ ရုပ်ဆိုးသူဆိုး။ မည်းမည်းလည်းရှိ။ ဖြူဖြူလည်းပါ။ အကျည်းတန်သူတွေကမရှား။ သနားကမားတွေကလည်းအပုံပင်။

ကြွယ်ဝသူ မိန်းကလေးတို့ကား ရှက်ကြလို့ထင့်။ ရေခပ်မသွား၊ ရေစည်ကိုငှား၍ သုံးကြသတဲ့။ တကယ့်မိန်းကလေးတွေ။ လူတကာ ရေခပ်သွားလျှင် သနပ်ခါး ပိန်းကြမ်းရိုက်၊ လူပျိုကလေးတွေ အသွားအလာကို အိမ်ထဲမှနေ၍ မျက်စိအရသာကို ခံကြလေသည်။

ကာလသား လူပျိုတစ်သင်းကမူကား မြစ်ဆိပ်သို့ဆင်းကာ အပျိုတွေ ရေခပ်အလာကို ကြည့်ကြ၊ မြို့ဆန်ကြသူ ကိုဟဝါတို့က မာဖလာကို စည်းလိုစည်း၊ ဘိုကေကို သလိုသ၊ ဣန္ဒြေရရ နေလိုနေ၊ အဲသည်လို ဟန်ပါပါနှင့် စံရှာနေကြ၏။

နေပူကျဲကျဲ ဖုန်တထောင်းထောင်းထနေသော ကမ်းပါးပေါ်တွင် မြင်းခြံသင်္ဘော၏အလာကို စောင့်စားနေကြသော လူထုကြီးကို သင်္ဘောပေါ်မှနေ၍မြင်ရသော် ယင်းသင်္ဘောပေါ်တွင်ပါလာသော အမတ်ချုပ်ကြီးသော်လည်းကောင်း၊ ခရိုင်မင်းကြီးသော်လည်းကောင်း တစ်ယောက်ယောက်အား ကြိုဆိုရန် စောင့်စားနေကြသည်ဟု ထင်မှတ်မိ၏။ ဤသို့ကား မဟုတ်ပေ။ ထိုမြို့သားတစ်ယောက် တက္ကသိုလ်ကျောင်းမှ ပြန်လာသည်ကို အထူးအဆန်းလုပ်ကာ အကြီးအကျယ် ကြိုဆိုကြခြင်းဖြစ်လေသည်။

မြို့နှင့်မနီး တောမှာကြီးရသော ကိုလူပျိုတို့ကမူကား တောသားပီပီ အင်္ကျီနတ္ထိ၊ "ပလာတိ ပလိတာ" မည်းကျိုကျို ကိုယ်ပြာပြာနှင့် အပျိုတကာ ရေဆိပ်ဆင်းလျှင် ပလွေပြင်းပြင်းမှုတ်သတတ်။

မိန်းကလေး အပျိုကညာတို့ကလည်း ကိုဟဝါတို့ကို မြင်ကြလျှင် အသံပေးလိုပေး။ ပြုံးသွားလိုပြုံးသွား။ ရှက်လို့ ခြေလှမ်းမှားသူကမှား၊ ကစားသလို စောင်းပါးရိပ်ခြည် ပြောသွားသူကပြောသွား။ ပျော်စရာ့ ပျော်စရာ၊ ပျော်စရာကြီး ဖြစ်လေသည်။

မြစ်ဆိပ်သို့ ရောက်ကြလျှင် ရေကူးသူကူး၊ ရေခပ်သူခပ်၊ ပျော်စရာပင်။ သီချင်းဆိုသူဆို၊ မသံပေးလိုက်ကြသည်မှာလည်း တကြော်ကြော်။ ဖိုသံပေးလိုက်ကြသည်မှာလည်း အလွန်ပျော်။ တစ်ယောက်နှင့်တစ်ယောက် များစွာရင်းနှီးကြပေ၏။

သူစိမ်းတစ်ယောက် အနားသို့ရောက်သွားလျှင် သီချင်းဆိုသူတို့က တိတ်။ မသံပေးသူတို့ကလည်း ဆိတ်။ ကစားနေသူတို့ကလည်းရပ်။ ရှက်တက်တက်ရွံ့တွန့်တွန့်နှင့် မျက်နှာများကို အသာငုံ့နေကြလေသည်။

မြို့မှာလို မော်တော်ကား စီးချင်သော စိတ်လည်းမရှိ။ ဘီအေ၊ အမ်အေ အောင်ချင်သော စိတ်တို့လည်းမလာ။ ဆရာ၊ ဝတ်လုံ လုပ်ချင်သော စိတ်တို့မှာလည်း ဝေး။ ရုပ်ရှင်သို့ ပြေးချင်သော စိတ်တို့လည်း မပေါ်။ စိန်၊ ရွှေ ဝတ်ချင်သော စိတ်တို့မှာလည်းကင်း။ မင်းကတော်ဖြစ်ဖို့ရာ စိတ်ကူးထဲပင်မထည့်။ ဖုန်တထောင်းထောင်းနှင့်လမ်းပေါ်မှာ လှည်းကြမ်းကြီးကိုစီးရလျှင်ပင် နတ်ပြည်က ဝေဇယန္တာရထားကို စီးရသည်ဟုထင်။ လှည်းဘီးမှ တအီအီမြည်နေသည်ကိုလည်း ပဥ္စသိခ်နတ်သား၏ စောင်းသံဟု မှတ်ကြလေသည်။

စားရသမျှ ကြားရသမျှ သွားရသမျှတို့နှင့်ပင် ကျေနပ်ရှာကြကုန်၏။

လောကတွင် ကျေနပ်လျှင် စိတ်ချမ်းသာ၊ စိတ်ချမ်းသာလျှင် သုခကြီးပင်တည်း။

၁၉၃၀ ခုနှစ်၊ မတ်၊
ယူနီဗာစတီကောလိပ်မဂ္ဂဇင်း။

## အင်္ဂပူမြို့နယ်၌ ငါးသယံဇာတ ထိန်းသိမ်းရေးဆိုင်းဘုတ်စိုက်ထူခြင်းနှင့် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

**အင်္ဂပူ ဇွန် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်း ဦးစီးဌာန၏ လမ်းညွှန်မှု၊ ဟင်္သာတခရိုင် ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် နိုင်ငံပိုင် ရေသယံဇာတများ ပျက်စီးဆုံးရှုံးခြင်းမှ ကာကွယ်ရန် နိုင်ငံသားများ၏ ရေရှည်အကျိုးအတွက် ရေသယံဇာတများ စနစ်တကျအသုံးပြု တတ်စေရန်နှင့် ရေထွက်ပစ္စည်းများမှရရှိသည့် အကျိုးကျေးဇူးများကို ပြည်သူများ အပြည့်အဝခံစားနိုင်စေရန်ရည်ရွယ်၍ "ငါးသယံဇာတ တိုးပွားဖို့ ဝိုင်းဝန်းထိန်းသိမ်းကြပါစို့" စာသားပါ မြေစိုက်ဆိုင်းဘုတ် စိုက်ထူခြင်းနှင့် ငါးလုပ်ငန်းအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယမန်နေ့ နံနက်ပိုင်းက အင်္ဂပူမြို့နယ် စွယ်တော်လမ်း၊ ချယ်ရီလမ်း၊ လမ်းဆုံတို့နှင့် မြို့မဈေးအနီး၌ ပြုလုပ်ခဲ့သည်။

အဆိုပါ မြေစိုက်ပိုစတာ စိုက်ထူခြင်းကို အင်္ဂပူမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ငါးလုပ်ငန်း ကြီးကြပ်မှု



ကော်မတီဝင်များနှင့် မြို့နယ်ငါးလုပ်ငန်း ဦးစီးမှူး ဒေါ်မော်မော်ဝင်းနှင့် ဝန်ထမ်းများက ပါဝင်စိုက်ထူခဲ့ကြပြီး ငါးလုပ်ငန်းဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို ပြည်သူများသို့ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

## မြိတ်မြို့၌ ရေလုပ်သားများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ရာနှုန်းပြည့်ထိုးနှံရေး ဆောင်ရွက်

**တနင်္သာရီ ဇွန် ၁၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ရေလုပ်သားများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ရာနှုန်းပြည့်ထိုးနှံနိုင်ရေးအတွက် မြိတ်ခရိုင်/ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်စီစဉ်မှုဖြင့် မြိတ်ခရိုင်/ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ မြိတ်မြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းပြီး စည်းရုံးဆောင်ရွက်ပေးလျက်ရှိသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေးအတွက် မြိတ်စစ်ဆေးရေးစခန်း (OSS)မှ စစ်ဆေးကြပ်မတ်ခြင်းတို့ဆောင်ရွက်ခဲ့ရာ ဇွန် ၆ ရက်အထိ (ပထမအကြိမ်) ကာကွယ်ဆေးထိုးပြီး ရေလုပ်သားဦးရေ ၈၈၀၈ ဦး၊ (ဒုတိယအကြိမ်) ကာကွယ်ဆေးထိုးပြီး ရေလုပ်သားဦးရေ ၅၇၁၉ ဦး၊ (တတိယအကြိမ်) Booster ကာကွယ်ဆေးထိုးပြီး ရေလုပ်သားဦးရေ ၂၃၉ ဦး ထိုးနှံပြီးဖြစ်၍ ရာနှုန်းပြည့်ထိုးနှံနိုင်ရေးနှင့် အကြိမ်ပြည့် ထိုးနှံနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

✻ ဆိပ်ကြီးခနောင်တိုမှ

တွံတေးတူးမြောင်းကို ဖြတ်သန်း၍ ဆိပ်ကြီးခနောင်တိုမြို့နယ်နှင့် ဒလမြို့နယ်တို့ကို ဆက်သွယ်တည်ဆောက်နေသည့် ဆိပ်ကြီးခနောင်တိုတံတားအား ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် အကုန်အကျခံ ဆောင်ရွက်နေခြင်းဖြစ်သည်။

ယခုအခါ ဒလမြို့နယ်ဘက်ခြမ်းရှိ ဘိုးပိုင်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားပြီဖြစ်သောကြောင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေကျပ်သန်းပေါင်း ၂၀၀၀ ဖြင့် ဆိပ်ကြီးခနောင်တိုမြို့နယ် ဘက်ခြမ်းရှိဘိုးပိုင်တူးဖော်ခြင်းလုပ်ငန်းများနှင့် ဒလမြို့နယ်ဘက်ခြမ်းရှိ Pier(တိုင်) လုပ်ငန်းများအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကာ တံတားတစ်စင်းလုံးတည်ဆောက်မှု၏ ၁၈ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း တံတားတည်ဆောက်ရေးစီမံကိန်း တာဝန်ခံ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇင်ထွေးက ပြောကြားသည်။

ဆိပ်ကြီးခနောင်တိုတံတား၏ အရှည်မှာ မီတာ ၇၄၀ ရှိမည်ဖြစ်ပြီး နှစ်လမ်းသွားသံမဏိ သံပေါင်ခုံးတံတားဖြစ်ကာ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ နှင့် လူသွားလမ်းအကျယ် တစ်ဖက်လျှင် ၁ ပေ ၆ လက်မ စီပါဝင်မည်ဖြစ်၍ ရေလမ်းကင်းလွတ်အမြင့် ၄၉ ပေ (၁၅) မီတာနှင့် အကျယ် ၄၅၉ ပေ(၁၄၀)မီတာစီရှိကာ တံတားခံနိုင်ဝန်(ခွင့်ပြုယာဉ်အလေးချိန်)မှာ ယာဉ်တစ်စီးချင်း ၇၅ တန် ဖြစ်ကြောင်း သိရသည်။ ပင်မတံတားခန်းဖွင့်အနေဖြင့် ခန်းဖွင့်အကျယ် မီတာ ၁၆၀ ရှိသည့် သံမဏိသံပေါင် ခုံးတံတား တစ်ခန်းနှင့် ခန်းဖွင့်အကျယ် ၄၅ မီတာစီရှိသည့် Steel Box Girder နှစ်ခန်း၊ ဆိပ်ကြီးခနောင်တိုဘက်ကမ်း၌ ချဉ်းကပ်တံတားခန်းဖွင့် အကျယ် ၃၀ မီတာရှစ်ခန်းနှင့် ခန်းဖွင့်အကျယ် ၂၀ မီတာတစ်ခန်း၊ ဒလဘက်ကမ်း၌ ချဉ်းကပ်တံတားခန်းဖွင့် အကျယ် ၃၀ မီတာ ခုနစ်ခန်းနှင့် အကျယ် ၂၀ မီတာ တစ်ခန်းစီတို့ဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည်။ တံတားအောက်ခံအုတ်မြစ်များအား သံကူကွန်ကရစ်ဘိုးပိုင်များဖြင့် တည်ဆောက်ထားကာ အပေါ်ထည်ပင်မတံတားမှာ သံမဏိသံပေါင်ခုံးတံတားနှင့် Steel Box Girder ဖြစ်၍ ချဉ်းကပ်တံတားများအား PC Girder များဖြင့် တည်ဆောက်မည်ဖြစ်ကြောင်းလည်း သိရသည်။ တံတားတည်ဆောက်ရေးစီမံကိန်းအတွက် ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၈ ရက်က လုပ်ငန်းများစတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လာမည့် ၂၀၂၅ ပြည့်နှစ် မတ်လကုန်ပိုင်း၌ တည်ဆောက်ပြီးစီးရန် လျာထားကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

သတင်း - ပွင့်သစ္စာ

ဓာတ်ပုံ - စိုးမြင့်အောင်

# ၂၀၂၂ ခုနှစ် ဇွန်လထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် ထွက်ရှိ

နေပြည်တော် ဇွန် ၁၀

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော်၌ စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစ၍ သုတပဒေသာနှင့် လူငယ်ရေးရာ စာစောင်ဟု အမည်ပြောင်းလဲကာ မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများ ပြုလုပ်ပြီး ဆယ်ကျော်သက်လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိပါသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာ ခေတ်မီအကြောင်းအရာများနှင့် ယခုလအတွက် အထူးပြုရေးသားသည့် “အကြမ်းဖက်မှုများ ပပျောက်ဖို့ အလေးပေး ဆောင်ရွက်ကြပါစို့” မျက်နှာဖုံး ဆောင်းပါးကြီးများ ပါဝင်သော သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် (ဇွန်လ) ကို ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

၂၀၂၂ ခုနှစ် ဇွန်လထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်တွင် ဆန်းသစ်အောင် (မဟာဝိဇ္ဇာ-အင်္ဂလိပ်ဘာသာစကား)၊ သန့်လွင်ထွန်း (MPA) တို့၏ “အကြမ်းဖက်မှုများ ပပျောက်ဖို့ အလေးပေး ဆောင်ရွက်ကြပါစို့” မျက်နှာဖုံးဆောင်းပါးများ၊ နေညိုယဉ်၊ ကောင်းသန့်၊ မောင်ဒီပ(ပညာရေး)၊ ပါမောက္ခကိုကိုအောင်၊ K. M. A၊ ထက်ဝေအောင်(စစ်ကိုင်း)၊ စံမြတ်ဘုန်း(စစ်ကိုင်း)၊ တွဲဖက်ပါမောက္ခ ဦးလွင်မြင့်၊ ညီမော်သိမ်း၊ စိန်ဝင်းမော်တို့၏ လူငယ်ရေးရာဆောင်းပါးများ၊ မောင်ပေါ်ထွန်း၏ အတွေးအခေါ်နှင့် တက်ကျမ်းဆိုင်ရာဆောင်းပါး၊ လှဲ့လှဲ့ဝင်း(သတ္တဗေဒ)၊ မြသိန်း၊ ကိုဇော်ဌေး(ယဉ်ကျေးမှု) တို့၏ သဘာဝ ပတ်ဝန်းကျင်ရှုထောင့်ဆိုင်ရာ ဆောင်းပါးများ၊ သန်းစော(စီပီအေ)၊ အေးထွန်းမင်းတို့၏ နိုင်ငံတကာဆိုင်ရာ ဆောင်းပါးများ၊ ဦးစိုင်းကျော်သူ၏ ရွှေးကောက်ပွဲဆိုင်ရာ ဆောင်းပါး၊ ဒေါက်တာမြင့်သန်း၊ ဒေါက်တာမြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး)၊ ဦးလွင်အောင် (မဟာဝိဇ္ဇာ)တို့၏ ကျန်းမာရေးနှင့် မသန်စွမ်းသူများဆိုင်ရာ ဆောင်းပါးများ၊ စောနိုင်(အသုံးချဘောဂဗေဒ)၊ မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်) တို့၏ စီးပွားရေးဆိုင်ရာဆောင်းပါးများ၊ ဦးဘသန်း (မဟာဝိဇ္ဇာ)၊ ခြယ်မှုန်းသီ၊ စိုးစိုး (ပန်းတောင်း)၊ မြတ်လေးမြင့်၊ ကျော်ဝင်းဟိန်း(ပခုက္ကူ)၊ မော်(သန်လျင်) တို့၏ ကဗျာ၊ ဟာသ၊ ဖြစ်ရပ်မှန်၊ ဝတ္ထုတိုနှင့် အထွေထွေ ကဏ္ဍများကို ရောင်စုံ ဖြူ/မည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

အဆိုပါ သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ကို တစ်အုပ်လျှင် ၂၅၀၀ ကျပ်နှုန်းဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်၊ ဖုန်း ၀၆၇၃၄၁၄၆၈၁၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ ၈၆ လမ်း၊ ၃၁ လမ်းနှင့် ၃၂ လမ်းကြား၊ မန္တလေး၊ ဖုန်း ၀၂- ၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိစာပေဗိမာန် ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း- ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈ သို့ ဆက်သွယ် မှာယူနိုင်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# သာပေါင်းမြို့၌ ငါးသယံဇာတထိန်းသိမ်းရေး မြေစိုက်ပိုစတာစိုက်ထူခြင်းနှင့် အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ

သာပေါင်း ဇွန် ၁၀

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနသည် သဘာဝ ရေသယံဇာတအရင်းအမြစ်များ ပျက်စီးဆုံးရှုံးမှုမှ ကာကွယ်ရန် ငါးသယံဇာတ ထိန်းသိမ်းရေး၊ ငါးမျိုးပြုန်းတီးမှုထိန်းသိမ်း ကာကွယ်ရေး၊ ပြည်သူများ ငါးရိက္ခာဖူလုံစေရေးနှင့် စဉ်ဆက်မပြတ် ငါးထုတ်လုပ်နိုင်ရေး ရည်ရွယ်၍ ငါးသယံဇာတထိန်းသိမ်းရေး အသိပညာပေး မြေစိုက်ပိုစတာ စိုက်ထူခြင်းနှင့် ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို ယမန်နေ့နံနက် ၈ နာရီက သာပေါင်းမြို့ ကမ်းနားလမ်း မြို့မပန်းခြံတွင် ပြုလုပ်သည်။

အဆိုပါ မြေစိုက်ပိုစတာစိုက်ထူခြင်း လုပ်ငန်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းဇေယျာထိုက်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမျိုးသိမ်းနှင့် ဝန်ထမ်းများက ငါးရစ်ငါးသန် ထိန်းသိမ်းရေး မြေစိုက်ပိုစတာအား စုပေါင်းစိုက်ထူပြီး ကမ်းနားလမ်းနှင့် သာပေါင်းမြို့မဈေးအတွင်း ငါးရစ်ငါးသန်ထိန်းသိမ်းရေး ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



✰ ကျောဖုံးမှ

၃၃ မိနစ်မှာ ကန်ဆယ်လိုနဲ့ ၃၈ မိနစ်မှာ ဂွန်ကာလိုဂွီဒက်တို့က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ ပေါ်တူဂီအသင်းဟာ နေးရှင်းလိဂ်ရဲ့ အုပ်စု(A2)မှာ စပိန်အသင်းနဲ့အတူ တစ်အုပ်စုတည်းကျရောက်နေပြီး အခုပြိုင်ပွဲသမိုင်းတစ်လျှောက်မှာ တစ်ပွဲသာရှုံးပွဲကြုံသေးကာ အုပ်စုအဆင့်မှာ ရမှတ်ခုနစ်မှတ်နဲ့ ထိပ်ဆုံးမှာဦးဆောင်နေတာဖြစ်ပါတယ်။

စပိန်အသင်းကတော့ ဆွစ်ဇာလန်အသင်းနဲ့ပွဲစဉ်မှာ ပွဲကစားချိန် ၁၃ မိနစ်မှာသွင်းယူခဲ့တဲ့ ဆာရာဘီယာရဲ့ တစ်လုံးတည်းသောသွင်းဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ ဆာရာဘီယာဟာ ၂၀၂၁ ခုနှစ် ဇွန်လနောက်ပိုင်း စပိန်အသင်းအတွက် သွင်းဂိုးခုနစ်ဂိုးနဲ့ ဂိုးဖန်တီးမှုနှစ်ကြိမ်ပြုလုပ်ထားနိုင်ခဲ့တာဖြစ်ပါတယ်။ စပိန်အသင်းဟာ ဆွစ်ဇာလန်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် အုပ်စုအဆင့် သုံးပွဲကစားပြီးချိန်မှာ ငါးမှတ်ရရှိကာ ပေါ်တူဂီအသင်းရဲ့အောက် အုပ်စုအဆင့် ဒုတိယနေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

ငွေကြယ်


## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂၊ မြေကွက်အမှတ်-၂၀၉/ခ၊ အကျယ်ပေ(၂၀x၆၀)၊ မြေအမျိုးအစား-ပါမစ်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ်-၂၀၉/ခ၊ ဗိုလ်တာယာလမ်း၊ ၁၂-ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သော မြေကွက်အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့မြေစာရင်းတွင် ဒေါ်နှင်းစိန် (TTG-၀၀၃၈၀၀) အမည်ဖြင့် ချထားပေးခြင်းခံရပြီး ၎င်းထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်နှင့် (၁၇-၃-၂၀၂၂) ရက်စွဲပါ အိမ်ခြံမြေ နှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်အရ ဦးဗညား[၁၂/ဒပန(နိုင်)၀၆၆၅၅၅] က ဝယ်ယူပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံ ပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကောင်းမြတ်ဇော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၇၉၂)**
**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၄၊ မြေကွက်အမှတ်-၆၉၆/က၊ဧရိယာ(၀.၀၂၉)ဧက၊ မြေအမျိုးအစား- နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ်-၆၉၆/က၊ ဇွဲကပင်လမ်း၊ ၅၄-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သောမြေနှင့်အိမ်အကျိုးခံစားခွင့် အရပ်ရပ်တို့သည် မြို့မြေစာရင်းတွင် ဦးသိန်းလွင်[၁၂/တမန(နိုင်)၀၅၀၄၈၅] အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ် အဆက်ဆက်နှင့် (၁၆-၆-၂၀၀၅) ရက်စွဲပါ အိမ်ခြံမြေနှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်အရ ဦးအောင်ကြွင် [၁၂/မရက(နိုင်)၁၀၀၃၅၂] က ဝယ်ယူခဲ့ပြီး ၎င်းကွယ်လွန်သဖြင့် တရားဝင်ဆက်ခံသူ ဇနီးဒေါ်အေးရွှေ[၁၂/မရက(နိုင်)၀၉၅၄၀၀]မှ ဆက်ခံပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကောင်းမြတ်ဇော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၇၉၂)**
**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ဖခင်အမည်မှန်

အုတ်တွင်းမြို့နယ်၊ ဇီးဖြူသောင်အုပ်စု၊ အ.လ.က(ခွဲ)ပဲကြီးခုံကျောင်း (Grade-8)မှ မောင်နေမျိုးခန့်နှင့် (Grade-4)မှ မဇင်မီမီအောင်တို့၏ ဖခင်အမည်မှန်မှာ ဦးဖိုးသေး[၇/အတန (နိုင်) ၀၉၅၈၂၇] ဖြစ်ပါကြောင်း။

**ဦးဖိုးသေး**

## “ကန့်ကွက်နိုင်ပါသည်”

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၃)ရပ်ကွက်၊ သံသုမာလမ်းမပေါ်၊ ချယ်ရီဥယျာဉ်အိမ်ရာ အတွင်းရှိ ချယ်ရီကွန်ဒို (၂) ဟုခေါ်တွင်သော ဓါတ်လှေကားပါ (၄)ခန်းတွဲ ( ၆ ) တိုက်၏ မြေညီထပ်၊ တိုက်ကိုမျက်နှာမူသော် ဘယ်ဘက်၊ အခန်းအမှတ်(1/B)၊ အကျယ်အဝန်းဧရိယာ (၁၃၀၀) စတုရန်းပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏လူနေထိုင်အသုံးပြုခွင့်အပါအဝင် တွဲဆက်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးသိန်းသန်းဌေး (၁၂/ဗဟန(နိုင်)၀၉၆၁၈၄) မှ (Sakura Trade Centre Co., Ltd ၏ ကိုယ်စား )လက်ရှိ တရားဝင် ပိုင်ဆိုင်ထားပြီး ရောင်းချရန်စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှအပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းချသည့်တန်ဖိုးငွေအနက်မှ စရံငွေတစိတ်တဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တရားဝင် ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်စန္ဒာ - အထက်တန်းရှေ့နေ (စဉ်- ၂၅၄၅၁)

LL.B, D.B.L, Dip in Eng, D.B.A,WIPO (Switzerland)

**အမှတ် (၁၀၅၊ပထမထပ်)၊ အနော်ရထာလမ်းမ၊ လမ်း (၅၀ နှင့် ၅၁)ကြား၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉ ၄၂၀ ၇၀ ၈၆၉၅၊၀၉ ၉၇ ၉၂၄ ၉၂၁၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာဇံမြို့နယ်၊ အိုးဘိုရွှေကျင်ရပ်၊ မန္တလေး-မိုးကုတ်-မတ္တရာလမ်းမကြီး၊ အမှတ်-(၄၁၆/ဂ)၊ (၂၅/၄)၊ အကျယ်အဝန်း(အလျား ၉၀ ပေx အနံ ၁၂၅ ပေ)ရှိ ဂရန်လျှောက်ထားဆဲမြေကွက်ကြီးနှင့် မြေပေါ်ရှိ နေအိမ်များအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အား လက်ရှိထားပိုင်ဆိုင်ပြီးရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ခင်ခင်ဦး[၁၂/တမန(နိုင်)၀၀၀၀၂၃]ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်သဘောတူခဲ့ပြီး ရောင်းကြေးတန်ဖိုးငွေ တစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသည့် စာရွက်စာတမ်း အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်နိုင်ငြိမ်းဆွေ (LL.B)** | **ဒေါ်မေဝင်းမော်(LL.B)** |
| **(စဉ်-၁၁၄၄၅/၂၀၁၆)** | **(စဉ်-၁၃၇၂၈/၂၀၁၇)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-၄၀၅၊ (၆)လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၀၂၉၃၇၃၊ ၀၉-၈၈၂၂၂၀၈၅၊ ၀၉-၄၄၈၀၂၀၀၄၃**

## ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်လေး(ကန်/ရှေ့) ရပ်ကွက်၊ ၉၂ လမ်း၊ အမှတ်(၁၀၈) ပေါ်ရှိ တိုက်ခန်းအမှတ်-၄ လွှာ(ယာ)တိုက်ခန်းနှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်-၇၉၇၊ MAC Tower-2၊ အခန်းအမှတ်(၆၀၃)နေ ဒေါ်ခင်သော်တာထွန်း [၁၂/မဂတ(နိုင်)၀၈၂၈၂၄] ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ခင်သော်တာထွန်းနှင့် မောင်ဖြစ်သူ ဦးဝင်းလွင်ထွန်း [၁၂/မဂတ(ဧည့်)၀၀၀၂၇၈] တို့သည် ဦးသန်းထွန်း+ဒေါ်နုနုလွင်တို့မှ မွေးဖွားသော မောင်နှမ(၂) ဦးဖြစ်ပြီး ဖခင်ဦးသန်းထွန်းသည် (၂၂-၄-၂၀၂၁) ရက်တွင်လည်းကောင်း၊ မိခင် ဒေါ်နုနုလွင်သည် (၂၇-၇-၂၀၂၁) ရက်တွင် လည်းကောင်း၊ အသီးသီးကွယ်လွန်ခဲ့ပြီးဖြစ်ပါသည်။ မိခင်ဖခင်တို့ကွယ်လွန်ချိန်တွင် အထက်ဖော်ပြပါတိုက်ခန်း ကျန်ရစ်ခဲ့ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်သော်တာထွန်းမိသားစုသည် ဗုဒ္ဓဘာသာကိုးကွယ်သောမိသားစုဖြစ်သဖြင့် မိဘများကွယ်လွန်သောအခါ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်သော်တာထွန်းနှင့် ဦးဝင်းလွင်ထွန်းတို့သည် အမွေဆက်ခံသူများဖြစ်လာကြပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေသိရှိခြင်းမရှိဘဲ အထက်ဖော်ပြပါ တိုက်ခန်းအား ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ရန်နှင့် ကျွန်ုပ်မိတ်ဆွေ ဒေါ်ခင်သော်တာထွန်းမှ သိရှိသဘောတူညီခြင်းမရှိသည့် ပြုလုပ်မှုမှန်သမျှအဝဝသည် ကျွန်ုပ်မိတ်ဆွေနှင့် သက်ဆိုင်ခြင်းမရှိသောကြောင့် တာဝန်ယူဖြေရှင်းခြင်းများ ပြုလုပ်ပေးမည်မဟုတ်ပါကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေမှ သိရှိသဘောတူခြင်းမရှိသည့်ကိစ္စရပ်များ ပေါ်ပေါက်လာပါကလည်း ပြုလုပ်သူနှင့် လက်ခံသူများအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲ ဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်မေသိမ်း(ခ)မြတ်စုရည် [LL.B,M.A (Business Law)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၀၃၉/၂၀၁၇)**
**အမှတ်(၂/၄၆) မဟာဗောဓိလမ်း၊ (၁၄) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၈၆၁၀၇**

## သင့်သွေးဖြင့် အသက်ကယ်ပါ

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရှိမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၂၆၁ ဆူ | ၄၅၉ ဆူ |
| ၂။ | သာသနဓဇဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၄၈ ခန်း | ၄၀၇ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၀ တိုင် | ၂၀ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၁၂ တိုင် | ၆၈ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၉၇ ခု | ၅၅၅ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၃၃ ကျင်း | ၂၀၈၆. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၆ ကျင်း | ၂၀၂. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၄ ကျင်း | ၅၈၉၆. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၀၅ ကျင်း | ၁၆၃၁. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၃၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**- ဒီမိုကရေစီတွင် တူညီသည့်အခွင့်အရေးများ ပေးရမည်ဖြစ်သကဲ့သို့ ဖက်ဒရယ်စနစ်တွင်လည်း တူညီသည့်အခွင့်အရေးများ ပေးရမည်ဖြစ်၊ ငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆက်လက်ဆွေးနွေးသွားမည်။**

**- တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့်တွေ့ဆုံဆွေးနွေးရာတွင် အဆင်ပြေမှုများရှိခဲ့ပြီး ကောင်းမွန်သည့် တွေ့ဆုံဆွေးနွေးမှုများကို ပြုလုပ်၍ နိုင်ငံငြိမ်းချမ်းရေးရရှိအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်။**

**- အချို့သော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များမှာ အကြောင်းအမျိုးမျိုးဖြင့် တွေ့ဆုံဆွေးနွေးမှု မပြုနိုင်ကြ၊ မိမိတို့သည် နိုင်ငံရေးရည်မှန်းချက် နှစ်ရပ်အတိုင်း ခိုင်မြဲစွာ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ဆွေးနွေးရန်ကျန်ရှိသည့် အဖွဲ့များအနေဖြင့် မိမိကမ်းလှမ်းထားသည့်အတိုင်း ထပ်မံဖိတ်ခေါ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံအမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)



ဆိပ်ကြီးခနောင်တို တံတားတည်ဆောက်ရေးစီမံကိန်းရှိ ဒလမြို့နယ်ဘက်ခြမ်း ဘိုးပိုင်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေမှုကို တွေ့ရစဉ်။

## ဆိပ်ကြီးခနောင်တို တံတားတည်ဆောက်ရေးစီမံကိန်းရှိ ဒလမြို့နယ်ဘက်ခြမ်း ဘိုးပိုင်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီး

ရန်ကုန် ဇွန် ၁၀

ရန်ကုန်တောင်ပိုင်းခရိုင်၌ ဆိပ်ကြီးခနောင်တို တံတားတည်ဆောက်ရေးစီမံကိန်းအား ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနက ဆောင်ရွက်လျက်ရှိရာ ယခုအခါ ဒလမြို့နယ်ဘက်ခြမ်းရှိ ဘိုးပိုင်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၂၁ ကော်လံ ၁ သို့ ✻

## အာဆီယံ ယူ-၁၈ အမျိုးသမီးပြိုင်ပွဲတွင် မြန်မာအသင်း အုပ်စု(ခ)၌ ကျရောက်

ရန်ကုန် ဇွန် ၁၀

အာဆီယံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၂၂ အာဆီယံ ယူ-၁၈ အမျိုးသမီးပြိုင်ပွဲ အုပ်စုမဲခွဲပွဲကို ဇွန် ၉ ရက်က ပြုလုပ်ခဲ့ရာ မြန်မာအသင်းအုပ်စု(ခ)၌ ကျရောက်ခဲ့သည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယင်းပြိုင်ပွဲကို ၂၀၁၄ ခုနှစ်က အာဆီယံ ယူ-၁၉ အမျိုးသမီးပြိုင်ပွဲအဖြစ် တစ်ကြိမ်သာ ကျင်းပခဲ့ဖူးပြီး ရှစ်နှစ်အကြာတွင် ဒုတိယအကြိမ် ပြန်လည်ကျင်းပခြင်းဖြစ်သည်။ ယခုနှစ် ပြန်လည်ကျင်းပမည့် ပြိုင်ပွဲကို အာဆီယံ ယူ-၁၈ ပြိုင်ပွဲအဖြစ် ကျင်းပမည်ဖြစ်ပြီး အသင်းစုစုပေါင်းကိုးသင်း ယှဉ်ပြိုင်မည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု(က)တွင် ဗီယက်နမ်၊ ထိုင်း၊ ကမ္ဘောဒီးယား၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ အုပ်စု(ခ)တွင် သြစတြေးလျ၊ မြန်မာ၊ မလေးရှားနှင့် ဖိလစ်ပိုင်အသင်းတို့ ပါဝင်နေသည်။

ယင်းပြိုင်ပွဲကို ဇူလိုင် ၂၂ ရက်မှ သြဂုတ် ၄ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။ မြန်မာ ယူ-၁၈ အမျိုးသမီးအသင်းသည် ယင်းပြိုင်ပွဲအတွက် စခန်းဝင်လေ့ကျင့်မှုများ ပြုလုပ်နေပြီဖြစ်ပြီး နည်းပြချုပ်အဖြစ် ဒေါ်သက်သက်ဝင်းက ကိုင်တွယ်လျက်ရှိသည်။ **ကိုညီလေး**



## ပေါ်တူဂီအသင်းနှင့်စပိန်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့

ယူအီးအက်ဖ်အေနေရှင်းလိဂ် အုပ်စုအဆင့်ပွဲစဉ်တွေကို ဇွန် ၉ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ပေါ်တူဂီအသင်းနဲ့ စပိန်အသင်းတို့ဟာ ပြိုင်ဘက်အသင်း အသီးသီးကို အနိုင်ရရှိခဲ့ပါတယ်။

ပေါ်တူဂီအသင်းဟာ ချက်အသင်းကို နှစ်ဂိုးပြတ်နဲ့အနိုင်ရရှိခဲ့တာဖြစ်ပြီး ပေါ်တူဂီအသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်းပွဲကစားချိန်

စာမျက်နှာ ၂၁ ကော်လံ ၃ သို့ ☆


ယနေ့ ဖတ်စရာ

**ငါးဖမ်းစက်လှေများတွင် VMS နှင့် TED ကိရိယာ တပ်ဆင်ထားမှု ရှိ၊ မရှိ စိစစ်ကြပ်မတ်လျက်ရှိ**

စာမျက်နှာ » ၈

**ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၂ ဦး တွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၂၀ ရာခိုင်နှုန်းရှိ**

စာမျက်နှာ » ၁၂

**စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၌ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြားကာ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ PDF အမည်ခံအကြမ်းဖက်သမားများက ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီး**

စာမျက်နှာ » ၁၅